မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် | ၂၀၁၆ ခုနှစ်၊ သြဂုတ် ၁၉ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၃၁၉)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ် (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းက ဂုဏ်ပြုကြိုဆို

**ပေကျင်း သြဂုတ် ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းက ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုမည့်နေရာသို့ ရောက်ရှိလာရာ တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် မြန်မာ - တရုတ် နှစ်နိုင်ငံ ဆွေးနွေးပွဲကိုကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းနှင့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

## ပင်လယ်ကမ်းစပ် အနားကွပ်ပေးကြပါ

ဆောင်းပါး၊ စာ - ၆

## ရွေးကောက်ပွဲစစ်တမ်းများအရ ဟီလာရီကလင်တန်က ဦးဆောင်နေ

စာ - ၁၀

OK$
INTERNET WALLET
DENKO
ဆီဆိုင်များတွင် ဆီဖြည့်ပြီး
OK$ ဖြင့်ငွေပေးချေလိုက်ပါ။


ဆီဆိုင်တွင် OK$ အတွက် ဝန်ဆောင်မှုများ ရယူနိုင်ပါသည်။ 09-450144455, 09-30000066, 01-377888

မြန်မာ့အလင်း

# မိတ်ဖက်နိုင်ငံ၊ မိတ်ဖက်မူဝါဒ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ၏အာဘော်ဖြစ်သော **Global Times** သတင်းစာက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများအား သူ့နိုင်ငံဖြင့်သာ သီးခြားအထူးဆက်ဆံရေး ထူထောင်ရန် တောင်းဆိုမည်မဟုတ်ကြောင်းကို ထပ်မံအတည်ပြုဖော်ပြခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း ကမ္ဘာ့အင်အားကြီးနိုင်ငံအားလုံးနှင့် ဟန်ချက်ညီဆက်ဆံရေးတစ်ရပ် ထူထောင်ရန်လိုအပ်သည်ကိုလည်း **Global Times** သတင်းစာက အသိအမှတ်ပြုဖော်ပြထားပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ကာလဝန်းကျင်၌ ဖော်ပြခဲ့သော **Global Times** သတင်းစာ၏ ရေးသားချက်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအားလုံးနှင့် အိမ်နီးချင်းကောင်းမူဝါဒကျင့်သုံးမည်ကို ထပ်မံအလေးအနက်ဖော်ပြခြင်းဟုခံယူပါသည်။

**Global Times** သတင်းစာက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို နယ်လ်ဆင်မင်ဒဲလားကဲ့သို့သော တိုင်းပြုပြည်ပြုနိုင်ငံ့ခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်ပြုချီးကျူးဂုဏ်ပြုထားပါသည်။ **Global Times** သတင်းစာက ဤချီးကျူးဂုဏ်ပြုမှုနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်က တပ်မတော်နှင့် ချစ်ကြည်သောရင်းနှီးမှု ထားရှိနိုင်သည်ကိုဖော်ပြထားပါသည်။ (၂၁)ရာစု ပင်လုံညီလာခံ၌ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဦးလည်မသုန်မဆုတ်မနစ် ဆောင်ရွက်နေသည်ကို ညွှန်းဆိုထားပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကိုပါ ဟန်ချက်ညီညီ အာရုံစိုက်ဆောင်ရွက်နေသည်ကို မီးမောင်းထိုးတင်ပြထားပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သကဲ့သို့ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သော ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားရေးမူဝါဒချမှတ်ရာ၌ အယူဝါဒအတွေးအခေါ်ထက် အမျိုးသားအကျိုးစီးပွားကို အလေးပေးဆောင်ရွက်နေသည်ဟု **Global Times** သတင်းစာက မှတ်ချက်ပြုထားပါသည်။

**Global Times** သတင်းစာက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ စက်မှုနှင့်စီးပွားရေးဆိုင်ရာမူဝါဒချမှတ်ရာ၌ စွမ်းအင်နှင့်ဓာတ်သတ္တုကဏ္ဍတို့ကို ဦးစီးပေးရာမှ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူအင်အားကျယ်ကျယ်ပြန့်ပြန့်အသုံးချရသော လယ်ယာစိုက်ပျိုးရေးကဏ္ဍများသို့ ဦးစားပေးမှုပြောင်းလဲရန် အဆိုပြုဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းပုံသဏ္ဌာန်ဆောင်ရွက်နေသော ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများမှ ဒေသခံဝန်ထမ်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံက လေ့ကျင့်သင်ကြားပေးခြင်းများသည်လည်း မဟာဗျူဟာအပြောင်းအလဲတစ်ရပ်ဖြစ်နိုင်သည်ဟု **Global Times** က အကြံပြုထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်မြန်မာနိုင်ငံကြား မည်ကဲ့သို့သောလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မည်ကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ဆုံးဖြတ်ရမည်ဖြစ်သော်လည်း **Global Times** က မြန်မာနိုင်ငံ၏ လိုအပ်ချက်ကူညီဖြည့်ဆည်းပေးရေးအပေါ် မူတည်၍ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာချမှတ်ရန် အကြံပြုထားခြင်းကို ကြိုဆိုပါသည်။ ထို့အပြင် **Global Times** က မြန်မာနိုင်ငံ၏ အရေးပါသော မိတ်ဖက်နိုင်ငံတို့မည်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကူညီအားပေးရမည်၊ ရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်ရမည်၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းတို့ကို ကူညီလက်တွဲဖန်တီးရမည်ဟူသော ရှုမြင်သုံးသပ်ချက်တို့သည် အိမ်နီးချင်းကောင်းပီသသော မူဝါဒများဖြစ်၍ ထပ်မံကြိုဆိုအပ်ပါသည်။ ။



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံအားကြိုဆိုထောက်ခံ

**မတ္တရာ ဩဂုတ် ၁၈**

နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ဩဂုတ် ၃၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံအား ကြိုဆိုထောက်ခံပွဲကို ဩဂုတ် ၁၇ ရက်က မတ္တရာမြို့ ဗိုလ်တေဇပန်းခြံတွင် ကျင်းပခဲ့ သည်။

မတ္တရာမြို့သူ မြို့သားများ ဦးဆောင်၍ ကျင်းပသော (၂၁)ရာစု ပင်လုံအား ကြိုဆိုထောက်ခံပွဲကို ဗိုလ်တေဇပန်းခြံအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှေ့တွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြ သည်။ ကြိုဆိုထောက်ခံပွဲတွင် မူကြိုကျောင်းသား ကျောင်းသူလေးများမှ "စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်"ဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး တက်ရောက်လာသော ညီ့ပရိသတ်များက ( မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ )ဟု သုံးကြိမ်ရွတ်ဆိုကြွေးကြော်ပြီး ငြိမ်းချမ်းရေးပူဖောင်းများကို လွှတ်တင်ခဲ့ကြသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ရေဘေးရှောင်နေအိမ်ပြန်မိသားစုများအတွက် အစားအစာများလှူဒါန်း

**ဟသ္သာတ ဩဂုတ် ၁၈**

ယာယီတည်းခိုရာ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သည့်ပြည်သူများအား ရေများပြန်လည်ကျဆင်းသွားပြီးနောက် မိမိတို့နေထိုင်ရာနေအိမ်များသို့ ပြန်လည်ရောက်ရှိချိန်တွင် မိသားစုများ စားဝတ်နေရေးအတွက် ယာယီအဆင်ပြေစေရန်ရည်ရွယ်၍ ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းက ဟသ္သာတခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်မိသားစုများက လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါရေဘေးရှောင် မိသားစုဝင်များအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းလှိုင်နှင့်ဇနီး ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင် မိသားစုများက ဟသ္သာတမြို့နယ် စစ်ကုန်းတိုက်နယ်အတွင်းရှိ ရေဘိုစုကျေးရွာနှင့် ရေလဲကျေးရွာများမှ အိမ်ထောင်စု ၆၅ စု လူဦးရေ ၂၄၉ဦးတို့အတွက် မိမိတို့နေထိုင်ရာအိမ်သို့ ပြန်လည်ရောက်ရှိချိန်တွင် စားဝတ်နေရေးအတွက်



ယာယီအဆင်ပြေချောမွေ့စေရန် ဆန်နှင့်ဆီများ၊ သောက်ရေသန့်များ၊ ခေါက်ဆွဲထုပ်များနှင့် အိမ်ထောင်သုံးပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးတွင် ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေး တင်ဒါခေါ်ယူခြင်းအတွက် အကြိုရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

ရန်ကုန်မြို့၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မဖြစ်စေရေးအတွက် သန်လျင်-သာကေတ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း၊ အလုံ-လှိုင်သာယာ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း အနီး တစ်နေရာ၌ မဂ္ဂါဝပ် ၃၀၀ လျှပ်စစ်ဓာတ်အားစက်ရုံကို ၂၀၁၇ ခုနှစ် နွေရာသီတွင် တည်ဆောက်ရေးအတွက် တင်ဒါအမှတ် EPGE-G(01) ခေါ်ယူခြင်းနှင့် ပတ်သက်၍ အကြိုရှင်းလင်းပွဲကို နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အသစ်တည်ဆောက်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ မီးထိုးဆီနှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးစလုံး အသုံးပြုမောင်းနှင်နိုင်သော စက်အသစ်များကို တင်ဒါခေါ်ယူခြင်းဖြစ်ပြီး စက်အသစ်တပ်ဆင်ခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းပါးစေရန်နှင့် စဉ်ဆက်မပြတ်ဓာတ်အားပေးနိုင်ရန်ဖြစ်ကြောင်း၊ တင်ဒါစတင်ရောင်းချရက်မှာ ယခုနှစ် ဇူလိုင် ၄ ရက်မှ ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီအထိ သတ်မှတ်ထားပြီး ဩဂုတ် ၁၆ အထိ တင်ဒါ ၈၃ စောင် ရောင်းချထားပြီးဖြစ်ရာ ယခုပြုလုပ်သည့် ရှင်းလင်းပွဲသို့ ကုမ္ပဏီ ၂၃ ခုမှ ကိုယ်စားလှယ် ၄၂ ဦး တက်ရောက်ခဲ့ကာ အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လာမည့်နွေရာသီမတိုင်မီ ၂၀၁၇ ခုနှစ် မတ် ၂၅ ရက်တွင် စီးပွားဖြစ်စတင်လည်ပတ်ရန် လျာထားကြောင်း သိရသည်။

အခမ်းအနားတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တင်ဒါနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားကာ တက်ရောက်လာသော ကုမ္ပဏီကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၈-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၅၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၉.၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၆၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကိုအခြေခံ၍ နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်

❇ *ရှေ့ဖုံးမှ*

နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို အိန္ဒိယနိုင်ငံနှင့်အတူ ကနဦး စတင်ကျင့်သုံးခဲ့ကြပြီး ယခုအခါ ကမ္ဘာ့နိုင်ငံများအကြား ဆက်ဆံရေးမူကြီးများအဖြစ် ကျင့်သုံးလျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံသည်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို အခြေခံ၍ နှစ်နိုင်ငံ ချစ်ကြည်ရေးတိုးမြှင့်သွားရန်၊ လမ်းပန်းဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် အလားတူ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီသွားရန်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစရှိသော ကဏ္ဍများ ဆောင်ရွက်ရန် အကူအညီအဖြစ် တရုတ်ယွမ် သန်း ၁၀၀၀ အား အကူအညီပေးလိုကြောင်း၊ သဘာဝဘေးဒဏ်ဖြစ်သည့် ရေကြီး၊ ရေလျှံမှုများကာကွယ်ရန် နည်းပညာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့ မြန်မာ - တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ် (သတင်းစဉ်)



**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Gao Hucheng တို့ လက်မှတ်ရေးထိုးကြစဉ်** (သတင်းစဉ်)

**မြန်မာနိုင်ငံတွင် ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစရှိသော ကဏ္ဍများဆောင်ရွက်ရန် အကူအညီအဖြစ် တရုတ်ယွမ် သန်း ၁၀၀၀ အား အကူအညီ ပေးလိုကြောင်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ မြန်မာ-တရုတ် နယ်နိမိတ် ကွင်းဆင်းစစ်ဆေးရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

အကူအညီပေးလိုကြောင်း၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး အထူးမြှင့်တင်သွားလိုကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် ပုံမှန်ဆွေးနွေးပွဲများ ထူထောင်ကာ နှစ်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် အကူအညီပေးရေး၊ အာဆီယံ - တရုတ် ဆက်ဆံရေး (၂၅) နှစ်မြောက် အထိမ်းအမှတ်များ ကျင်းပရေးနှင့် အာဆီယံ-တရုတ် စီးပွားရေး အသိုက်အဝန်းထူထောင်ရေး၊ မဲခေါင် - လန်းချန်း ပူးပေါင်းဆောင်ရွက်မှုများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရေး၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ မြန်မာ-တရုတ်နယ်နိမိတ် ကွင်းဆင်းစစ်ဆေးရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နိုင်ငံရေးပါတီများအကြားနှင့် ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှု တိုးမြှင့်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းအား မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားချက်ကို တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်က ဝမ်းမြောက်စွာ လက်ခံခဲ့သည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ နှစ်နိုင်ငံ သဘောတူစာချုပ်နှင့် စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Gao Hucheng တို့က လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအကူအညီဖြင့် တည်ဆောက်မည့် ကွမ်လုံတံတားသစ်စီမံကိန်းအတွက် ဖြစ်နိုင်စွမ်းလေ့လာမှုဆိုင်ရာ စာချွန်လွှာကို ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Gao Hucheng တို့က လည်းကောင်း လက်မှတ်ရေးထိုးကြသည်။


ယင်းနောက် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**နံနက်စာတည်ခင်းဧည့်ခံ**

ဒေသစံတော်ချိန် နံနက် ၈ နာရီကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိက ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ အလုပ်သဘော နံနက်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်၍ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ အကူအညီဖြင့် တည်ဆောက်မည့် ကွမ်လုံတံတားသစ်စီမံကိန်းအတွက် ဖြစ်နိုင်စွမ်းလေ့လာမှုဆိုင်ရာ စာချွန်လွှာကို ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Gao Hucheng တို့ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ် (သတင်းစဉ်)

# နောင်ရွေးကောက်ပွဲများတွင် ဆက်လက်ကူညီပံ့ပိုးနိုင်ရေးအတွက် MoU စာချုပ်လက်မှတ်ရေးထိုးမည့်အခြေအနေ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာနှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ဧည့်ခန်းမဆောင်၌တွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်သည့် ရွေးကောက်ပွဲဟု နိုင်ငံတကာမှ အသိအမှတ်ပြုခဲ့ပြီး ဥရောပသမဂ္ဂမှလည်း ကူညီပံ့ပိုးပေးခဲ့ပါကြောင်း၊ လစ်လပ်သွားသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အစီရင်ခံစာပါ အကြံပြုချက်များအရ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရေးကို လွှတ်တော်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှုရှိရန်နှင့် ယုံကြည်မှုရှိရန် လိုအပ်ပါကြောင်းတို့ကို ပြောကြားပြီးနောက် နောင်ရွေးကောက်ပွဲများတွင် ဆက်လက်ကူညီပံ့ပိုးနိုင်ရေး အတွက် MoU စာချုပ်လက်မှတ်ရေးထိုးမည့် အခြေအနေ၊ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေနှင့် ဗြိတိန်နိုင်ငံ လူထုဆန္ဒခံယူပွဲသို့ သွားရောက်လေ့လာခဲ့မှုအတွေ့အကြုံများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဩဂုတ် ၁၈**

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော်၊ ကော်မတီရေးရာဆောင် အမှတ်(၂၀) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ အစည်းအဝေးသို့ ကော်မတီ ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီ ဝင်များ၊ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် အစိုးရ၏အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောကြားပြီး ကော်မတီအဖွဲ့ဝင် များက ဒုတိယအကြိမ်၊ အမျိုးသား လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့်မေးခွန်းများကို သက်ဆိုင် ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များ အပေါ် ကော်မတီအတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးပြီး ကော်မတီဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာဆက်ဆံရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Jorg Ho Bom ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-5) ၌ တွေ့ဆုံ သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအချင်းချင်း အပြန်အလှန်ဆက်ဆံရေးတိုးမြှင့်ရန်၊ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေ၊ နိုင်ငံတကာ ဆက်ဆံရေးနှင့်လွှတ်တော်ရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးဘိုဘိုဦး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုင်းဆိုင်မိုင်းနှင့်ဒေါ်နန်းမိုး၊ ပြည်သူ့လွှတ်တော်ရုံး မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ဦးသာအောင်ညွန့် ဩစတြေးလျဘုရင်ခံချုပ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၁၉**

ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်သည် ၎င်း၏ ခန့်အပ်လွှာကို ဩဂုတ် ၁၇ ရက်တွင် ကင်ဘာရာမြို့၌ ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်ကြီး ဆာ ပီတာ ကော့စ်ဂရု အေစီ အမ်စီ (ငြိမ်း)ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် အနွေးထည်နှင့် စားနပ်ရိက္ခာလှူ




**စစ်ကိုင်း ဩဂုတ် ၁၈**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း(BFM)သည် စစ်ကိုင်း တိုင်းဒေသကြီး ခန္တီးခရိုင် လဟယ်မြို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွက် လှူဒါန်းငွေကျပ်သိန်း ၅၀၀ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၁၃၀၀ ကျော် တန်ဖိုးရှိ ကလေး/လူကြီးဝတ် ခေါင်းစွပ် ပါ အနွေးထည် ၃၅၀၀၊ အိမ်ထောင်စု ၂၀၀၀ အတွက် ပစ္စည်းကိုးမျိုးပါ စားနပ် ရိက္ခာထုပ် ၂၀၀၀ နှင့် PEP နို့မှုန့် အထုပ် ၂၀ ပါ ပါကင်ထုပ် ၃၅၀၀ တို့ကို ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်မှုဖြင့် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ကမ္ဘောဇဘဏ်လီမိတက်၊ ဒုတိယ အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင်ထွန်း က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်ထံ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သိရ သည်။

ဖောင်ဒေးရှင်းသည် သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇွန်လမှ စ၍ ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုရှိ အစိုးရအဖွဲ့ဝန်ကြီးချုပ် များထံသို့ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ များ ကိုယ်တိုင်သွားရောက်၍ တိုင်းဒေသ ကြီးနှင့်ပြည်နယ်တစ်ခုလျှင် ငွေကျပ်သိန်း ၁၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ်သိန်း ပေါင်း ၁၂၀၀၀ ကိုလည်းကောင်း၊ ယခုနှစ် ဆောင်းရာသီတွင် လာနီညာ ရာသီဥတု ဖြစ်ပေါ်လာပါက အအေးဒဏ်လွန်ကဲမှု ပိုမိုခံရနိုင်သည့် ဒေသများရှိ စစ်ဘေး ရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူ များအတွက် အအေးဒဏ်ကာကွယ်နိုင်ရန် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုး ရှိ ခေါင်းစွပ်ပါအနွေးထည် တစ်သိန်းလေး သောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဆက်တိုက်ဖြစ်ပေါ်မှုကြောင့် ရေဘေးဒုက္ခ ကြုံတွေ့နေသည့် ဒေသများရှိ ရေဘေး သင့်ပြည်သူများအတွက် ဆန်၊ သောက် သုံးရေသန့်နှင့် ထမင်းဘူးများကို အဆိုပါ ဒေသများရှိ ဒေသခံပြည်သူများနှင့် ကမ္ဘောဇဘဏ်လီမိတက် ဘဏ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်းများ ဖောင်ဒေးရှင်း အဖွဲ့ဝင်များ ပူးပေါင်းပြီး နေ့စဉ် ရေဝင် နစ်မြုပ်နေသည့် ရပ်ကွက်၊ ကျေးရွာများ အထိ သွားရောက်၍ အဆက်မပြတ် ဖြန့်ဝေလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# တွန်းဇံမြို့ သဘာဝဘေးအတွက် အလှမယ် မိုးစက်ဝိုင် အလှူငွေထောက်ပံ့

**ကလေး ဩဂုတ် ၁၈**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့၌ သဘာဝဘေးကြောင့် ပျက်စီးသွားသော မြို့ရေပေးဝေရေးပိုက်လိုင်းများ ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့နှလုံးသား ပရဟိတအသင်းမှတာဝန်ရှိသူ မြန်မာမယ်စကြာဝဠာအလှမယ်မိုးစက်ဝိုင်က အလှူငွေ ကျပ် ၁၄၅ သိန်းကို ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီက ကလေးလေဆိပ် အထူးဧည့်ခန်းမ ဆောင်၌ ထောက်ပံ့ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးပြုံးချိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဂုဏ်ပြုပေးအပ်သည်။

**(အောက်ပုံ) ချင်းတွင်းသား**





# နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် သင်တန်းပို့ချခြင်းကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် Lexis Nexis Asia Pacific မှ တာဝန်ရှိသူ Ms. Veronica Rios အား ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ယနေ့အထိ ခေတ်အဆက်ဆက်ထုတ်ပြန်ခဲ့သော တည်ဆဲဥပဒေများအနက် မြန်မာဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုရန်ကျန်ရှိနေသည့် ဥပဒေများကို ဘာသာပြန်ဆို ဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် Lexis Nexisတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့် ဘာသာပြန်ကော်မရှင်အတွက် အထောက်အကူပြုနိုင်မည့်လုပ်ငန်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဥပဒေဘာသာပြန်ဌာနခွဲမှ အရာရှိများအတွက် ဘာသာပြန်သင်တန်းများ၊ ဥပဒေအရာရှိများ၏ အရည်အချင်း မြှင့်တင်နိုင်ရေးကိုရည်ရွယ်၍ Contract, Arbitration စသည့် ပညာရပ်နယ်ပယ်များအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် သင်တန်းပို့ချခြင်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ မေတ္တာအခါတော်နေ့ အခမ်းအနားများကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၏ ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) ဖြစ်သည်။

ဘုရားရှင်လက်ထက်က ရဟန်းတော်များသည် သစ်ပင်များအောက်၌ ကမ္မဋ္ဌာန်းတရားအားထုတ်ကြစဉ် သစ်ပင်များမှာနေသည့် ဘုမ္မစိုး၊ ရုက္ခစိုးများက မနေသာသဖြင့် ကြောက်မက်ဖွယ် အမျိုးမျိုးဖြင့် ခြောက်လှန့်ကြရာ မြတ်စွာဘုရားရှင်က ရဟန်း ၅၀၀ ကို မေတ္တာသုတ်ကိုသင်ပေးပြီး မေတ္တာကမ္မဋ္ဌာန်းတရား အားထုတ်ရန် ဟောတော်မူခဲ့သည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်နေ့ (မေတ္တာအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍ ဆည့်ခံတန်ဆောင်း၌ ဆွမ်းတော်ကြီး တင်လှူပူဇော်ကြပြီး ရှေးဟောင်းဗုဒ္ဓ ရုပ်ပွားတော်တန်ဆောင်းတွင် မေတ္တာအခါတော်နေ့ကို ကျင်းပကြသည်။

ထို့နောက် ပန်းပေါင်း ၈၄၀၀၀ ဖြင့် ပြုလုပ်ပူဇော်ထားသည့် ပန်းစေတီများဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လက်ယာရစ်တစ်ပတ်လှည့်လည် ပူဇော်ကာ အရှေ့ဘက်အာရုံခံရှိ ကကုသန္ဓဘုရား၊ တောင်ဘက်အာရုံခံရှိ ကောဏာဂမနဘုရား၊ အနောက်ဘက်အာရုံခံရှိ ကဿပဘုရား၊ မြောက်ဘက်အာရုံခံရှိ ဂေါတမဘုရားနှင့် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ဘုရားတို့တွင် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းသား အသင်းသူများက ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ယင်းနောက် ဝါတွင်းသီလခံယူပွဲကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရန်ကင်းမြို့နယ် ပဋ္ဌနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ ဆည့်ပရိသတ်များက တရားတော်များ နာယူဆောက်တည်ကြသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အခမ်းအနားကို နံနက် ၇ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင် အလှည့်ကျ သဘာပတိ ဦးသိန်းဦးက မေတ္တာအခါတော်နေ့ အကြောင်း မင်္ဂလာထောပနာစကား ပြောကြားပြီး မေတ္တာအခါတော်နေ့ သက်လွှတ်ပွဲအဖြစ် ချိုးငှက်များ၊ စာကလေးငှက်များကို ဘေးမဲ့လွှတ်ကြသည်။

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၇ နာရီတွင် မင်းဓမ္မကုန်းတော်ပေါ်ရှိ ဂန္ဓကုဋိတိုက်၌ မေတ္တာသုတ်တော် စုပေါင်းရွတ်ဖတ်ပူဇော်ကြသည်။

အလားတူ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ရဟန်းရှင်လူပြည်သူများသည် မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာတရားများ စီးဖြန်းပွားများကြခြင်း၊ ဥပုသ်သီတင်းဆောက်တည်ကြခြင်း၊ စတုဒိသာ ကျွေးမွေးကြခြင်း စသည့် ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း တွေ့ရသည်။

**သတင်းစဉ်သတင်းအဖွဲ့**

# မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**သတင်း-မြတ်စန္ဒီသင်းဇော်**

**ဓာတ်ပုံ- ဇော်မင်းလတ်၊ ရဲထွဋ်**

**ရန်ကုန် ဩဂုတ် ၁၈**

လာမည့် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ (၅)ကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညီလာခံကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီခွဲက ချက်ထရီယံဟိုတယ်၌ ပြန်ကြားရေးဝန်ကြီးဌာန၊ ယူနက်စကိုနှင့် ပြည်တွင်းရှိ ပုဂ္ဂလိက မီဒီယာအဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (Media Development Thematic Working Group Meeting -MDTWG)မှ သိရသည်။ **(ယာပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ယူနက်စကို၏ Head of Office ဖြစ်သူ Mr.Sardar Umar Alam က "ရည်ရွယ်ချက်ကတော့ မီဒီယာကဏ္ဍထဲမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုနဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့နဲ့ ပူးပေါင်းပြီး ဘယ်လိုပုံစံနဲ့ ဆောင်ရွက်သွားမလဲဆိုတာကို အဓိကဆွေးနွေးကြတာ ဖြစ်ပါတယ်။ ရလဒ်ကိုတော့ နိုဝင်ဘာ ၇ ရက်သို့မဟုတ် ၈ ရက်မှာကျင်းပမယ့် (၅)ကြိမ်မြောက် မီဒီယာကွန်ဖရင့်မှာ ထည့်သွင်းဆွေးနွေးသွားမယ်။ အစိုးရပိုင်းအနေနဲ့ လွှတ်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်းမီဒီယာ အဖွဲ့အစည်းနဲ့ တိုင်းရင်းသားမီဒီယာတွေ ပါဝင်မယ်။ သတင်းထောက်တွေနဲ့ ပတ်သက်ပြီး လုံခြုံမှု၊ ဘေးကင်းမှု၊ ရပ်ရွာလူထုနဲ့ ပတ်သက်တဲ့ ဒီမီဒီယာဖွံ့ဖြိုးတိုးတက်မှု အနေအထား၊ နောက် အခြားသက်ဆိုင်တဲ့ မီဒီယာကဏ္ဍတွေအားလုံးကိုလည်း ဆွေးနွေးသွားမှာဖြစ်တယ်"ဟု ပြောသည်။

ယခု အလုပ်ရုံဆွေးနွေးပွဲ၌ ဥပဒေပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် မီဒီယာနှင့် ပတ်သက်၍ ခေတ်နှင့်မလျော်ညီသော အပိုင်းများပြင်ဆင်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာနက အွန်လိုင်းမှတစ်ဆင့် အင်္ဂလိပ်ဘာသာစကားဖြင့် သတင်းစာဖြန့်ချိမည့်အစီအစဉ်၊ မှန်ကန်သော သတင်းအချက်အလက် ရယူမှုနှင့် စပ်လျဉ်းသည့် ဆွေးနွေးမှုများ၊ ဝန်ကြီးဌာနမှ ပြောခွင့်ဆိုခွင့်ရှိသူများနှင့် သတင်းသမားများအကြား သတင်းရယူမှု ပိုမိုချောမွေ့အဆင်ပြေရေး ဆွေးနွေးမှုများ၊ လာမည့် နိုဝင်ဘာအတွင်း ပြုလုပ်မည့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံအတွက် ညှိနှိုင်းဆွေးနွေးမှုများကို တက်ရောက်လာသည့် သတင်းမီဒီယာများမှ တာဝန်ရှိသူများက ဆွေးနွေးကြသည်။




ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်က "ပြန်ကြားရေးဝန်ကြီးဌာနနဲ့အတူ မြန်မာနိုင်ငံရဲ့ မီဒီယာဖွံ့ဖြိုးမှုကို အတူတကွ လုပ်ဆောင်နေကြတဲ့ ပြည်တွင်း၊ ပြည်ပ မီဒီယာအဖွဲ့အစည်းတွေက လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ၊ ရှေ့ဆက်လုပ်ဆောင်ရမယ့် အနေအထားတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ နှစ်စဉ်ကျင်းပခဲ့တာ လေးကြိမ်ရှိခဲ့ပြီး အခုနှစ်ဆို (၅)ကြိမ်မြောက်ကျင်းပမယ့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ ပြုလုပ်ဖို့အတွက် ဆွေးနွေးကြတာဖြစ်ပါတယ်"ဟု ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာနက မီဒီယာဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ "မြန်မာ့အသံဝက်ဘ်ဆိုက်ကို iPhone ကနေ အလွယ်တကူ ဒေါင်းလုတ်ဆွဲကြည့်လို့ရအောင် ဂျာမနီနိုင်ငံအခြေစိုက် DW သတင်းဌာနနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ Myanmar Book Aid နဲ့ စာကြည့်တိုက်တွေ ပူးပေါင်းတည်ထောင်ဖို့ သဘောတူညီချက်ဆိုင်ရာ လက်မှတ်ရေးထိုးဖို့ ရှိပါတယ်။ ပုံနှိပ်ရေးနဲ့ ထုတ်ဝေရေးဦးစီးဌာန ရုံးဝန်းကျင်မှာပဲ စာအုပ်ဈေးပွဲတော်လုပ်ဖို့ အစီအစဉ် အကြမ်းဖျင်း လျာထားတာရှိပါတယ်။ နောက်ပြီး အင်္ဂလိပ်ဘာသာနဲ့ အွန်လိုင်းသတင်းစာထုတ်ဖို့ ရှိပါတယ်၊ လက်ရှိ နိုင်ငံပိုင်သတင်းစာတွေမှာ သတင်းတင်ဆက်မှုနဲ့ ပတ်သက်ပြီး ပိုမိုဆန်းသစ်တဲ့ အရေးအသားတင်ဆက်မှုနဲ့အတူ ဆောင်းပါးရှင်အသစ်တွေက ရှုထောင့်မျိုးစုံကနေ ရေးသားမှုတွေ ဖော်ပြပေးလျက်ရှိပါတယ်"ဟု ၎င်းကပြောသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည့် Pen Myanmar ဥက္ကဋ္ဌ ဒေါက်တာမသီတာ (စမ်းချောင်း)က "ပထမဆုံးအကြိမ် အခု ဆွေးနွေးပွဲကို တက်ရောက်တာပါ၊ မီဒီယာတွေပဲဖြစ်ဖြစ်၊ အပြင်လူတွေပဲ ဖြစ်ဖြစ် Information နဲ့ယှဉ်ရင် Data အချက်အလက်က ပိုပြီးလိုအပ်တယ်။ ယခုဆွေးနွေးပွဲက ဝိုင်းဝန်းအကြံပေးဆွေးနွေးတဲ့ အနေအထားရှိပြီး ရေရှည်မှာတော့ ဒီလို စုစည်းဆွေးနွေးမှုကတစ်ဆင့် ဘယ်လိုရလဒ်ကောင်း ရမယ်ဆိုတာကိုတော့ ဆက်လက်ဆွေးနွေးရဦးမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့အစည်း ၃၀ ကျော်မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် e-Library စာကြည့်တိုက်သို့ ပညာရပ်ဆိုင်ရာ စာအုပ်များလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၈**

ဩဂုတ် ၁၈ ရက်တွင် နေပြည်တော် ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်းရှိ e-Library စာကြည့်တိုက်သို့ ပညာရပ်ဆိုင်ရာစာအုပ် စာစောင်မျိုးစုံ ၁၆၃ အုပ်ကို ကွယ်လွန်သူ ဦးကျော်ညွန့်လွင်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန၏ ကျန်ရစ်သူမိသားစုက ပေးပို့လှူဒါန်းခဲ့ရာ စာအုပ်များကို မိသားစုကိုယ်စား ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်လွင်က e-Library စာကြည့်တိုက်မှူးသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(ယာပုံ)**



မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ e-Library စာကြည့်တိုက်တွင် ပညာရပ်ဆိုင်ရာ စာပေများကို Soft Copy ဖြင့် အုပ် ၁၆၀၀၊ စာအုပ်ဖြင့် ၆၈၀၀ ထိန်းသိမ်းထားရှိပြီး ကျောင်းသားကျောင်းသူများ လွယ်ကူစွာလေ့လာနိုင်ရန် စီစဉ်ပေးထားကြောင်း သိရှိရသည်။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ e-Library စာကြည့်တိုက်သို့ ပညာရပ်ဆိုင်ရာစာအုပ်များ ပေးပို့လှူဒါန်းလိုပါက ဒေါက်တာမြင့်လွင်၊ ဒုတိယပါမောက္ခချုပ် (စီမံ)၊ ဖုန်းနံပါတ် ၀၆၇-၄၁၆၅၃၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပင်လယ်ကမ်းစပ် အနားကွပ်ပေးကြပါ

မြတ်ဝေ

**မိမိတို့မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်းအရှည် ၁၃၈၂ ကီလိုမီတာအား ပိုင်ဆိုင်ထားသော ဒေသတစ်ခုဖြစ်သည်။ ပင်လယ်နှင့်ကုန်းတွင်းပိုင်းဆက်စပ်အနားသတ်တွင် လမု၊ ခနို၊ မဒမ၊ တမက်၊ ကနစို၊ ပြူးပင်၊ ပြာပင်၊ ကပိုင်၊ သီလာ စသည်ဒီရေတောပင်များ ပေါက်ရောက်လေ့ရှိ သည်။ မွေးဖွားချိန်မှသည် ယနေ့အထိ ပင်လယ်ကမ်းနားတွင်ကြီးပြင်းခဲ့သော မိမိအဖို့ မြစ်ကမ်းနှင့်ပင်လယ်ကမ်းစပ်များတွင် ပေါက်ရောက်နေသော အပင်များကို ဒီရေတောပင်ဟုသာသိခဲ့သည်။ ဒီရေတော၏ တန်ဖိုးကြီးမားပုံကိုကား မသိခဲ့ကြ။ ငယ်စဉ်က ရေကြောင်းခရီးသွားရင်း မြစ်ကမ်းနားတစ်လျှောက် စိမ်းစိမ်းစိုစိုဖြင့်အမြစ်များကိုပါမြင်ရသည့် ဒီရေတောတန်းကြီးများကိုမြင်တိုင်း လက်ညှိုးထိုး မေးမြန်းခဲ့ဖူးသည်။ လူကြီးသူမများ၏ “ဒီတောတွေက တန်ဖိုးမရှိပါဘူးကွာ၊ ထင်းပဲရတယ်” ဟူသောစကားတွင်နားယောင်ရင်း ဒီရေတောများကို ဥပေက္ခာပြုထားခဲ့သူများထဲတွင် မိမိပါတစ်ယောက်အပါအဝင်ဖြစ်ကြောင်း ဝန်ခံရပေမည်။ ယခုမူ အဆိုပါတောတန်းကြီးများကိုမမြင်ရတော့ ဟိုတစ်စု၊ ဒီတစ်စုဖြင့် အပင်ငယ်များသာမြင်တွေ့ရသည်။**

တိုးပွားလာသောလူဦးရေနှင့်အတူ ပြောင်းလဲလာသောခေတ်စနစ်များကြောင့် လူနေအိမ်နှင့်မြေယာချဲ့ထွင်ခြင်း၊ ပုစွန်ကန်၊ ငါးကန်များ၊ ဆားကွင်းများတည်ဆောက်ခြင်း၊ မီးသွေးထုတ်ယူခြင်း၊ ထင်းအဖြစ်အသုံးများလာခြင်းတို့ကြောင့် ပင်လယ်ကမ်းခြေအနားသတ်ဒီရေတောများ တစ်ရက်ထက်တစ်ရက်ပျက်စီးမှုများလာသည်။ ယင်း၏နောက်တွင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုများ ဖောက်ပြန်လာမှု၊ ရေသယံဇာတများ ပျက်စီးပျောက်ကွယ်လာမှုများကို သတိထားမိလာပြီး ဒီရေတောများ၏ တန်ဖိုးကြီးမားပုံ ဂေဟစနစ်ကိုများစွာ အထောက်အကူပြုပုံများကို တစ်စထက်တစ်စ သိမြင်လာခဲ့ရပြီ။ ပင်လယ်ကမ်းစပ်မြစ်ကမ်းရှိ ဒီရေတောများကို အချိန်မီ အနားကွပ်ရန် လိုအပ်လာချေပြီ။

ဒီရေတောများကိုနေရောင်ခြည်စွမ်းအင်အပြည့်အဝရရှိသော အပူပိုင်းဒေသ၊ နုန်းတင်မြေနုရှိသောဒေသ၊ ဒီရေအတက်အကျ ပြင်းထန်မှုနည်းသော ကမ်းရိုးတန်းဒေသ၊ ဆားငန်ပေါက်ရောက်သောဒေသနှင့် ဒီရေအတက်အကျရှိသော ကျယ်ပြန့်သည့်နေရာများတွင် တွေ့ရတတ်သည်။ ကမ္ဘာပေါ်တွင် အင်ဒိုပစိဖိတ်ဒေသနှင့် အနောက်အာဖရိကန်ဒေသဟူ၍ ဒီရေတောတည်ရှိမှုအား နှစ်ပိုင်းခွဲထားသည်။ ဒီရေတော နောက်ခံသမိုင်းကြောင်းများအရ ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ဒီရေတောဧရိယာ စတုရန်းကီလိုမီတာ ၁၉ သန်းကျော်ရှိခဲ့ပြီး ၂၀၁၀ တွင် စတုရန်းကီလိုမီတာ ၁၅ သန်းကျော်ရှိခဲ့သည်။ ကမ္ဘာပေါ်တွင် ဒီရေတောပေါက်သောနိုင်ငံ ၁၃၅ နိုင်ငံရှိပြီး အာရှနိုင်ငံများ၌ ဒီရေတောပေါက်ရောက်မှုအများဆုံးဖြစ်ကာအင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယစသည့်နိုင်ငံများတွင် တွေ့ရှိရသည်။ ကမ္ဘာပေါ်တွင် ဒီရေတောအများဆုံး ပေါက်ရောက်သောနိုင်ငံ ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံသည် သတ္တမမြောက်နေရာတွင်ရှိကြောင်း၊ ကမ္ဘာ့ဒီရေတော ဧရိယာ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြောင်း World Mangrove Atlas (ကမ္ဘာ့လမုတောမြေပုံအညွှန်း)၏ စာရင်းများအရ သိရှိရသည်။ မြန်မာနိုင်ငံတွင် ဒီရေတောများကို ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးတွေ့ရှိရပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင်လည်း တွေ့ရှိရသည်။ စုစုပေါင်းဧရိယာ ၁၂ သိန်း ခန့်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ၄၆ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၃၇ ရာခိုင်နှုန်း၊ ရခိုင် ပြည်နယ်တွင် ၁၇ ရာခိုင်နှုန်းရှိကြောင်း မှတ်သားဖူးသည်။

ဒီရေတောများရှိနေခြင်းကြောင့် ကျွန်း၊ ကနစို၊ ကန့်ကလာ၊ သမဲ့စသည့်အပင်များမှ အိမ်အသုံးအဆောင်သစ်ခွဲသားများရှိနိုင်ခြင်း၊ ပြူးမျိုးစုံ၊ မဒမ၊ စကားလွှန်းစသည့်အပင်များမှ တိုင်မျောများရရှိနိုင်ခြင်း၊ ငှက်ကြီးတောင်၊ လမု၊ ကန့်ကလာ၊ သမဲ့၊ ခမုံ၊ ကျီးသော၊ ခရော့နွယ်၊ ပြူးစသည့်အပင်များမှ စားသုံးရန် အသီးအရွက်များရရှိခြင်း၊ ခယာ၊ တောရှောက်၊ တောင်တန်းကြီး၊ အဆိပ်တစ်ရာ၊ မိကျောင်းကွမ်းဖတ်၊ ဆေးသုံးခွစသည့် ဆေးဖက်ဝင်အပင်များရရှိနိုင်ခြင်း၊ ပျားရည်၊ ပျားဖယောင်းများရရှိခြင်း၊ တိရစ္ဆာန်အစားအစာများ ရရှိခြင်း၊ ခမောင်းနွယ်၊ သမန်းလျှော်၊ မြောက်ကြိမ်၊ မီးကျောင်းနွယ် စသည့်အပင်များမှ လျှော်ကြိုးများ ထုတ်လုပ်နိုင်ခြင်း၊ မဒမခေါက်၊ ပြူးခေါက်တို့မှ ဆိုးဆေးများ ထုတ်ယူနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိစေသည်။ မိမိမသိသေးသော အချက်များလည်းရှိပေဦးမည်။ ဒီရေတောတွင် ပေါက်ရောက်တတ်သည့် ဓနိပင်သည်ကား တစ်ပင်လုံးပစ်ရက်စရာမရှိ အရွက်များအား အမိုးအကာအဖြစ် အသုံးပြုခြင်း၊ ဓနိရည်၊ ဓနိသကြားရည်၊ ရှာလကာရည်အပြင် အကိုင်းအခက်များမှ စက္ကူများပြုလုပ်နိုင်သည်။ ဒီရေတောများရှိနေသောကြောင့် ငါး၊ ပုစွန်၊ ခရု၊ ဂုံး၊ ကမာနှင့် ကဏန်းများ ရှင်သန်ပွားများခြင်း၊ ကျား၊ ဆင်၊ မိကျောင်း၊ ဆတ်၊ တောဝက်၊ ငန်းမြွေ၊ မျောက်တံငါနှင့် ကျေးငှက်သာရကာများလည်း ဒီရေတောကို အားထားမှီခိုနေတတ်သည်။ ဒီရေတောတစ်ဧကတွင် ငါး၊ ပုစွန် ၆၀၀ ကျော်မှီတင်းနေထိုင်နိုင်သည်။ ဤသည်များကား လူတို့အတွက် တိုက်ရိုက်အကျိုးပေးခြင်းများပင်။

ယင်းအပြင် ဒီရေတောများရှိနေခြင်းကြောင့် လေပြင်းမုန်တိုင်းဒဏ်မှ ကာကွယ်ပေးခြင်း၊ ဆူနာမီနှင့် မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ရေလှိုင်းဒဏ်မှ ကာကွယ်ပေးခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို အထောက်အကူပြုသည့် လူသားတို့အတွက် အန္တရာယ်ရှိသော လေထုနှင့် မြေထုတွင်း ကာဗွန်ဒိုင်အောက်ဆိုက်အား တောင်ပေါ်သစ်တောများထက် အနည်းဆုံးသုံးဆအထိ စုပ်ယူထိန်းသိမ်းထားနိုင်ခြင်း၊ ဒီရေတောတစ်ဧကလျှင် ၁၀၀၀ မက်ထရစ်တန်မှ ၂၀၀၀ မက်ထရစ်တန်အထိ လေထုမှလည်းကောင်း၊ မြေထုမှ အနည်းဆုံး ၁၀၀၀ မက်ထရစ်တန်ထိလည်းကောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်အား စုပ်ယူထိန်းသိမ်းထားပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဆိုသည်။ ကာဗွန်ဒိုင်အောက်ဆိုက်အား များများစုပ်ယူနိုင်လေ၊ အောက်ဆီဂျင်အား များများထုတ်ပေးနိုင်လေလေဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင်ကို တောင်ပေါ်သစ်တောများထက် များစွာအကျိုးပြုသည်ကို တွေ့ရှိရသည်။ ရေနေသတ္တဝါများအားလုံး၏ ၇၀ ရာခိုင်နှုန်းအတွက် အဓိကအစာ ထုတ်လုပ်ရာနေရာဖြစ်ပြီး ပေါက်ဖွားသည်မှ ကြီးပြင်းသည်အထိ ဒီရေတောကိုသာ အားထားမှီခိုနေရသည်။ ကမ်းရိုးတန်းဒေသများနှင့် ငါး၊ ပုစွန်၊ ကဏန်း၊ ရေသတ္တဝါတို့၏ နေထိုင်အသက်ရှင်ရန်အတွက် ဒီရေတောများသည် အကောင်းဆုံးအထိန်းအကွပ်ဖြစ်သည်။ အလားတူ ဇီဝမျိုးစုံမျိုးကွဲများလည်း မှီတင်းကျက်စားရာနေရာတစ်ခုဖြစ်သည်။ ပင်လယ်ဆားငန်ရေများ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်သည့်အပြင် ကမ်းပါးပြိုခြင်း၊ ရေထုညစ်ညမ်းမှုကို သန့်စင်ပေးခြင်း၊ မြေဆီလွှာပျက်စီးမှုကို ကာကွယ်ပေးခြင်း၊ သုတေသနနှင့် ပညာရေးလုပ်ငန်းများ အထောက်အကူဖြစ်စေခြင်း၊ နောက်ဆက်တွဲအဖြစ် မီးခိုးမထွက်သောစက်ရုံဟု တင်စားခေါ်ဝေါ်ကြသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများဖြင့် ဝင်ငွေများ ရှာဖွေကာ ဒေသခံများ၏ လူမှုစီးပွားဘဝများ မြင့်တက်လာစေနိုင်သည်။

> **ရာသီဥတုဒဏ်ခတ်မှုကြောင့် အသက်ပေါင်းများစွာ ပေးဆပ်ရခြင်း၊ ဒေသခံများ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ မြေယာများပျက်စီးခြင်း၊ ဆုံးရှုံးခြင်းများဖြစ်ပေါ်စေကာ နိုင်ငံတော်အနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုမည့် ဘဏ္ဍာငွေများအား ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုလိုက်ရခြင်းဖြင့် ဘဏ္ဍာငွေများ မြောက်မြားစွာဆုံးရှုံးပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ကြီးစွာအနှောင့်အယှက်ဖြစ်ပေါ်**

၁၉၈၀ ပြည့်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၌ ဒီရေတောဧက ၆၇၉၀၁၉ ဧက၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၆၄၇၅၇၁ ဧက ရခိုင်ပြည်နယ်တွင် ဧက ၄၁၄၄၇၀ အသီးသီးရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၌ ၁၁၁၃၁၈ ဧက၊ တနင်္သာရီတိုင်းဒေသကြီး၌ ၃၇၃၁၃၂ ဧက၊ ရခိုင်ပြည်နယ်၌ ၂၅၄၁၂၅ ဧကသာ ကျန်ရှိတော့ကြောင်း ရာခိုင်နှုန်းအားဖြင့် တွက်ချက်ကြည့်မည်ဆိုပါက ဧရာဝတီတိုင်းဒေသကြီး၌ ၈၄ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီး၌ ၄၂ ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ်၌ ၃၉ ရာခိုင်နှုန်းအထိ ဆိုးရွားစွာပျက်စီးလာကြောင်းတွေ့ရှိရသည်။ ၂၀၁၀ ပြည့်နှစ်တွင် ဧကပေါင်း ၁၁ သိန်းကျော်ရှိခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် ဧက ခြောက်သိန်းကျော်သာ ကျန်ရှိတော့မည်ဖြစ်ကြောင်း World Mangrove Atlas က ခန့်မှန်းထားသည်။

ဒီရေတောသည် မြန်မာနိုင်ငံမှသာမက တရုတ်ပြည်မြစ်ဝါမြစ်၊ မလက္ကာရေလက်ကြား၊ အိန္ဒိယဂင်္ဂါမြစ်၊ ဘော်နီယိုကမ်းခြေ၊ မာဒါဂတ်စကာကမ်းခြေ စသည့်ဒေသများတွင် တစ်နေ့တခြား လျော့ပါးပျက်စီးနေကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ဝှမ်းဒေသ၌ ပျက်စီးမှုအများဆုံးဖြစ်သည်။ ၂၀၀၈ခုနှစ် နာဂစ်လေမုန်တိုင်းကြောင့် ပျက်စီးမှုပိုများရခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ထင်း၊ မီးသွေးထုတ်ယူခြင်း၊ ပုစွန်ကန်၊ ငါးကန်နှင့်လယ်မြေများ ဖော်ထုတ်ခြင်းတို့ကြောင့် ဒီရေတောများ ပျက်စီးမှုများသော်လည်း ပြန်လည်ပြုပြင်ထိန်းသိမ်းရန် အချိန်မီသေးကြောင်း ပညာရှင်တချို့က သုံးသပ်ကြသည်။ ဂုဏ်ယူဖွယ်ရာတစ်ခုမှာ ကမ္ဘာတွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် ဒီရေတောပင်ဖြစ်သည့် မြိုင်ကြီးပင်အား ရခိုင်ပြည်နယ်တွင် အပင် ၁၀၀၀ ကျော် ကျန်ရှိနေသေးခြင်းပင်။

ကမ်းရိုးတန်းဒေသတွင် နေထိုင်ကြသောဒေသခံများသည် ဒီရေတောများနှင့်ပင်လယ်သယံဇာတများကို အဓိက မှီခိုအားထားနေကြရသူများဖြစ်သည်။ လူဦးရေတိုးလာသည်နှင့်အမျှ ဒီရေတောများအပေါ်တွင် မှီခိုမှုပိုများလာသည်။ အခြားမြေအသုံးချမှုများလည်း တိုးပွားလာသည်။ ထို့ကြောင့် ဒီရေတောဆုံးရှုံးမှုများပိုမိုများပြားလာသည်။ ကုန်းတွင်းပိုင်းသို့ ဆားအငန်ဓာတ် စိမ့်ဝင်သောပြဿနာများဖြစ်ပေါ်လာသည်။ ဆားအငန်ဓာတ် စိမ့်ဝင်လာသည့်အတွက် စိုက်ပျိုးရေးနှင့် သောက်သုံးရေပြဿနာများပါဖြစ်လာသည်။ စီးပွားရေးများ ကျဆင်းလာသည်။

ဤမျှနှင့်မပြီး ကမ္ဘာ့ရာသီဥတုသည် အဆိုးဘက်သို့ ဦးတည်လာနေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဘေးအန္တရာယ်ကျရောက်ရန် အလားအလာအရှိဆုံးဒေသ ၁၀ ခုထဲတွင် ပါဝင်နေသည်။ မြန်မာ့သမိုင်းတွင် မရှိခဲ့ဖူးသော နာဂစ်မုန်တိုင်းမှ အစပြုကာ သဘာဝဘေးဒဏ်များကို သိသိသာသာ ခံစားလာခဲ့ရသည်။

ရာသီဥတုဒဏ်ခတ်မှုကြောင့် အသက်ပေါင်းများစွာ ပေးဆပ်ရခြင်း၊ ဒေသခံများ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ မြေယာများ ပျက်စီးခြင်း၊ ဆုံးရှုံးခြင်းများဖြစ်ပေါ်စေကာ နိုင်ငံတော်အနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုမည့် ဘဏ္ဍာငွေများအား ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုလိုက်ရခြင်းဖြင့် ဘဏ္ဍာငွေများမြောက်မြား စွာဆုံးရှုံးပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ကြီးစွာအနှောင့်အယှက် ဖြစ်ပေါ်ခြင်းတို့ကြောင့် အဆင်းရဲဆုံးနိုင်ငံများထဲမှ လွတ်မြောက်ရန် ခဲယဉ်းသွားပေမည်။

မြန်မာနိုင်ငံ၏ဒီရေတောပေါက်ရောက်မှု၊ ဆုံးရှုံးမှုများကို ယခင်က ကျယ်ကျယ်ပြန့်ပြန့် မသိရှိခဲ့ကြ။ ၂၀၀၀ ပြည့်လွန်နောက်ပိုင်းမှသာ တဖြည်းဖြည်းသိရှိလာကြပြီး ၂၀၀၈ ခုနှစ်မေလ၌ ဧရာဝတီတိုင်းဒေသကြီး၌ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင် ဒီရေတောများ၏ အကျိုးကျေးဇူးများကို ပိုမို သတိထားမိလာခဲ့ကြသည်။ လူပေါင်းမြောက်မြားစွာ သေဆုံးခဲ့ရသော နာဂစ်ဒေသတွင် ဒီရေတောရှိသည့်နေရာနှင့် ဒီရေတောမရှိသည့်နေရာတို့၏ ပျက်စီးဆုံးရှုံးမှုကွာဟချက်ကြီးမားပုံကို လက်တွေ့ကျကျသိမြင်လာခဲ့ကြသည်။ ယင်းနောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန၊ NGO/INGO များ၊ လူမှုအဖွဲ့အစည်းများသည်ဒေသခံများနှင့်ပူးပေါင်းကာ ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများ၊ ပြန်လည်စိုက်ပျိုးရေး လုပ်ငန်းများကို အလေးထား လုပ်ဆောင်လာကြသည်ကို တွေ့ရှိလာရသည်။

ဒီရေတောထိန်းသိမ်းခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၁၉၈၀ နောက်ပိုင်း ရန်ကုန်တက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်တို့မှ အဏ္ဏဝါသိပ္ပံဌာနတို့နှင့် ပူးပေါင်းပြီး မြစ်ဝကျွန်းပေါ်ဒေသတချို့မှာ ဒီရေတော ထိန်းသိမ်းရေးကိုဆောင်ရွက်ခဲ့သည်။ လက်ရှိတွင် မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်တို့မှ ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် တောင်ကုတ်ကောလိပ်၌ စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး စစ်တွေတက္ကသိုလ်မှ စိတ်ဝင်စားမှုအားနည်းနေသည်ကို သိရှိရသည်။ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို အသိရှိရှိဖြင့် စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လှပေသည်။

သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာနနှင့်တပ်မတော်၊ ဒေသခံများပူးပေါင်းပြီးဒီရေတောများ၏အရေးပါမှုကို လေ့လာကာ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ အထိမုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်းဒေသကြီးတွင် ဒီရေတောစိုက်ခင်းများစိုက်ပျိုးခြင်း၊ အစုအဖွဲ့ပိုင်စိုက်ခင်းများတည်ဆောက်ပေးခြင်း၊ ကျေးရွာနေပြည်သူလူထုအား လမု၊ သမဲ့ကြီးမျိုးစေ့များဖြန့်ဝေပေးခြင်းများပြုလုပ်ပေးနိုင်ခဲ့သည်။ မြန်မာကမ်းရိုးတန်း တစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသတွင်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မျိုးစေ့အပင်ပေါင်း ၁၂၂၆၉၆ ပင်စိုက်ပျိုးနိုင်ခဲ့သည်။ ထို့အပြင် NGO အဖွဲ့အစည်းများဖြစ်သည့် JICA၊ WIF၊ သစ်တောဦးစီးဌာန၏ Reecorp ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းလည်း ကြားသိရသည်။

သို့ရာတွင် ဒီရေတောများကို စိုက်ပျိုးမှုတစ်ခုတည်းဖြင့်ပြန်လည်ထူထောင်နိုင်မည်မဟုတ်။ ဒီရေတောတစ်ခု ပြန်လည်ထူထောင်ရန် အနည်းဆုံး နှစ်ပေါင်း ၃၀ ခန့် အချိန်ယူရမည်ဖြစ်ရာ ထင်း၊ မီးသွေး၊ လောင်စာအစားအခြားအစားထိုးပစ္စည်းများ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ပေမည်။ ဒေသခံများအား ဒီရေတောနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများကို ယခုထက်ပိုမိုဖြန့်ဝေပြီး ပညာပေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်သင့်သည်။ မိမိနေရာဒေသနှင့်မိမိသဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားချစ်မြတ်နိုးတတ်စေရန် လေ့ကျင့်ပေးရပေမည်။ ဒီရေတောပင်တစ်ပင်၏ တန်ဖိုးကိုသိရှိပြီး ဒေသခံများကိုယ်တိုင် ပြန်လည်စိုက်ပျိုးတတ်အောင်၊ ထိန်းသိမ်းတတ်အောင် အသိပညာပေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပေသည်။ သို့မဟုတ်ပါက သစ်ပင်မည်မျှပင် စိုက်စေကာမူ ဒေသခံများ အသိပညာဗဟုသုတအားနည်းမှုအောက်တွင် ဒီရေတောများ ထပ်မံပြုန်းတီးနေဦးမည်။ သက်ဆိုင်ရာမှ ထင်းအစား အခြားလောင်စာများပြုလုပ်နည်းများ၊ အသုံးပြုနည်းများသင်ကြားပေးခြင်း၊ အစုအဖွဲ့ပိုင်သစ်တောများထူထောင်ပေးခြင်း၊ သိပ္ပံနည်းကျငါး၊ ပုစွန်မွေးမြူခြင်းများအားသင်ကြားပေးခြင်း၊ ထင်း၊ မီးသွေးစီးပွားရေးလုပ်ငန်းအစား အခြားဝင်ငွေတိုးလုပ်ငန်းများရရှိအောင် ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ပေးနေမှုများရှိသော်လည်း ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်မှသာ အနာဂတ်အတွက် လှပသောသဘာဝတစ်ခုကို ဖန်တီးပေးနိုင်ပေမည်။

ဆိုင်ကလုန်းမုန်တိုင်း၊ ဆူနာမီရေလှိုင်း ဘေးဒဏ်တို့မှ ကာကွယ်ပေးမှု၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ထိန်းညှိပေးမှု၊ အမျိုးမျိုးသော ဇီဝမျိုးစိတ်များ၊ သားပေါက်များ ရှင်သန်ကြီးထွားရန် စောင့်ရှောက်ပေးမှု၊ ငါး၊ ပုစွန်တို့၏နားခိုရာနေရာနှင့် တိရစ္ဆာန်တို့၏ စားကျက်မြေဖြစ်မှု၊ သုတေသနပြုလုပ်မှုနှင့် ခရီးသွားလုပ်ငန်းများအတွက် အထောက်အကူပြုမှု စသည်ဖြင့် လူသားတို့အတွက် ဘက်ပေါင်းစုံမှ အကျိုးရှိလှသော ဒီရေတောများ ပျက်စီးလာမှုကြောင့် သဘာဝ၏ ပြစ်ဒဏ်ပေးမှုကို မိမိတို့အားလုံး ခံစားနေကြရပြီ။ ထပ်မံပြီး မိမိနှင့်မသက်ဆိုင်ဟူ၍ ဥပေက္ခာပြုနေဦးမည်ဆိုပါက ယခုပေးဆပ်ရင်းနှီးမှုများသော သဘာဝ၏ ပြစ်ဒဏ်များကို ပိုမိုခံစားရလာမည်မှာ မလွဲ၊ ဟိုလူ့တွင် တာဝန်ရှိသည်၊ ဒီလူ့တွင် တာဝန်ရှိသည်ဟု မခွဲစကောင်း၊ လူသားအားလုံး၏ ရှင်သန်ရပ်တည်မှုသည် လူသားအားလုံးတွင် တာဝန်ရှိသည်။ မိမိတို့တတ်နိုင်သည့်ဘက်မှ အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သော အမွေအနှစ်များ ချန်ထားပေးခဲ့ရန် လိုသည်။

ယခုထက်ပိုပြီး သဘာဝ၏ ပြစ်ဒဏ်ပေးခြင်း မခံရစေရန် ပင်လယ်ကမ်းစပ်၏ခံတပ်ခုဟု တင်စားခေါ်ဝေါ်ကြသည့် ဒီရေတောများကို ပြန်လည်စိုက်ပျိုးခြင်း၊ ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ အသိပညာပေးခြင်းများဖြင့် ပြန်လည်ပေးလျော်မှသာ နောင်အနာဂတ်မျိုးဆက်များ ဆက်လက်ရှင်သန်ဖို့ ပင်လယ်ကမ်းစပ်အနားသတ်လေးများအား အစိမ်းရောင်ဒီရေတောဖြင့် အနားကွပ်ရန် အချိန်မီသေးသည် ဆိုလျှင်ကား မှားအံ့မထင်ပေ။ ။

# မင်းဓမ္မဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း အိမ်ခန်း ၂၃၉၀ ကို ပညာရေးဝန်ထမ်းများအား နေရာချထားပေးမည်

**နေပြည်တော် ဩဂုတ် ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုး၏ **မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အန္တရာယ်အဆောက်အအုံအဖြစ် သတ်မှတ်ထားသော ညောင်ရွှေမြို့ အထက-၁ ကျောင်းဆောင်အား ကျောင်းဆောင်သစ်အဖြစ် မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပတ္တမြားဆောင် (အန္တရာယ်ရှိကျောင်းဆောင်) အစား ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **လှိုင်မြို့နယ် (၁၂) ရပ်ကွက် မင်းဓမ္မလမ်းနှင့် ပါရမီလမ်းထောင့်ရှိ တက္ကသိုလ် ဆရာ ဆရာမများ ရိပ်သာအပါအဝင် ပညာရေးဝန်ကြီးဌာနပိုင် မြေနေရာတွင် ဆောက်လုပ်နေသော အဆောက်အအုံများအား မည်သို့ စီမံဆောင်ရွက်ထားသည်၊ ပညာရေးဝန်ထမ်းများအား မည်သို့နေရာချထားပေးမည်နှင့် ဆောက်လုပ်ခွင့်ရကုမ္ပဏီနှင့် မည်သို့သဘောတူထားသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု



ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း

ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မင်းဓမ္မလမ်းနှင့် ပါရမီလမ်းထောင့်ရှိ ဆရာ ဆရာမများ ရိပ်သာအပါအဝင် ပညာရေးဝန်ကြီးဌာနပိုင် မြေနေရာများတွင် တည်ဆောက်နေသည့် အဆောက်အအုံများကို မင်းဓမ္မဥယျာဉ် မြို့တော် အိမ်ရာစီမံကိန်းအဖြစ် ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Myanmar Imperial Vega Co.,Ltd တို့က လုပ်ငန်းဆောင်ရွက်မှု သဘောတူစာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ စာချုပ်တွင် ပါဝင်ခြင်းမရှိသေးသည့် ထပ်တိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စာချုပ်ကို ပြင်ဆင်ချုပ်ဆိုခဲ့ပါကြောင်း၊ ပြင်ဆင်ချုပ်ဆိုခဲ့သည့်စာချုပ်အရ အကျိုးအမြတ်ခွဲဝေမှုမှာ ပညာရေးဝန်ကြီးဌာနက မြေ ၃၀ ဒသမ ၃၈ ဧက၊ ၅၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ အဆောက်အအုံ ၄၆၂၁၇၇ စတုရန်းပေ၊ ၅၈ ဒသမ ၁၉ ရာခိုင်နှုန်း၊ ကုမ္ပဏီက မြေ ၃၀ ဒသမ ၃၇ ဧက၊ ၄၉ ဒသမ ၉၉ ရာခိုင်နှုန်း၊ အဆောက်အအုံ ၃၃၂၂၉၅ စတုရန်းပေ၊ ၄၁ ဒသမ ၈၁ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

စာချုပ်အရ ပညာရေးဝန်ကြီးဌာနပိုင်အဖြစ် အဆောက်အအုံစုစုပေါင်း အလုံး ၃၀ ၊ အိမ်ခန်း ၂၃၉၀ ပါရှိမည်ဖြစ်ကြောင်း၊ အဆောက်အအုံသုံးလုံးသည် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် အိမ်ခန်း ၁၂၂ ခန်း၌ ဆရာ ဆရာမများကို ယာယီနေထိုင်ခွင့်ပြုထားပြီး အဆောက်အအုံများပြီးစီးပါက သတ်မှတ်ရာထူးနှင့် သတ်မှတ်အဆင့်အတန်းအလိုက် အိမ်ခန်းများကို နေရာချထားပေးမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များ၊ Community Centre များ၊ စျေးများ၊ သိပ္ပံပစ္စည်းစက်ရုံများ၊ စက်အဆောက်အအုံများအတွက် အဆောက်အအုံ ၁၆ လုံးရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနရှိ အဆောက်အအုံများနှင့် အိမ်ခန်းများကို အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်) ရုံးခွဲရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် တွဲဖက်ဌာနများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဝန်ထမ်းများအနက် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မိမိကိုယ်ပိုင်အိမ်မရှိသူ၊ မိမိဇနီး သို့မဟုတ် ခင်ပွန်းပိုင်အိမ်မရှိသူ၊ နိုင်ငံပိုင်အိမ်ခန်းရယူထားခြင်းမရှိသူများ၏ လျှောက်ထားခြင်းကို စိစစ်နေထိုင်ခွင့်ပြုလျက်ရှိပါကြောင်း၊ အိမ်ခန်းများနေရာချထားခြင်းကို အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌ၊ တက္ကသိုလ်အရာထမ်း အမှုထမ်းအိမ်နေရာချထားရေးကော်မတီက သတ်မှတ်ထားသည့်စည်းမျဉ်းများနှင့်အညီ ရွေးချယ်ရေးမှုဘောင်



ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး

နှင့် ညီညွတ်သူများကို ပဏာမလျာထားသတ်မှတ်ပါကြောင်း၊ လျာထားအမည်စာရင်းများမှ အိမ်ခန်းနေထိုင်သူများလိုက်နာရမည့် စည်းကမ်းလိုက်နာနိုင်မည့်သူများကို ထပ်မံရွေးချယ်ပြီးမှ အိမ်ခန်းများကို နေရာချထားပေးပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တစ်ကေအထွက်နှုန်း မြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့်အစီအမံများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်မျိုးလတ်က နိုင်ငံ၏ အဓိကပို့ကုန်တိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝမြင့်မားရေးအတွက် တစ်ကေအထွက်နှုန်းတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတကာအဆင့်မီ စပါးမျိုးကောင်းမျိုးသန့် အထွက်တိုးမျိုးစပါးများကို တောင်သူလယ်သမားများထံ သင့်လျော်သည့်စျေးနှုန်းဖြင့် လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ပါကြောင်း၊ မွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူ ကျေးလက်နေ ပြည်သူများအတွက် တစ်ပိုင်တစ်နိုင်မှသည် တစ်ရွာထုတ်ကုန်တစ်မျိုး အဆင့်အထိ ထုတ်လုပ်သွားနိုင်မည့်မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာများ မွေးမြူရေးလုပ်ငန်းမှ မိသားစုဝင်ငွေ တိုးတက်ရရှိရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးစရိတ်ကို လုံလောက်စွာထုတ်ပေးနိုင်ရေး သာမက နည်းပညာပံ့ပိုးပေးရေး၊ စျေးနှုန်းချိုသာသည့် သွင်းအားစုများ အသုံးပြုခွင့်ရရှိရေး၊ ဒေသရေမြေ ရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံပုံစံများ ချမှတ်ပေးရေး၊ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို တောင်သူတိုင်း လက်လှမ်းမီသုံးစွဲနိုင်ရေး၊ လယ်ယာမြေ စနစ်တကျဖော်ထုတ်ပေးရေး၊ ထွက်ကုန်များကို စားသုံးသူစျေးကွက်အရောက် တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရေး၊ ထွက်ကုန်သီးနှံများ စျေးကွက်ခိုင်မာရေးအပါအဝင် လယ်ယာကဏ္ဍကို မွေးမြူရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင် ဆောင်ရွက်နိုင်ရေး၊ တောင်သူလယ်သမားများ ဗဟုသုတပြည့်စုံစေရေး ပိုမိုကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သဖြင့် အဆိုကို ထောက်ခံကြောင်း ဆွေးနွေးသည်။

အလားတူ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးက တိုးတက်လာသည့် လူဦးရေအတွက် ရိက္ခာလိုအပ်မှု ပိုမိုမြင့်မားလာသကဲ့သို့ စားနပ်ရိက္ခာ ထုတ်လုပ်ပေးသည့် လယ်ယာမြေများ ဆုတ်ယုတ်လာသည်ကို တွေ့ရပါကြောင်း၊ လိုအပ်ချက်များကြောင့် တောင်သူများသည် တောင်သူလုပ်ငန်းများကို စွန့်လွှတ်ပြီး အခြားလုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်လာကြသည်ကိုလည်း တွေ့ရပါကြောင်း။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိသည့် ဆည်ငယ်၊ ကန်ငယ်များကို တည်ဆောက်ပေးသင့်ပါကြောင်း၊ သီးနှံစျေးနှုန်း မှန်ကန်မှုရရှိရေးသည်လည်း အရေးကြီးပါကြောင်း၊ တောင်သူများ၏ ထာဝရသယံဇာတများဖြစ်သည့် လယ်ယာမြေများ ပြန်လည်ရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ ရာသီအလိုက် လုံလောက်စွာရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ မျိုးကောင်းမျိုးသန့်နှင့် ရိုးရှင်းလွယ်ကူသည့် နည်းပညာဗဟုသုတများရရှိရေး၊ စိုက်ပျိုးသီးနှံများ စျေးကွက်ရရှိရေး၊ နည်းပညာနှင့် အထောက်အပံ့များရရှိရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လယ်ယာကဏ္ဍ၌ တိုးမြှင့်ရေး စသည်တို့ကို နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်မှသာ လယ်ယာကဏ္ဍ တိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက အဆိုအား အတည်ပြုပေးနိုင်ရန်တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ပလက်ဝ ပြည်သူ့ဆေးရုံအတွက် ခွဲစိတ်ခန်းအသစ်နှင့် အခြားအဆောက်အအုံများ အမြန်ဆုံးဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၁၈**

ဟိုပုံးမြို့နယ် မိုင်းပျဉ်းဒေသတွင် တိုက်နယ်ဆေးရုံတစ်ရုံဖွင့်လှစ်ရန် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ဆေးရုံအဆောက်အအုံ ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါတိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်နိုင်ရေးကို အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ **"ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မြောက်ခြမ်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ပြည်သူများအတွက် (မိုင်းပျဉ်း-ဖာလဲ) တွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံကို လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ခုတင် ၅၀ ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ ကျောက်တန်းကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဟိုပုံးမြို့နယ်အတွင်းရှိ မိုင်းပျဉ်းကျေးရွာတွင်လည်း ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားရှိပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၏ **"ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့ စံကိုက်ဆေးရုံအဆင့် တိုးမြှင့်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မှ ၂၅ ခုတင်ဆံ့ဆေးရုံကို ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ရန် အဆိုပြုတင်ပြခဲ့သော်လည်း သွားလာရေး လွယ်ကူသောမြို့များကို ဦးစားပေး စဉ်းစားရန် မသင့်သေးသဖြင့် တိုးမြှင့်ဖွင့်လှစ်မည့် အစီအစဉ်ကို ပြန်လည်သုံးသပ်တင်ပြပေးရန် လမ်းညွှန်သည့်အတွက် ဖွဲ့စည်းပုံခွင့်ပြုမိန့် မရရှိခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရေတာရှည်မြို့နယ်ဆေးရုံ၏ ခွင့်ပြုခုတင် အသုံးချမှုရာခိုင်နှုန်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း Increasing Trend ဖြစ်နေကြောင်း စိစစ်တွေ့ရှိရသော်လည်း ခုတင် ၅၀ ဆံ့ အဆင့်တိုးမြှင့်မည်ဆိုပါက ဖွဲ့စည်းပုံအရ လိုအပ်သည့် ဝန်ထမ်းအင်အားကို ဖြည့်ဆည်းရန် အခက်အခဲရှိသဖြင့် လောလောဆယ်တွင် ဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း၊ အတွင်းလူနာနှင့် အပြင်လူနာ တက်ရောက်မှုနှုန်း အားလုံးကိုကြည့်ပြီး လိုအပ်ပါက ဆက်လက်စဉ်းစား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဝေ့တင်း၏ **ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံကို အသစ်ဆောက်လုပ်ပေးပြီး ခုတင် ၁၀၀ ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ဆမီးမြို့တွင် ၂၅ ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ခွင့်ပြုခုတင် အသုံးချမှုရာခိုင်နှုန်းသည် တိုးတက်လာသော်လည်း နည်းပါးသေးပါကြောင်း၊ တစ်နေ့ပျမ်းမျှအတွင်းလူနာဦးရေသည် ၂၂ ဦးခန့်သာရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ခုတင် ၅၀ ဆံ့ဆေးရုံမှ ခုတင် ၁၀၀ ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်း၊ သို့သော်လည်း လိုအပ်သည့် ဝန်ထမ်းအင်အားနှင့် ပစ္စည်းကိရိယာများကို အမြန်ဆုံး ဖြည့်ဆည်းပံ့ပိုးပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၁၆ ခုတင်ဆံ့ ဆမီးတိုက်နယ်ဆေးရုံသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ခွင့်ပြုခုတင်အသုံးချမှုသည်လည်း ခုတင်အဆင့်မြှင့်တင်ရန် သတ်မှတ်ရာခိုင်နှုန်း ပြည့်မီခြင်းမရှိပါကြောင်း၊ တစ်နေ့ပျမ်းမျှအတွင်း လူနာဦးရေသည် သုံးဦးသာရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ၂၅ ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်း၊ ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံအတွက် ခွဲစိတ်ခန်းအသစ်နှင့် အခြားအဆောက်အအုံကိစ္စများနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှုများအရ အထူးလိုအပ်သည်ဖြစ်၍ အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်၏ **"မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးကို ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လစ်လပ်နေသော ကျန်းမာရေးအမှုထမ်း၊ အရာထမ်းများကို အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြင်းခြံခရိုင်ပြည်သူ့ဆေးရုံ၏ ခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း Increasing Trend ဖြစ်နေကြောင်း စိစစ်တွေ့ရှိရသော်လည်း ခုတင်အဆင့်မြှင့်တင်ရာတွင် လိုအပ်သည့် အခြေခံမှုများ ပြည့်မီခြင်းမရှိပါသဖြင့် ခုတင် ၂၀၀ ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အထူးကုလက်ထောက်မေ့ဆေးဆရာဝန်တစ်ဦး ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရောဂါဗေဒ အထူးကုဆရာဝန်ရာထူး ၁၄၇ ဦး ခွင့်ပြုထားသည့်အနက် ၇၄ ဦးခန့်ထားနိုင်ပြီး ၇၃ ဦး လစ်လပ်နေပါသဖြင့် လတ်တလောတွင် ခန့်အပ်ပေးနိုင်မည် မဟုတ်ပါကြောင်း၊ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန် ခန့်အပ်ပေးရေးနှင့်ပတ်သက်၍ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် သွားဘက်ဆိုင်ရာ လက်ထောက်ဆရာဝန်တစ်ဦးကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ကုသရေးဦးစီးဌာနအနေဖြင့် ခန့်အပ်ထားရှိပြီးဖြစ်ကြောင်းနှင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြောင်း။

လက်ရှိအခြေအနေတွင် သူနာပြုများ လိုအပ်လျက်ရှိနေပါသဖြင့် အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ်မရှိသေးသော်လည်း မကြာမီထွက်ပေါ်လာမည့် သူနာပြုများနှင့် သစ်လွင်ဆရာဝန်များကို မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ခန့်ထားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၁၅-၈-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၅-၇-၂၀၁၆ ရက်နေ့မှ ၂၉-၇-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူနှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေ နှစ်ဦး ပေါင်း လေးဦးတို့အား ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၅၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၈၆၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၂၆၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူ တစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ကုန်သွယ်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး မြန်မာ - အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များ ကြိုးပမ်း

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ နှစ်နိုင်ငံအကျိုးတူ ကုန်သွယ်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မင်းရဲကျော်စွာလမ်းရှိ UMFCCI (မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)၌ ပြုလုပ်သည့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။



အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကျိုးတူ ကုန်သွယ်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ဆောက်လုပ်ရေး၊ ပညာရေး၊ အာမခံလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ အိမ်ခြံမြေလုပ်ငန်းများ၊ စက်သုံးဆီနှင့်ဓာတ်ငွေ့လုပ်ငန်းများ၊ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းများ၊ စားသုံးဆီစိုက်ပျိုးထုတ်လုပ်ရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ဆေးနှင့်ဆေးပစ္စည်းဆိုင်ရာလုပ်ငန်းများ၊ တိရစ္ဆာန်အစာထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စက်မှုပိုင်းဆိုင်ရာနှင့် ဆက်စပ်လုပ်ငန်းများ စသည်ဖြင့် ကဏ္ဍအသီးသီးမှ နှစ်နိုင်ငံတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

"ဒီနေ့ အဓိက တွေ့ဆုံဆွေးနွေးတာကတော့ နှစ်နိုင်ငံ ကုန်သွယ်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကို အဓိကထားဆွေးနွေးတာဖြစ်တယ်။ နောက်ပိုင်းတော့ ကုန်သွယ်မှုရော၊ ရင်းနှီးမြှုပ်နှံမှုပါ အတိုင်းအတာတစ်ခုထိတော့ တိုးတက်လာမယ်လို့ မြင်တယ်" ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ပြောသည်။

ယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံ ပညာရေးကဏ္ဍဘက်မှ ပါဝင်လာသည့် တက္ကသိုလ်ကြီးနှစ်ခုက မြန်မာနိုင်ငံမှ အမျိုးသမီးနှစ်ဦးကို စကောလားရှစ်ပေးရန် ကမ်းလှမ်းခဲ့သည်။ ယင်းစကောလားရှစ်ပေးမည့် အမျိုးသမီးနှစ်ဦးကို မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းမှ တာဝန်ယူရွေးချယ် စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

"အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အဓိက စိတ်ဝင်စားတာကတော့ သီလဝါအထူးစီးပွားရေးဇုန်ပါ။ ကျွန်တော်တို့ဆီမှာလည်း တစ်ဆင့်နဲ့တစ်ဆင့် ပေါ်လစီတွေ ပြုပြင်ပြောင်းလဲနေတာကို သူတို့ကသိတယ်။ ဒါ့ကြောင့် ရင်းနှီးမြှုပ်နှံဖို့ လာရောက်လေ့လာတဲ့ သဘောပါ" ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ကိုကျော်ဒေဝက ပြောသည်။

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မင်းထက်**

## ဒုတိယကမ္ဘာစစ်က အသုံးပြုခဲ့သော သမိုင်းဝင် C -47 လေယာဉ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်မည်

**မန္တလေး ဩဂုတ် ၁၈**

မြန်မာနိုင်ငံနှင် အမေရိကန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ပြသသောအားဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော သမိုင်းဝင်လေယာဉ်တစ်စင်းဖြစ်သည် C-47 ၏ နောက်ဆုံး ဟမ့်တောင်ကုန်းတစ်လျှောက် ပျံသန်းသည့် ခရီးစဉ်တွင် မန္တလေးမြို့ တံတားဦးလေဆိပ်သို့ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ဆင်းသက်မည်ဖြစ်ကြောင်း ဂျက်ဖာဆန်စင်တာ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါလေယာဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့လင်မြို့ရှိ ကျားပျံအမွေအနှစ်ပြတိုက်တွင် ထာဝရထားရှိပြသရန်အတွက် ဟမ့်တောင်ကုန်းတစ်လျှောက် ပေါ်မှ မပျံသန်းမီ မန္တလေးမြို့တွင် သမိုင်းဝင်ခရီးစဉ်အဖြစ် ဆင်းသက်မည်ဖြစ်ကြောင်း၊ ယင်းနေ့ ညနေ ၃ နာရီတွင် ဂျက်ဖာဆန်စင်တာတွင် အဆိုပါခရီးစဉ်အကြောင်းကို ရှင်းလင်းပြောကြားမည်ဖြစ်ပြီး ဩဂုတ် ၂၀ ရက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဒွါဒသမ အကြိမ်မြောက်
မြန်မာနိုင်ငံကြက်ခြေနီညီလာခံ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်
စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်


## ဝန်မြစ်ရေ ပုသိမ်မြို့၌ စိုးရိမ်ရေမှတ်ကျော်လွန်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ပုသိမ်မြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မြန်မာ့ပင်လယ်ပြင် လေပြင်းများကျပြီး လှိုင်းကြီးမည်

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးပိုလာမည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ တောင် တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာပြီး အပူပိုင်းမုန်တိုင်း "ဒိုင်ယမ်မူ" (Dianmu) အဖြစ်သို့ ရောက်ရှိခဲ့ကာ နောက် ၁၂ နာရီ အတွင်း တုံကင်ပင်လယ်ကွေ့ကိုဖြတ်ကျော်ပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**(မိုး/ဇလ)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီ တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**(မြန်မာ့အလင်း)**

## ရေလှောင်တမံကြီးများနှင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၅ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ကေပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင် - လှိုင်းဘွဲ့မြို့ | ၂၈၇၇၄ | ၀.၈၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း - ဖလမ်းမြို့ | ၁၉၅၄ | ၁.၁၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း - ကလေးမြို့ | ၅၂၀၀၀ | ၃.၀၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး - အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၄၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး - ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၆၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး - ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၅၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး - ပဲခူးမြို့ | ၂၆၁၈၆ | ၁.၀၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး - ပဲခူးမြို့ | ၁၉၉၁၂ | ၁.၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး - ပဲခူးမြို့ | ၃၇၀၀ | ၀.၁၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး - ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၉၉' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး - ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၄၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး - လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၆၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး - မြို့သစ်မြို့ | ၂၅၀၀၀ | ၀.၂၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး - စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၆.၄၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး - ငဖဲမြို့ | ၁၂၀၀၀၀ | ၁.၀၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး - ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆.၈၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး - ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၆၀' |
| ၁၈။ | မဒေးရေလှောင်တမံ | မကွေး - ကံမမြို့ | ၅၃၉၀၈ | ၀.၂၀' |
| ၁၉။ | ပြိုင်းချောင်းရေလှောင်တမံ | ရခိုင် - ကျောက်တော်မြို့ | ၂၅၂၀၅ | ၁.၀၀' |
| ၂၀။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင် - ကျောက်တော်မြို့ | ၁၁၄၀ | ၁.၀၀' |
| ၂၁။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန် - သန်လျင်မြို့ | ၁၇၃၅ | ၀.၅၅' |
| ၂၂။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန် - သန်လျင်မြို့ | ၅၃၆၄ | ၀.၄၀' |
| ၂၃။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက် - နမ္မတူမြို့ | ၂၅၉၀၀ | ၁.၈၅' |
| ၂၄။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ - အင်္ဂပူမြို့ | ၄၀၄၈၇ | ၀.၂၀' |
| ၂၅။ | ကညင်ရေလှောင်တမံ | ဧရာဝတီ - အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၄၀' |

**(သတင်းစဉ်)**

# ဟိုပန်၌ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်ဌာပနာသွင်းမင်္ဂလာအခမ်းအနား ကျင်းပ

**ဟိုပန် ဩဂုတ် ၁၈**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ ရဋ္ဌပါလကုန်းတော်ပေါ်၌တည်ထားတော်မူသော အဘယလာဘ ကမ္ဘာ့ငြိမ်းချမ်းရေးဘွဲ့အမည်ရ ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူ၏ ဌာပနာသွင်း မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီခွဲက အဆိုပါကုန်းတော်ပေါ်တွင် ကျင်းပခဲ့သည်။

ဟိုပန်မြို့ (၃၁)ဘုံ စေတီကုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီဟဗလထံမှ ညွှန့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူသည်။

ထို့နောက် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့်ဇနီး မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ဌာပနာသွင်းပူဇော်မည့် ဆင်းတုတော်များ၊ ဓာတ်တော်များ၊ မြသပိတ်တော်များ၊ ကျောက်မျက်ရတနာများကို ရုပ်တော်မူဘုရား လေးဆူအား ရည်မှန်း၍ သံဃာတော်အရှင်သူမြတ်တို့ထံ ကပ်လှူပူဇော်ခဲ့သည်။

ယင်းနောက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် သုံးကြိမ်လှည့်လည်ပူဇော်ပြီး မင်္ဂလာအချိန်တွင် တာဝန်ရှိသူများက ဌာပနာသွင်းလှူပူဇော်ပြီး ရတနာရွှေမိုး ငွေမိုးများ သွန်းဖြိုးခဲ့သည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူအား "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ဇနီး မိသားစုက မတည်လှူဒါန်းကာ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဉာဏ်တော်အမြင့် ၂၇ ပေ၊ ရွှေထီးတော်နှင့် အရပ်လေးမျက်နှာသို့ မျက်နှာမူကာ တည်ထားခြင်းဖြစ်ကြောင်း သိရသည်။



**(ခရိုင် ပြန်/ဆက်)**

# ဝါခေါင်လပြည့်နေ့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော် အောင်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် အကြိမ်(၈၀)မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်နေ့ နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တကဝိသာရနှင့် သံဃာတော်ကိုးပါး၊ နေပြည်တော် တပ်ကုန်းမြို့ မြို့ဦးကျောင်းတိုက်မှ သံဃာတော် ကိုးပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ အထောက်အကူပြုအဖွဲ့ဝင် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းနှင့်ဇနီး၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ တပ်နယ်ဝတ်အသင်း ၂၀၀ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အကြိမ်(၈၀)မြောက် အသံမစဲမဟာပဋ္ဌာန်းသိမ်း အောင်ပွဲအခမ်းအနားတွင် စေတီတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကဝိသာရက မေတ္တာရေစင်၊ မေတ္တာလက်နက်၊ မေတ္တာဂွမ်းပုံ ဆောင်ပုဒ်ကဗျာများနှင့် မေတ္တာအကျိုး ၁၁ မျိုးလင်္ကာတရားတော်များအား ချီးမြှင့်ဟောကြားခဲ့ကြောင်း သိရသည်။

**သီဟန်သိန်း(အေးချမ်းမြေ)**

# (၂၁)ရာစုပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲကျင်းပ

**ဗန်းမော် ဩဂုတ် ၁၈**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက (၂၁) ရာစုပင်လုံညီလာခံကြိုဆိုထောက်ခံပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ လူမျိုးပေါင်းစုံပါဝင်သော ဘာသာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ နိုင်ငံရေးပါတီများ စုစုပေါင်း ၁၀၀၀ ခန့်တို့သည် နံနက် ၈ နာရီ မိနစ် ၅၀ တွင် သိမ်မဟာစေတီတော်မြတ်ကြီးဝင်းအတွင်း စုရပ်မှ လမ်းလျှောက်ထွက်ခွာ၍ ကြွေးကြော်သံများ ဟစ်ကြွေးပြီး ဂျူဗလီလမ်း၊ ရွှေကျောင်းကုန်လမ်း၊ သီရိရတနာဈေးတောင်ဘက်လမ်း၊ သီရိရတနာဈေးအရှေ့မှ သိမ်မဟာစေတီဝင်းအတွင်းသို့ ချီတက်ခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အခမ်းအနားကျင်းပရာ မြန်မာနိုင်ငံတော်အလံအား အလေးပြု၍ နိုင်ငံတော်သီချင်းသီဆိုကြပြီး (၂၁)ရာစုပင်လုံညီလာခံ ထောက်ခံသည့်အဆိုကို ကချင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဦးနန်းဇိန်းကန်ဖန်က တင်သွင်းကာ ရှမ်းရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းဖိုးလင်းနှင့် ချင်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးလောတာတီးတို့က ထောက်ခံဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**





# ဖြူးမြို့၌ ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်

**ဖြူး ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၌ သက်ဆိုင်ရာမှ ခွင့်ပြုချက်ဖြင့် ဦးသန်းဇော် (ရွှေနေဟောင်း) ဦးဆောင်သော လူ ၂၀ ခန့်တို့သည် ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်း ဖြူးမြို့ မြန်မာ့ဆက်သွယ်ရေးစာတိုက်နှင့် ဝိုင်းကဖီးဆိုင်အနီးမှစ၍ ဖြူးမြို့မြောက်ဘက် ဖြူးချောင်းအနီး ဗိုလ်ချုပ်ကြေးရုပ်အထိ ဥပဒေနှင့်အညီ မှန်ကန်စွာအကြံပေးရေး၊ မှန်ကန်တရားမျှတသော တရားဥပဒေ စိုးမိုးမှုပေါ်ထွန်းရေး၊ တရားရုံးများတွင် သက်သေများအား ခြိမ်းခြောက်မေးမြန်းမှု ပပျောက်ရေးဟူ၍ ရေးသားထားသော ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဗိုလ်ချုပ်ကြေးရုပ်ရှေ့ရင်ပြင်၌ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ဦးသန်းဇော်နှင့် ပါဝင်သူများက ဖြေကြားကြသည်။

**ဖြူး-မြင့်ဦး**

■

❍ ကျောဖုံးမှ

တပ်ခွဲမှူး ဒုတိယရဲမှူးအောင်ဇော်ဦး ဦးစီး တပ်ဖွဲ့ဝင် ၁၀ ဦးတို့က မြန်မာ့မီးရထားဝန်ထမ်းများနှင့်ပူးပေါင်း၍ ခရီးသည်များ၏ ပစ္စည်းများ ပျောက်ဆုံးမှုမရှိစေရန် ကူညီ သယ်ဆောင်ပေးခြင်းနှင့် ခရီးသည်များ လုံခြုံရေးအတွက် စောင့်ရှောက်ပေးကြသည်။

"တံတားမပြီးမချင်း ရထားရဲတပ်ဖွဲ့က ရထားဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး နေ့စဉ် ခရီးသည်တွေကို မန္တလေးဘူတာကြီးကနေ RBE ရထားနဲ့တင်ဆောင်ပြီး တံတားတစ်ဖက်မှာရှိတဲ့ ရထားတွဲတွေဆီကို ကူညီပို့ဆောင်ပေးမှာပါ"ဟု တပ်ခွဲမှူး ဒုတိယရဲမှူးက ပြောသည်။ တံတားပြိုလဲသွားသဖြင့် ပေ ၂၀ ရှိ သံပေါင်အမှတ် (၁)သည် ရေထဲပြုတ်ကျခဲ့ပြီး အရှည် ပေ ၅၀၊ အမြင့် ၁၂ ပေရှိ အဆိုပါ တံတားပြုပြင်မှုကို ဩဂုတ် ၂၃ ရက်တွင် အပြီးဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းကြောင်း သိရသည်။

# စိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးနည်းပညာများ လက်တွေ့ကွင်းဆင်းပြသ

**ပဲခူး ဩဂုတ် ၁၈**

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးပညာပေးသင်တန်းစာတွေ့နှင့် ကွင်းဆင်းလက်တွေ့နှစ်ရက်ကို ဩဂုတ် ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး၌ ပြုလုပ်ရာ မြေအသုံးချရေး တာဝန်ခံက မြေထဲရှိ မူလရှိရင်းစွဲ အာဟာရကို သိရှိနိုင်ပြီး မျှော်မှန်းအထွက်နှုန်းရရှိရန် ထည့်သွင်းရမည့် မြေဩဇာနှုန်းထားကို ထောက်ခံချက်ပေးနိုင်သော RTOP စမ်းသပ်ကွက်အား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မျိုးစေ့တာဝန်ခံက ခေါင်နှံကို နှံခတ်အလိုက် စိုက်ပျိုးကာ ရေမြုပ်ခံ(၁) စပါးမျိုး ၆၃ ရက်သား စိုက်ခင်းကို ကွင်းဆင်းစစ်ဆေးခြင်းဖြင့် လက်တွေ့ပြသပြီး မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကိုပါ တစ်ပါတည်း လုပ်ဆောင်ပြသခဲ့သည်။ **(အပေါ်ပုံ)**



သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၂၁ ဦး တက်ရောက်ပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်က ဩဂုတ် ၁၇ ရက်တွင် သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ခြင်းလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ယှဉ်ပြိုင်ကစားရာ ခြင်းလုံးဝါသနာရှင်များ အားပေးကြသည်။

ပြိုင်ပွဲတွင် မြင်းခြံအသင်းက ရမှတ် ၇၂၉ မှတ်ဖြင့် ပထမ၊ အမရပူရအသင်းက ရမှတ် ၇၂၇ မှတ်ဖြင့် ဒုတိယရရှိပြီး ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီတွင် အဆိုပါ နှစ်သင်း ဗိုလ်လုပွဲ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တောင်ဆူဒန်အတိုက်အခံခေါင်းဆောင် နိုင်ငံအတွင်းမှထွက်ခွာ

**ဂျူဘား ဩဂုတ် ၁၈**

တောင်ဆူဒန်နိုင်ငံ၏ ဒုသမ္မတဟောင်းဖြစ်သည့် အတိုက်အခံခေါင်းဆောင်ရိတ်ခ်မာချာသည်နိုင်ငံမှထွက်ခွာကာ အိမ်နီးချင်းဒေသသို့ သွားရောက်နေထိုင်ပြီဖြစ်ကြောင်း အာဏာပိုင်များက ကြာသပတေးနေ့တွင် ပြောခဲ့သည်။

ပြင်းထန်စွာဖြစ်ပွားနေသည့် တိုက်ပွဲများအကြားတွင် ၎င်းသည် မြို့တော်ဂျူဘားမှ ဆုတ်ခွာသွားခဲ့ပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင် အာဏာပိုင်များက ထိုသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

မာချာသည် ၎င်း၏ယှဉ်ပြိုင်ဘက် သမ္မတဆယ်လ်ဗာကီယာ၏ သစ္စာတော်ခံအင်အားစုများနှင့် နှစ်နှစ်ကြာ ပုန်ကန်ထကြွမှုများကို ဦးဆောင်ခဲ့သူဖြစ်သည်။ ၂၀၁၅ ခုနှစ်ဩဂုတ်လအတွင်းက ငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုသည့် အဆင့်သို့ ရောက်ရှိခဲ့သည်။

စာချုပ်အပြီးတွင် မာချာသည် ဧပြီလ၌ ဒုတိယသမ္မတအဖြစ် ဆက်လက်ထမ်းဆောင်ရန် မြို့တော်ဂျူဘားသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဇူလိုင်လအတွင်း တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့ပြီးနောက်တွင် သမ္မတကီယာက ရိတ်ခ်မာချာအား ဒုတိယသမ္မတနေရာမှ ဖြုတ်ချခဲ့ပြီး တာဘန်ဒိုင်ဂီအား၎င်း၏နေရာ၌ ခန့်အပ်ခဲ့သည်။

(ရိုက်တာ)



ဇူလိုင် ၈ ရက်က ဂျူဘားရှိ သမ္မတအိမ်တော်တွင် တောင်ဆူဒန်ဒုတိယသမ္မတဟောင်းလည်းဖြစ်၊ အတိုက်အခံခေါင်းဆောင်လည်းဖြစ်သူ ရိတ်ခ်မာချာ မိန့်ခွန်းပြောကြားစဉ်

# ရွေးကောက်ပွဲစစ်တမ်းများအရဟီလာရီကလင်တန်က ဦးဆောင်နေ



**နယူးယောက် ဩဂုတ် ၁၈**

ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်သည် ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့်ကို အသာစီးဖြင့် ဦးဆောင်နေသည်ဟု အင်္ဂါနေ့က နိုင်ငံတစ်ဝန်းကောက်ယူသော စစ်တမ်းများအရသိရသည်။ သမ္မတ ရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၈၀ ကျော် ကျန်ရှိနေသေးသော်လည်း နယူးယောက် ဘီလျံနာသူဌေးကြီး ထရန့်သည် အငြင်းပွားဖွယ်ကိစ္စများ၊ ဝေဖန်မှုများ မြင့်တက်လာသည်နှင့် ကြုံတွေ့နေရသည်။

ဟီလာရီက ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းရရှိထားပြီး ထရန့်ကမူ ၄၁ ရာခိုင်နှုန်း ရရှိထားသည်။ အန်ဘီစီသတင်းဌာနက ကောက်ယူသော စစ်တမ်းများ၏ ရလဒ်မှာလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

သို့သော် သမ္မတလောင်းနှစ်ဦးစလုံးမှာ လူကြိုက်များခြင်းမရှိသည်ကိုမူ စစ်တမ်းများအရ သိရသည်။ စစ်တမ်းများအရ ဟီလာရီကလင်တန်ကို ၅၉ ရာခိုင်နှုန်းက မကြိုက်ကြကြောင်းနှင့် ထရန့်ကို ၆၄ ရာခိုင်နှုန်းက သဘောကျခြင်းမရှိကြောင်း ဖော်ပြလျက်ရှိသည်။

၁၆ရာခိုင်နှုန်းသော မဲဆန္ဒရှင်များက အိမ်ခြံမြေသူဌေးကြီးထရန့်ကို ရိုးသား၍ယုံကြည်ရန် ထိုက်တန်သည်ဟု ယူဆကြသည်။ ထိုကဲ့သို့ပင် တခြားသောမဲဆန္ဒရှင် ၁၁ ရာခိုင်နှုန်းမှာလည်း ဟီလာရီကလင်တန်ကို ထိုကဲ့သို့ပင်ယုံကြည်ကြသည်။ ယင်းစစ်တမ်းများကို ဩဂုတ် ၈ ရက်မှ ၁၄ ရက်အတွင်း အရွယ်ရောက်ပြီးသူ ၁၅၁၇၉ ဦးထံမှ ကောက်ယူထားခြင်းဖြစ်သည်။

(ဆင်ဟွာ)

# အကျဉ်းသား ၃၈၀၀၀ ကို လွှတ်ပေးမည်ဟု တူရကီနိုင်ငံက ပြောကြား

**တူရကီ ဩဂုတ် ၁၈**

ဇူလိုင်အာဏာသိမ်းမှု မအောင်မြင်ကတည်းက ဖမ်းဆီးထားသော အကျဉ်းသား ၃၈၀၀၀ ကို လွှတ်ပေးမည်ဖြစ်ကြောင်း တူရကီနိုင်ငံက ပြောကြားခဲ့သည်။ ထိုသို့ထောင်ခါလိုက်ခြင်းသည် အာဏာသိမ်းမှုတွင် အပြစ်ရှိသော သက်ဆိုင်ရာလူပုဂ္ဂိုလ်များကို ဖမ်းဆီးအကျဉ်းချရန်အတွက် နေရာလွတ်ရှိအောင်လုပ်လိုက်ခြင်းပင်ဖြစ်ကြောင်း ဒေသတွင်းသတင်းမီဒီယာများတွင် ဖော်ပြသည်။

ဇူလိုင်လ ၁ ရက်နေ့မတိုင်မီ ပြစ်ဒဏ်ကျခံနေရသူ ၃၈၀၀၀ ကို ပြန်လည်လွှတ်ပေးမည်ဖြစ်ကြောင်း တရားရေးဝန်ကြီး ဘီကာဘို့ဇ်ဒက်ဂ်ျသည် ဩဂုတ် ၁၇ ရက်က ကြေညာခဲ့သည်။ အာဏာသိမ်းမှုဖြစ်ပြီးနောက် အရေးပေါ်ထုတ်ပြန်လိုက်သော အမိန့်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

လူသတ်မှုကျူးလွန်သူများ၊ အကြမ်းဖက်မှုကျူးလွန်သူများ၊ လိင်ပိုင်းဆိုင်ရာပြစ်မှုကျူးလွန်သူများနှင့် အခြားပြစ်မှု ကျူးလွန်သူများကို ဖယ်ထားခဲ့မည် ဖြစ်ကြောင်း၊ ထို့အပြင် ထိုသို့ထောင်ခါလိုက်ခြင်းသည် ပြည်သူ့လုံခြုံရေးကို မထိခိုက်နိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တူရကီ အာဏာပိုင်များသည် အာဏာသိမ်းမှုတွင် ပါဝင်ခဲ့သော စစ်ဘက်ဆိုင်ရာ ၂၀၀၀၀ ကျော်နှင့် အခြားအာဏာသိမ်းမှုနှင့် သက်ဆိုင်သူများကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

(အင်န်အိတ်ခ်ျကေ)

# အမေရိကန်ရေကူးပြိုင်ပွဲဝင်နှစ်ဦး ရီယိုလေဆိပ်၌ ရပ်တန့်စစ်ဆေးခံရ

ရီယိုဒီဂျနေရိုး ဩဂုတ် ၁၈

ဘရာဇီးအာဏာပိုင်များသည် ရီယိုဒီဂျနေရိုးရှိ လေဆိပ်၌ အမေရိကန်ရေကူးသမား ဂန်နာဘန့်ဇ်နှင့် ဂျက်ကွန်ဂါတို့အား လေယာဉ်ပေါ်အတက်တွင် ရပ်တန့်စစ်ဆေးခဲ့ကြောင်း အမေရိကန်အိုလံပစ်ကော်မတီက အတည်ပြုပြောကြားခဲ့သည်။

ဗုဒ္ဓဟူးနေ့ နှောင်းပိုင်းတွင် အမေရိကန်သို့ သွားရောက်မည့် လေယာဉ်ပေါ်မှ ၎င်းတို့နှစ်ဦးအား စစ်ဆေးရန်အတွက် ပြန်လည်ခေါ်ထုတ်ခဲ့သည်။ အသင်းဝင်နှစ်ဦးဖြစ်သည့် ဂျိမ်းစ်ဖိန်ဂျင်နှင့် ရန်လော့ချ်တီတို့ကိုလည်း နိုင်ငံအတွင်းမှထွက်ခွာရန် တားမြစ်ခဲ့သည်။ သို့သော် လော့ချ်တီမှာ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

ရဲအဖွဲ့က ရီယို၌ တနင်္ဂနွေနေ့တွင် လုယက်မှုကျူးလွန်ခံခဲ့ရသည်ဟု သတင်းရရှိမှုအရ ၎င်းတို့အား စုံစမ်းမေးမြန်းလျက်ရှိသည်။



၎င်းတို့လေးဦးက ရီယိုရှိ တက္ကစီတစ်စီးပေါ်တွင်ရှိနေစဉ် သေနတ်ဖြင့် ခြိမ်းခြောက်၍ လုယက်ခံခဲ့ရကြောင်း ပြောကြားခဲ့သည်။ အဖွဲ့ဝင်လော့ချ်တီသည် အိုလံပစ်၌ ဆုတံဆိပ် ၁၂ ဆု ရရှိထားသည့် ရေကူးသမားတစ်ဦးဖြစ်သည်။ **(ဘီဘီစီ)**

# တောင်တရုတ်ပင်လယ်အတွင်း တရားမဝင်ငါးဖမ်းခြင်းကို နှိမ်နင်းမှုများ အရှိန်မြှင့်လုပ်ဆောင်

**ဂျကာတာ ဩဂုတ် ၁၈**

အင်ဒိုနီးရှားနိုင်ငံသည် တောင်တရုတ်ပင်လယ်တွင် တရားမဝင် ငါးဖမ်းယူခြင်းကို နှိမ်နင်းမှုများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း အင်န်အိတ်ခ်ျကေသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားအစိုးရသည် စောင့်ကြည့်ရေးရေဒါတစ်ခုကို နာတူနာကျွန်းရေတပ်အခြေစိုက်စခန်းတွင် ဩဂုတ် ၁၇ရက်က တပ်ဆင်ခဲ့သည်။ ဩဂုတ် ၁၇ရက်သည် အင်ဒိုနီးရှားနိုင်ငံ၏ လွတ်လပ်ရေးနေ့ဖြစ်သည်။

ယင်းကျွန်းအနီး ရေပိုင်နက်တွင် ရေသယံဇာတများ ပေါကြွယ်ဝသကဲ့သို့ သဘာဝဓာတ်ငွေ့လည်း ပေါများကြောင်း ပင်လယ်ရေကြောင်းနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဆူစီပက်ဒ်ဂျီစတူတီက ပြောသည်။

အင်ဒိုနီးရှားအစိုးရအနေဖြင့် နိုင်ငံ၏အချုပ်အခြာပိုင်နက်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။ ဩဂုတ် ၁၇ရက်က အင်ဒိုနီးရှားအစိုးရအနေဖြင့် ဖမ်းဆီးရမိခဲ့သော နိုင်ငံခြားငါးဖမ်းသင်္ဘော၅၈စင်းကို နစ်မြှုပ်ခဲ့သည်။ သို့သော် ၎င်းအနေဖြင့် ဖမ်းဆီးခဲ့သော သင်္ဘောများသည် မည်သည့်နိုင်ငံမှဖြစ်သည်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

(အင်န်အိတ်ခ်ျကေ)

# ပဟေဠိဆန်ဆန်ပျောက်ဆုံးသွားသော အိန္ဒိယစစ်လေယာဉ် Antonov-32

**ကလျာမိုးမြင့်**



အိန္ဒိယကာကွယ်ရေးဝန်ကြီး မနိုဟာပါရီကာ

**လေယာဉ်အမှုထမ်းခြောက်ဦးအပါအဝင် ခရီးသည် ၂၉ ဦးလိုက်ပါလာတဲ့ အိန္ဒိယတပ်မတော်လေယာဉ်တစ်စင်းဟာ ဇူလိုင် ၂၂ ရက်က ဘင်္ဂလားပင်လယ်အော် အလွန်မှာ ပျောက်ဆုံးသွားခဲ့ပါတယ်။ ရက်ပေါင်း ၂၀ ကျော်ကြာအောင် အပူတပြင်း ရှာဖွေမှုတွေ လုပ်ဆောင်ခဲ့ပေမယ့် အရိပ်အယောင် သဲလွန်စလေးတစ်ခုတောင် မတွေ့ခဲ့ပါဘူး။ ကာကွယ်ရေးဝန်ကြီး မနိုဟာပါရီကာက ဒါကိုပဟေဠိဆန်တဲ့ ရုတ်တရက် လေယာဉ်ပျောက်ဆုံးမှုလို့ ကျွမ်းကျင်သူတွေကို ပြောကြားခဲ့ပါတယ်။**

**လေယာဉ်နှင့် စပ်လျဉ်း၍ သိရှိရသမျှ**

Antonov-32 သယ်ယူပို့ဆောင်ရေး လေယာဉ်ဟာ တောင်ပိုင်းမြို့တော် ချန်နိုင်းကနေ အရှေ့ပိုင်း အက်ဒမန်နဲ့ နီကိုဘာကျွန်းစုတွေရှိရာ ပို့ဘလဲမြို့ဆီကို သုံးနာရီကြာ ခရီးစဉ်အဖြစ်နဲ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၃၀ မိနစ်မှာ ထွက်ခွာခဲ့ပါတယ်။

လေယာဉ်ဟာ ပျံသန်းမှုထိန်းချုပ်ရေး လမ်းကြောင်းပေါ်ကနေ မပျောက်ကွယ်မီ ဒေသစံတော်ချိန် ၉ နာရီ ၁၂ မိနစ်မှာ ချန်နိုင်းအရှေ့ဘက် ၂၇၀ ကီလိုမီတာ (၁၆၇မိုင်) အကွာလောက်အရောက်မှာ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၂၃၀၀၀ (၇၀၁၀ မီတာ)အထိ ပျံတက်သွားခဲ့ပါတယ်။ လေယာဉ်မှူးဟာ ထစ်ချုန်းမိုးတိမ်တွေကို ရှောင်ရှားဖို့ လေယာဉ်ဦးတည်ရာကို ညာဘက်ပြောင်းနေတဲ့ အကြောင်းကို သတင်းပေးပို့ခဲ့ပါသေးတယ်။

လေယာဉ်ဟာ ယင်းရောက်ရှိနေတဲ့ အမြင့်ပေကနေ တစ်ရှိန်ထိုးဆင်းသွားပြီး ရေဒါပေါ်ကနေ ပျောက်ကွယ်သွားခဲ့တယ်ဆိုတာကို မှတ်တမ်းက ဖော်ပြနေပါတယ်။ လေယာဉ်မောင်းထိုင်တဲ့ခုံကနေ စိတ်ပူပန်စရာ ဖုန်းခေါ်ဆိုမှုလေးတောင် ဝင်မလာခဲ့ပါဘူး။ အရေးပေါ်အကူအညီတောင်းခံမှု (SOS) လည်း မလာသလို အသံလှိုင်းထုတ်လွှင့်မှုလည်းမရှိပါဘူး။ ဒါဟာ တကယ့်စိုးရိမ်စရာအချက်ပဲလို့ မစ္စတာပါရီကာက ပြောပါတယ်။

ရေဒါစက်ကွင်းလွတ်တဲ့ ရေမိုင် ၁၅၀-၂၀၀ ခန့် ဧရိယာအစွန်အဖျားလောက်မှာ လေယာဉ်ကွယ်ပျောက်သွားခဲ့တာပါ။ ပင်လယ်နဲ့ကုန်းတွင်းပိုင်းတွေကနေ ကွာဝေးလှတဲ့ ဧရိယာအလွန်ကို ရောက်ရှိပျောက်ကွယ်သွားခြင်းက ဆန်းကြယ်တဲ့အချက် ဖြစ်ပါတယ်။ ပျောက်ဆုံးလေယာဉ်ကို ပင်လယ်ရေနက်ပိုင်း ရှာဖွေလုပ်ဆောင်မှုဟာ အိန္ဒိယလေကြောင်းသမိုင်းမှာ အခက်အခဲဆုံး အားစိုက်ကြိုးပမ်းမှုကြီးတစ်ခုဖြစ်ကြောင်း အာဏာပိုင်များက ဆိုပါတယ်။

တပ်မတော်လေကြောင်းအဖွဲ့နဲ့ ကမ်းခြေစောင့်တပ်ဖွဲ့လေယာဉ်တွေဟာ အပျက်အစီး အပိုင်းအစတွေကို ခြေရာခံနိုင်ဖို့ ရေမိုင် ၃၆၀ အတွင်းမှာ နာရီပေါင်း ၁၀၀၀ ကျော်ကြာတဲ့အထိ ကြိုးစားပျံသန်းခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ထိပ်တန်းအဏ္ဏဝါဗေဒအဖွဲ့နဲ့ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုအဖွဲ့ကနေ ငှားရမ်းထားတဲ့ အဆင့်မြင့် ရှာဖွေရေးယာဉ်နှစ်စင်းအပါအဝင် သင်္ဘောအစင်း ၃၀ နဲ့ ရေငုပ်သင်္ဘောတွေဟာ ရေအောက် ၄၃၀၀ စတုရန်း ကီလိုမီတာကျော်လောက်ကနေ ရေအနက်လေးကီလိုမီတာလောက်အထိ ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြတာပါ။

**ကောက်ရိုးပုံအတွင်းမှ အပ်တစ်ချောင်း**

ဘယ်လိုပင်ကြိုးစားရှာဖွေပါသော်လည်း ရှာဖွေရေးအဖွဲ့က တွေ့ရှိခဲ့တာတွေကတော့ ပင်လယ်ရေနက်ပိုင်းက ကျောက်စကျောက်နတွေရယ် ပျောက်ဆုံးလေယာဉ်နဲ့ ဘယ်လိုမှ ဆက်စပ်မှုမရှိတဲ့ အစိတ်အပိုင်းတွေရယ်ပါပဲ။ ပျောက်ဆုံးလေယာဉ်မဟုတ်တဲ့ အီလက်ထရွန်နစ်အချက်ပြမှု ၂၄ ခုကိုရရှိခဲ့ပါတယ်။ ဂြိုဟ်တုတွေမှာလည်း လေယာဉ်နဲ့ ပတ်သက်တဲ့ အချက်ပြမှုတွေ မပေါ်ခဲ့ပါဘူး။

ပျောက်ဆုံးလေယာဉ် Antonov-32 ဟာ ယူကရိန်းနိုင်ငံလုပ် လေယာဉ်ဖြစ်ပြီး Airforce's 100 ရဲ့ အစိတ်အပိုင်းလို့ပြောလို့ရပါတယ်။ လေတပ်အင်အားစုရဲ့ အလုပ်သမားအင်အားအဖြစ်နဲ့လည်း တင်စားခြင်းခံရပါတယ်။ ၁၉၈၄ နဲ့ ၁၉၉၁ ခုနှစ်အတွင်းမှာ လေတပ်အင်အားစုအဖြစ် သွတ်သွင်းခဲ့ပါတယ်။ လာဒါကာမှာရှိတဲ့ ကမ္ဘာ့အမြင့်ဆုံးလေယာဉ်ကွင်း ဒေါလတ်ဘက်အော်လ်ဒီကို ပုံမှန်ဆင်းသက်နိုင်ခဲ့တဲ့ လေယာဉ်ဖြစ်တယ်လို့ လေတပ်အရာရှိတွေက ညွှန်းဆိုနေကြပါတယ်။

လေယာဉ်ကို အဆင့်မြှင့်တင်ခဲ့ပြီးနောက် နာရီပေါင်း ၁၇၉ နာရီကြာအောင် ပျံသန်းခဲ့တယ်လို့ လေတပ်အရာရှိ မစ္စတာပါရီကာက ပြောပါတယ်။ လေယာဉ်မှူးဟာ လမ်းကြောင်းပေါ်မှာ နာရီ ၅၀၀ ကျော်ကြာအောင်ပျံသန်းခဲ့ပါတယ်။

လေယာဉ်မှာ အရေးပေါ်ရှာဖွေရေး ထုတ်လွှင့်စက်တပ်ဆင်ထားပြီး အသက်ကယ်အင်္ကျီ၊ လေအိတ်တွေနဲ့ ပူးတွဲထားတဲ့ အရေးပေါ်သတိပေးအချက်ပြ ကိရိယာတွေလည်း ပါရှိပါတယ်။ အဲဒီနေရာတွေကနေ အချက်ပြမှုတွေဝင်ရောက်လာမလားဆိုပြီး စောင့်ကြည့်နေခဲ့ပေမယ့် ဘာမှဝင်မလာခဲ့ဘူးလို့ အာဏာပိုင်တစ်ဦးက ပြောခဲ့ပါ တယ်။

ပြဿနာတစ်ခုရှိနိုင်တာက ရေအောက်ရှာဖွေရေးအချက်ပြကိရိယာများမှာ ဘက်ထရီ သုံးစွဲနိုင်မှု သက်တမ်းဟာ ရက် ၃၀ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်က အိန္ဒိယရဲ့ ယုံကြည်စိတ်ချရတဲ့ သယ်ယူပို့ဆောင်ရေးယာဉ်ရဲ့ ချပ်ဝတ်တန်ဆာပိုင်းမှာ ထိခိုက်မှုအကြီးအကျယ်ဖြစ်ခဲ့တယ်လို့ ထင်မြင်စေခဲ့ပါတယ်။ အခြားသော ဘယ် Antonov -32 လေယာဉ်တွေမှာမှ ခုလိုတပ်ဆင်ထားခြင်းမျိုး မရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့လက လေယာဉ်ရဲ့ အစွန်းပိုင်းမှာ ပွန်းပဲ့ဒဏ်ရာသုံးခုရှိတယ်လို့ သတင်းပေးပို့မှု ရှိခဲ့ပါတယ်။

အဆုံးသတ်မှာတော့ လေယာဉ်ဘာဖြစ်သွားတယ်ဆိုတာကို ဘယ်သူကမှ မသိကြတော့ပါဘူး။ လေထဲမှာတင် ပျောက်ကွယ်သွားသလား။ သမုဒ္ဒရာထဲကိုပဲ ငုပ်လျှိုးသွားသလား၊ ကာကွယ်ရေးဝန်ကြီးကတော့ လေယာဉ်ဖျက်ဆီးခံလိုက်ရဖို့ ဖြစ်နိုင်ခြေနည်းတယ်လို့ ယုံကြည်နေပါတယ်။ ၂၀၁၅ ခုနှစ် ဇွန်လတုန်းကတော့ အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့က ကင်းထောက်လေယာဉ်တစ်စင်း ကွယ်ပျောက်သွားခဲ့ဖူးပေမယ့် တစ်လကျော်အကြာမှာ အပျက်အစီးတွေကို ပြန်ရှာတွေ့ခဲ့ပါတယ်။ အခုလေယာဉ်ပျောက်ဆုံးမှုမှာတော့ ခန့်မှန်းယူဆနိုင်တဲ့အကြောင်းတွေမရှိခြင်းက ဆန်းကြယ်နေပါတယ်။ ဒါဟာကောက်ရိုးပုံထဲမှာ အပ်ပျောက်ရှာနေရသလိုပဲလို့ လေတပ်အာဏာပိုင်တွေက မှတ်ချက်ချလိုက်ပါတယ်။

**ကိုးကား-ဘီဘီစီ (၁၇-၈-၂၀၁၆)**

**ရေဒါစက်ကွင်းလွတ်တဲ့ ရေမိုင် ၁၅၀-၂၀၀ ခန့် ဧရိယာအစွန်အဖျားလောက်မှာ လေယာဉ်ကွယ်ပျောက်သွားခဲ့တာပါ။ ပင်လယ်နဲ့ကုန်းတွင်းပိုင်းတွေကနေ ကွာဝေးလှတဲ့ဧရိယာအလွန်ကို ရောက်ရှိပျောက်ကွယ်သွားခြင်းက ဆန်းကြယ်တဲ့အချက် ဖြစ်ပါတယ်**





## မော်စကိုဓာတ်ဆီဆိုင်တိုက်ခိုက်သူနှစ်ဦးကို ရဲအဖွဲ့ကပစ်သတ်

**မော်စကို ဩဂုတ် ၁၈**

မော်စကို အရှေ့မြောက် ကီလိုမီတာ ၂၀ အကွာရှိ ဓာတ်ဆီဆိုင်တစ်ဆိုင်ကို တိုက်ခိုက်နေသောလူနှစ်ဦးကို ရဲများက ပစ်သတ်လိုက်ကြောင်း၊ အပြန်အလှန်ပစ်ခတ်မှုတွင် ရဲအရာရှိနှစ်ဦး ဒဏ်ရာရသွားကြောင်း ရုရှားပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကနဦးသတင်းဖော်ပြချက်များအရ အဆိုပါ လူနှစ်ဦးသည် လက်နက်များ၊ ပုဆိန်များဖြင့် မော်စကိုမြို့ ဘဲလ်လက်ရှီခါမြို့အနီး ရဲကင်းစခန်းကို တိုက်ခိုက်ရန်ကြိုးစားခဲ့ကြကြောင်း ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အီရီနာဗော့ခ်က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အခြားသူများကကားများဖြင့် လွတ်မြောက်ရန်ကြိုးစားစဉ်အတွင်း တိုက်ခိုက်ရေးသမားတစ်ဦးမှာ ချက်ချင်းသေဆုံးသွားကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ မော်စကိုပြည်နယ် တရားဥပဒေစိုးမိုးရေးဌာနက အကြမ်းဖက်တိုက်ခိုက်သူနှစ်ဦးအား အမှုဖွင့်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ကူးစက်ရောဂါများဖြစ်ပွားခဲ့သော ကျေးရွာများသို့ ထောက်ပံ့ငွေနှင့် အစားအသောက်များပေးပို့




**နေပြည်တော် ဩဂုတ် ၁၈**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ကူးစက်ရောဂါဖြစ်ပွားခဲ့သောကျေးရွာများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ စားနပ်ရိက္ခာနှင့် ထောက်ပံ့ငွေများ ပေးပို့ထောက်ပံ့လျက်ရှိရာ ဩဂုတ် ၁၈ ရက်က ဒုတိယအကြိမ်အဖြစ် ဆန်၁၀၄အိတ်၊ ဆီပိဿာ ၂၀၀၊ ကုလားပဲပိဿာ၆၀၀၊ ငါးသေတ္တာဘူး ၃၃၀၀၊ ဆား ၇၅ ပိဿာနှင့် ခြင်ထောင်အလုံး ၅၀၀တို့ကို မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဟုမ္မလင်းသို့ တပ်မတော် Y-8 လေယာဉ်ဖြင့်ပို့ဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် ခန္တီးမြို့သို့၊ ဩဂုတ် ၁၉ ရက်တွင် လဟယ်မြို့သို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကူးစက်ရောဂါများဖြစ်ပွားခဲ့သော ကျေးရွာများရှိ ပြည်သူများအား လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်သိန်း ၅၀၀ကို နာဂဒေသဦးစီးအဖွဲ့သို့ ပေးပို့ထားရှိကြောင်း သိရသည်။

ထို့အတူ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်းရှိ စားဝတ်နေရေး အခက်အခဲကြုံတွေ့လျက်ရှိသည့် ကျေးရွာ ၁၁ ရွာအတွက် ဆန်ရိက္ခာ နှစ်လစာ ၃၂၅၈ အိတ် ထောက်ပံ့နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၈၃၀ ဒသမ ၇၉ သိန်းကို ဇူလိုင် ၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ကူးစက်ရောဂါများ ဖြစ်ပွားခဲ့သော ကျေးရွာများအတွက် အရေးပေါ် လိုအပ်သော စားနပ်ရိက္ခာများ၊ အာဟာရဖြည့်စွက်စာများကို ပထမအကြိမ်အဖြစ် ဩဂုတ် ၁၅ ရက်က ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အလားတူ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလျက်ရှိသည့်ဒေသများ၊ ဝေးလံခေါင်းပါးပြီး စားနပ်ရိက္ခာရှားပါးသောဒေသများသို့ လိုအပ်သည့်ထောက်ပံ့ကူညီမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရေနောက်မျောပါသေဆုံးသူ၏ မိသားစုအား ထောက်ပံ့ငွေပေး

**မိုင်းဆတ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၌ ဩဂုတ် ၁၅ ရက် နံနက် ၄ နာရီခွဲခန့်က မိုးရွာ၍ တောင်ကျချောင်းရေကြောင့် မျောပါသေဆုံးသွားသော မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာနေ မနန်းစံမွန်း (၁၄နှစ်)၏ မိသားစုအား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့်အဖွဲ့က ထောက်ပံ့ကြေးငွေများကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီခွဲက ထောက်ပံ့ကူညီပေးခဲ့သည်။

အဆိုပါသေဆုံးသူ၏ မိသားစုအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မိသားစုက ထောက်ပံ့ကြေးငွေကျပ်တစ်သိန်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများက ငွေကျပ်တစ်သိန်းနှင့် ခရိုင်ရဲမှူးကြီး ဝဏ္ဏဇော်က ငွေကျပ်ငါးသောင်း စုစုပေါင်း ငွေကျပ်နှစ်သိန်းငါးသောင်းကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အင်ပူမြို့နယ်၌ မြစ်ရေပြန်လည်ကျဆင်းသွားသဖြင့် စာသင်ကျောင်းအများစု ပြန်လည်ဖွင့်လှစ်

**အင်ပူ ဩဂုတ် ၁၈**

အင်ပူမြို့နယ်အတွင်းရှိ ဒေသအချို့တွင် ဧရာဝတီမြစ်ရေနှင့် ဝေနန်မြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းများအား ခေတ္တပိတ်ထားခဲ့ရာ ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် ရေဝင်နစ်မြုပ်စာသင်ကျောင်းအချို့ကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ပညာသင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အင်ပူမြို့နယ်တွင် ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းပေါင်း ၈၈ ကျောင်းကို ပိတ်ထားခဲ့ရပြီး ဩဂုတ် ၁၆ ရက်တွင် စာသင်ကျောင်းပေါင်း ၆၈ ကျောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်းနှင့် ရေကြီးစဉ်ကပိတ်ထားခဲ့သော ကျောင်းပိတ်ရက်များအတွက် အစားထိုးပြန်လည်ဖွင့်လှစ်၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ရှိ နောက်ဖေးလမ်းကြားအမှိုက်များရှင်းလင်း



**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ရှိ နောက်ဖေးလမ်းကြား အမှိုက်များကို စီမံချက်ဖြင့် စတင်ရှင်းလင်းသိမ်းဆည်းနေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဦးဇော်ဝင်းနိုင်က မြန်မာ့သတင်းစဉ်သို့ ယမန်နေ့ညနေပိုင်းက ပြောသည်။

"မြို့တော်ဝန်ရဲ့ ညွှန်ကြားချက်နဲ့အညီ စီမံချက်ရေးဆွဲပြီး မြို့တွင်းခြောက်မြို့နယ်အတွင်းက စည်းကမ်းမဲ့စွန့်ပစ်ထားတဲ့ နောက်ဖေးလမ်းကြားအမှိုက်တွေကို ဦးစားပေးရှင်းလင်းနေပါတယ်။ အခုလိုဆောင်ရွက်တဲ့အခါမှာလည်း နောက်ဖေးလမ်းကြားတွေကို ကျူးကျော်နေတဲ့ အဖီအဆွယ်တွေရှိပါတယ်။ တချို့ကျတော့လည်း ပစ္စည်းတွေထားတာမျိုးတွေရှိနေတယ်။ ကျွန်တော်တို့အနေနဲ့ကတော့အမှိုက်တွေကိုပဲ အဓိကထားရှင်းလင်းသွားမှာပါ "ဟု လက်ထောက်ဌာနမှူး ဦးဇော်ဝင်းနိုင်က ပြောသည်။

အဆိုပါ စီမံချက်အရ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ဖြစ်သည့် လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ဗိုလ်တထောင်မြို့နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းတို့အနက် အစွန်ဆုံးမြို့နယ်များဖြစ်သည့် လမ်းမတော်နှင့် ပုဇွန်တောင်မြို့နယ်တို့ကို ပထမဦးစားပေးစံပြအဆင့်အနေဖြင့် ဩဂုတ် ၁၅ ရက်မှစတင်၍ တစ်မြို့နယ်လျှင် အမှိုက်သိမ်းယာဉ်နှစ်စီးနှင့်အတူ သန့်ရှင်းရေးဝန်ထမ်း ၃၀ ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျန်မြို့နယ်များကို မြို့ကွက်တည်ရှိမှုအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းမြို့နယ်များအတွင်းရှိ ရပ်ကွက်များတွင် နောက်ဖေးလမ်းကြားသို့ စည်းကမ်းမဲ့အမှိုက် စွန့်ပစ်မှုများကြောင့် အချို့ နောက်ဖေးလမ်းကြားများတွင် အမှိုက်နှင့်အညစ်အကြေးများ စုပုံလျက်ရှိပြီး ကြွက်၊ ခြင်၊ ယင်ပိုးမွှားများ ပေါက်ပွားခြင်း၊ အနံ့အသက်ကောင်းမွန်မှုမရှိခြင်း၊ ရေစီးရေလာကောင်းမွန်မှုမရှိခြင်းနှင့် ပတ်ဝန်းကျင်နေပြည်သူလူထုအား ကျန်းမာရေးထိခိုက်စေခြင်းတို့ကြောင့် ထိုကဲ့သို့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

"စံပြနှစ်မြို့နယ်ပြီးရင် ကျန်တဲ့လေးမြို့နယ်ကို အဆင့်အလိုက်ဆက်လက်ဆောင်ရွက်သွားမယ်။ အခုလိုဆောင်ရွက်တဲ့အခါမှာ ပြည်သူတွေအနေနဲ့ ကျူးကျော်ရောက်ရှိနေတဲ့သူတို့ရဲ့ပစ္စည်းတွေကို သိမ်းဆည်းပေးရင် လုပ်ငန်းဆောင်ရွက်ရတာ ပိုပြီးမြန်ဆန်မှာပါ၊ အရင်ကလည်း လမ်းမတော်မြို့နယ်ကို စံပြအနေနဲ့လုပ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ပြည်သူတွေက စည်းကမ်းမဲ့အမှိုက်တွေ ပြန်စွန့်တဲ့အတွက် နောက်ဖေးလမ်းကြားမှာ အမှိုက်တွေ ပြန်ရောက်လာတာပါ၊ အခုလည်း ရှင်းလင်းဆောင်ရွက်ပြီးတဲ့နေရာတွေကို အမှိုက်တွေထပ်ရောက်မလာအောင် ပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှုက အလွန်အရေးကြီးပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် နောက်ဖေးလမ်းကြားရှိ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များအပြင် ချုံနွယ်များ၊ အဆောက်အအုံများ၌ တွယ်ကပ်ပေါက်ရောက်နေသည့် အပင်များ၊ ပျက်စီးနေသည့်ရေပိုက်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ရှင်းလင်းခြင်းလုပ်ငန်းများကို သန့်ရှင်းရေး ဝန်ထမ်းများက နှာခေါင်းစည်း၊ လက်အိတ်၊ ဖိနပ်စသည့်လုပ်ငန်းသုံးပစ္စည်းအပြည့်အစုံဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ခြောက်မြို့နယ်တွင် နောက်ဖေးလမ်းကြား စုစုပေါင်း ၁၉၅ ခုရှိပြီး သိမ်းဆည်းဆောင်ရွက်ရမည့် နောက်ဖေးလမ်းကြား ၁၆၀ သတ်မှတ်ထားသည့်အပြင် ခန့်မှန်းအမှိုက်တန်ချိန် ၃၂၇၉ တန်၊ အမှိုက်သိမ်းယာဉ်ခေါက်ရေ ၄၃၇ ခေါက်ခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ - ဖေဇော်**

## ရဲမွှာရုံကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်စပ်လှူဒါန်းပွဲအခမ်းအနား

ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲမွှာရုံတွင် ရဲမွှာရုံကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ်မြဝင်းမှ ဦးဆောင်၍ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ ပင့်သံဃာ (၁၁)ပါးအား ဝါဆိုသင်္ကန်းနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်း၍ ရေစက်ချတရားနာယူခဲ့ပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ပါသည်။




## ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးအတွင်းရှိ မေတ္တာစမ်းရေ မူလတန်းကြိုကျောင်းတွင် မူကြိုဆရာမနှစ်ဦးခန့်ထားရန်ရှိပါသည်-

လိုအပ်သောအရည်အချင်းများ
- ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရပါမည်။
- ECCDသင်တန်းတက်ရောက်အောင်မြင်ပြီးသူ ဖြစ်ရပါမည်။
- အသက်(၃၀)အောက်ဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။
- ကလေးချစ်တတ်သူဖြစ်ရပါမည်။
- အတွေ့အကြုံရှိသူအား ဦးစားပေးခန့်ထားပါမည်။

၂။ အသင်းမှ လစာ ၁၆၅၀၀၀/-ထောက်ပံ့ပါမည်။ အသင်းရုံးဝန်ထမ်းအိမ်ရာတွင် နေအိမ်အခန်းပေးပါမည်။

၃။ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် ကိုယ်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း၊ အထောက်အထားအပြည့်အစုံ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့ကို ပူးတွဲလျက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သုခမလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်သို့ ၂၄-၈-၂၀၁၆ရက်တွင် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/2526, Toyota Alphard Aw 110 MIcro Bus (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းခိုင် ၁၀/မလမ(နိုင်)၀၉၇၀၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/7951 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ဟသ်ာတမြို့)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မိုးပန်းဖြူနှင့် မိုးမိုး ၁၁/ကဖန(နိုင်)၀၆၉၅၈၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တောင်းပန်ခြင်း

၄-၈-၂၀၁၆ရက်တွင် စိန်လက်စွပ်ကိစ္စကို ကျွန်မအနေဖြင့် အထင်လွဲမှားမှုများဖြစ်ခဲ့သည့်အတွက် လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် ၁၁၉၊ ခုနစ်လွှာ၊ ဘုန်းကြီးလမ်းနေသူ ဒေါ်သူဇာမြင့်ဆွေအား အထင်လွဲမှားမှုနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့မိပါသည်။ ထိုကိစ္စအဝဝအတွက် ကျွန်မအနေဖြင့် ဒေါ်သူဇာမြင့်ဆွေနှင့် မိသားစုအား တောင်းပန်အပ်ပါသည်။

**မခင်နှင်းသက်(ခ)မဘူရှဲ(ခ)မရွှေပိုး**
**၁၃/ကခန(နိုင်)၀၈၃၁၅၄၊ မြိတ်မြို့**
**fb-သမီးချော သမီးချော**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၃၅၊ မြေကွက်တည်နေရာအမှတ် ၃၅၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာ ဒုဗိုလ်မှူးကြီးညီဖြူလှ (G/RGN-025428) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးညီဖြူလှ (G/RGN-025428) ၁၀/ကမရ(နိုင်)၀၅၃၁၆၆ ကိုယ်တိုင်က ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ခါးပိုက်နှိုက်အဖွဲ့အား ရဲနှင့်ပြည်သူ ပူးပေါင်းဖမ်းဆီး



**ရန်ကုန် ဩဂုတ် ၁၈**

ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီခန့်က မြို့တွင်းမှ ကြည့်မြင်တိုင်ဘက်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် (၂၁၃) ပေါ်၌ အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းနှိုက်ယူသည့် ခါးပိုက်နှိုက်အဖွဲ့အား ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်းအတွင်း ရဲနှင့်ပြည်သူ ပူးပေါင်းဖမ်းဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဆေးကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးသည် မြို့တွင်းမှ ကြည့်မြင်တိုင်အနောက်ပိုင်း ဆေးရုံရှေ့သို့ ခရီးသည်တင်ယာဉ် (၂၁၃) ဖြင့် လိုက်ပါလာရာ ယာဉ်ပေါ်၌ အမျိုးသားငါးဦးက ၎င်းအနီး လွန်စွာကပ်လာသည့်အတွက် ဝိုက်ဟောမှတ်တိုင်တွင်ဆင်းပြီး စစ်ဆေးရာ ၎င်း၏အမျိုးသမီးကိုင်အိတ်မှာ ဇစ်ပွင့်နေပြီး အထဲရှိ လက်ကိုင်ဖုန်းပါ ပျောက်ဆုံးနေကြောင်း သိလိုက်ရသည်။

ထို့အတွက် စီးလာသည့် ခရီးသည်တင်ယာဉ်နောက်သို့ အငှားယာဉ်ဖြင့် လိုက်ခဲ့ရာ ယာဉ်ပေါ်၌တွေ့ရသော လူငယ်ငါးဦးမှာ ဟုမ်းလမ်းမှတ်တိုင်၌ ဆင်းပြီး ပန်းလှိုင်လမ်းအတွင်း လျှောက်သွားသည်ကို တွေ့ရသည့်အတွက် ပတ်ဝန်းကျင်အား အကူအညီတောင်း ဝိုင်းဝန်းဖမ်းဆီးစဉ် သတင်းအရရောက်ရှိလာသည့် လှည့်ကင်းရဲတပ်ဖွဲ့ဝင်များကပါ ပူးပေါင်းဖမ်းဆီးခဲ့ကြသည်။ ဝိုင်းဝန်းဖမ်းဆီးသည့်ကြားမှ နှစ်ဦးကိုသာဖမ်းမိခဲ့ပြီး သုံးဦး ထွက်ပြေးသွားခဲ့သည်။

ဖမ်းမိသူနှစ်ဦးအား ကြည့်မြင်တိုင်မြို့မရဲစခန်း နယ်ထိန်းအရာရှိ ရဲအုပ်ဖြိုးဝေမင်းနှင့် အဖွဲ့ကစစ်ဆေးရာ ခါးပိုက်နှိုက်မှုဖြင့် ပြစ်ချက်ဟောင်းရှိထားသူ အောင်ကိုလတ်နှင့် ဇော်လင်း(ခ)ကုလား(ခ)ကပ္ပလီတို့ဖြစ်ကြောင်း ယင်းနေ့နံနက်ပိုင်းကလည်း ထွက်ပြေးသွားသူ အောင်မိုး၊ ဝေဖြိုး၊ အငယ်ကောင်တို့နှင့်အတူ ခရီးသည်တင် လိုင်းကား(၁၉၉)ပေါ်၌ လက်ကိုင်ဖုန်းတစ်လုံးကို နှိုက်ယူခဲ့ကြောင်း သိရသည်။

ဖမ်းမိသူတို့အား ရှာဖွေရာ ခရီးသည်များထံမှ နှိုက်ယူထားသည့် လက်ကိုင်ဖုန်းရှစ်လုံးနှင့် ငွေကျပ် ၇၀၀၀ ကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့သည်။

ဖမ်းမိသူနှစ်ဦးနှင့် ထွက်ပြေးသွားသူတို့အပေါ် ကြည့်မြင်တိုင်မြို့မရဲစခန်း နယ်ထိန်းအရာရှိ ရဲအုပ်ဖြိုးဝေမင်းက တရားလိုပြုလုပ်၍ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ငွေကျပ်သိန်းပေါင်း ၆၇၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၈**

မူးယစ်တပ်ဖွဲ့ခွဲ(၁)မန္တလေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက်က သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ မိုင်တိုင်အမှတ်(၃၇/၄)အနီး တောင်ကြီး-မိတ္ထီလာ ကားလမ်းမပေါ်တွင် ဦးစိုင်း မောင်းနှင်ပြီး အိုင်မောင်ပက်ထရစ် လိုက်ပါလာသည့် ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅၀၀၀ (ယင်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၇၅၀)ကို သိမ်းဆည်းရမိသည်။

အလားတူ ဩဂုတ် ၁၇ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေး Power-5 ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခုံအမှတ် (၉)တွင် လိုက်ပါလာသည့် ခရီးသည် ကျော်မင်းသိန်း၏ ခရီးဆောင်အိတ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀ နှင့် ဘိန်းဖြူ ၁၁ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီး၏ ကျောက်မျက်ရတနာပြတိုက်အနီးတွင် ကျောက်မျက်ရတနာပြတိုက်မှ သပြေကုန်းအဝိုင်းဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 2C/------- GRAND TIGER ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကိုဝင်တိုက်မိ၍ တံတားအောက်သို့ကျသွားသည်ကို ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီကတွေ့ရစဉ်
ဓာတ်ပုံ-ကိုကိုရှုပ(နေပြည်တော်)

# ပင်လယ်ပြင်တွင် စက်ပျက်ငါးဖမ်းလှေနှင့် ရေလုပ်သားသုံးဦးအား ကယ်ဆယ်ခဲ့ရ

**ချောင်းဆုံ ဩဂုတ် ၁၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလော့ကျေးရွာအုပ်စု အပြိုင်ကျေးရွာ အကွက်အမှတ်(၁၁)နေ ရေလုပ်ငန်းလုပ်ကိုင်သူ ဦးမြင့်အောင်သည် ဩဂုတ် ၁၇ ရက် ညနေ ၅ နာရီခန့်က ပင်လယ်ပြင်တွင်ငါးဖမ်းထွက်စဉ် စက်ပျက်နေသောငါးဖမ်းစက်လှေ(ဖားကူး)နှင့် လှေပေါ်ပါ ရေလုပ်သားသုံးဦးဖြစ်သည့် လပွတ္တာမြို့နယ် ရပ်ကွက်(၂) ဆရာစံလမ်းတွင်နေသူ ဦးမျိုးသန့်(၃၆ နှစ်)၊ ဦးမောင်မြင့်(၂၆ နှစ်)နှင့် ဦးမြင့်ခိုင်(၃၀ နှစ်)တို့အား တွေ့ရှိ၍ အပြိုင်ကျေးရွာသို့ ခေါ်ယူကယ်ဆယ်ခဲ့သည်။

အဆိုပါရေလုပ်သားများမှာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကြာကန်ကျေးရွာနေ ဦးမြဝင်း၏အလုပ်သမားများဖြစ်ပြီး ဇူလိုင် ၁၄ ရက်တွင် ကျိုက္ခမီမြို့မှ လပွတ္တာမြို့သို့အပြန် စက်ပျက်ကာ ပင်လယ်ပြင်တွင် မျောပါနေခြင်းဖြစ်ပြီး ၎င်းရေလုပ်သားသုံးဦးအား အပြိုင်ကျေးရွာနေ ရေလုပ်ငန်းလုပ်ကိုင်သူ ဦးမြင့်အောင်၏ နေအိမ်၌ထားရှိခဲ့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကော်မတီ(၂)ရပ်တို့မှ နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ပြီး လှေပိုင်ရှင်ဖြစ်သူ ဦးမြဝင်းထံသို့ ဆက်သွယ်ပေးထားကာ ပျက်စီးချွတ်ယွင်းနေသည့်လှေနှင့် စက်အား ပြန်လည်ပြုပြင် ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မြိတ်မြို့ရှောင်လမ်းတွင် ဘုရားဖူးယာဉ် တိမ်းမှောက်

**မြိတ် ဩဂုတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှောင်ကွင်းလမ်း အလယ်ချောင်းကျေးရွာ သစ်ယာတောင်ဆင်း မိုင်တိုင်အမှတ်(၁၁/၂)နှင့် (၁၂/၃)ကြားတွင် ဩဂုတ် ၁၈ ရက် နံနက်က ပုလောမြို့နယ် ဖိုးရှမ်းဘုရားဖူးသွား Hijet အမျိုးအစား ယာဉ်တစ်စီးသည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ယာဉ်တိမ်းမှောက်မှုကြောင့် လိုက်ပါလာသူ ၁၄ ဦးအနက် ယာဉ်မောင်း နေလင်းအောင်အပါအဝင် အချို့ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြပြီး မြိတ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/7276 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၉၄၀၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ မြကျွန်းသာအိမ်ရာ၊ အကွက်အမှတ်(၅၄)၊ ပျဉ်းကတိုးကုန်းကွင်း၊ ဦးပိုင်အမှတ် (N/၁၉)၊ (N/၂၀)၊ (N/၂၁)၊ (N/၂၂)၊ (N/၂၃) ဧရိယာ ၁၂ဒသမ ၀၉ဧကရှိ မြေကို မြေနေရာချထားမိန့်ထုတ်ပေးပါရန် (Delta Industrial Group Co.,Ltd.) အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းလတ်မှ မြေနေရာချထားမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်၊ တောင်ဇင်းအထက၊ ရွှေရတုမဂ္ဂဇင်း

တောင်ဇင်းအထက ကျောင်းတော်ကြီး၏ နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်မည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူ(အသစ်၊ အဟောင်း)များ၊ ဆရာ၊ ဆရာမ (အသစ်၊ အဟောင်း)များမှ တောင်ဇင်းအထကပုံရိပ်၊ တောင်ဇင်းတိုက်နယ်ပုံရိပ်၊ ပုဂံညောင်ဦးဒေသပုံရိပ် ထင်ဟပ်ဖော်ညွှန်းသောဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ အက်ဆေး၊ ကာတွန်း၊ မှတ်စု၊ အမှတ်တရ ဓာတ်ပုံမှတ်တမ်းများ စုဆောင်းရေးသားပေးပို့နိုင်ပါသည်။

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ထူးချွန်အောင်မြင်မှုကဏ္ဍကိုလည်း ထည့်သွင်းဖော်ပြလိုပါ၍ မဂ္ဂဇင်းကော်မတီသို့ ဆက်သွယ်ကူညီကြပါရန် လေးစားစွာ အသိပေးနှိုးဆော်အပ်ပါသည်။

စာမူများ၊ ကြော်ငြာများကို ၁၀-၁၀-၂၀၁၆ ရက် နောက်ဆုံးထား၍

**ဦးတင်မြင့် (တောင်ဇင်း) ဖုန်း-၀၉-၂၅၈၄၆၂၉၄၆**
**ဦးဝင်းဦး(ရန်ကုန်) ဖုန်း-၀၉-၅၁၇၂၂၄၆၊ ၀၉-၅၀၅၇၄၃၇**
**ဦးညဏ်လင်း(မန္တလေး) ဖုန်း-၀၉-၂၅၉၀၄၇၅၆၀၀**
**ဦးမောင်တင့် (ညောင်ဦး) ဖုန်း-၀၉-၇၈၃၉၉၁၉၅၅**
**ဦးညွန့်ဝေ(ကျောက်ပန်းတောင်း) ဖုန်း-၀၉-၇၉၂၂၂၀၆၆၃** တို့ထံ ပေးပို့ပါရန်။

**ရွှေရတုမဂ္ဂဇင်းကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ မဟာစေတီလမ်း(ဆွယ်တာစက်ရုံ)၊ အကွက်အမှတ် (၅၇-A)၊ ကညင်ကျွန်းကွင်း၊ ဦးပိုင်အမှတ် (N/၆၉)၊ ဧရိယာ ၀ ဒသမ ၇၄ ဧကရှိမြေကို မြေနေရာချထားမိန့်ထုတ်ပေးပါရန် (Delta Industrial Group Co.,Ltd.) အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းလတ်မှ မြေနေရာချထားမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ အခန်းအမှတ်(၆၀၁)တိုက်ခန်းနှင့် ပတ်သက်၍အများသိစေရန်ကြေငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မြကန်သာလမ်း၊ တိုက်(၉)၊ အခန်း(၅)နေ ဦးသက်လင်း (၁၂/ကမရ(နိုင်)၀၄၄၀၆၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေငြာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ အခန်းအမှတ်(၆၀၁)တိုက်ခန်းမှာ ဦးသက်လင်း၏ငွေဖြင့် ပေးချေဝယ်ယူခဲ့ပြီး စာချုပ်တွင် ဒေါ်သင်းသင်းလှ (၁၂/ကမရ(နိုင်)၀၄၄၀၃၄) အမည်ဖော်ပြစေ၍ အမည်ငှားစနစ်ဖြင့် ဝယ်ယူခဲ့သော တိုက်ခန်းဖြစ်ပါသည်။ တိုက်ခန်းစာချုပ် မူရင်းများမှာ ဦးသက်လင်း၏လက်ဝယ်တွင်ထားရှိပြီး တိုက်ခန်းတွင် ဒေါ်သင်းသင်းလှအား သားသမီးများနှင့်အတူ နေထိုင်စေခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအား ဦးသက်လင်း၏ ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ တနည်းနည်းစီမံခန့်ခွဲခြင်းတို့ မပြုလုပ်ကြရန် အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင်ကျော်လင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၄၂)
တိုက်(၉/၁၁)၊ အခန်းအမှတ်(၁၀၃-ဒီ)၊ ပ-ထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၁၁၂၈

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို မူလအမည်ပေါက်မှ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အကြောင်းအရာ | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးစိန်ဝင်း ၁၂/ကမရ(နိုင်)၀၃၅၁၄၃ | အဆောက်အအုံ နေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် | တိုက်အမှတ်(၆)၊ အခန်း(၁၃)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နေ ဦးလှမြင့်-ဒေါ်ကျင်ကျင်စန်းတို့၏သား မောင်သက်နိုင်လင်း ၁၂/အစန(နိုင်)၂၂၁၄၀၆သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဖခင် ဦးလှမြင့် ၁၂/အစန(နိုင်)၀၉၂၈၀၉**
**မိခင် ဒေါ်ကျင်ကျင်စန်း ၁၂/အစန(နိုင်)၀၉၂၈၂၂**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်အောင်သီဟထွန်း ၁၂/ကတတ(နိုင်)၀၂၉၂၉၂ သည် မိဘ၏ဆိုဆုံးမမှုကိုမနာယူဘဲ မိမိသဘောအတိုင်းပြုမူပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**အဖ-ဦးဗိုလ်ကြီး ၁၂/ကတတ(နိုင်)၀၀၉၄၄၆**
**အမိ-ဒေါ်သန်းသန်းဌေး ၁၂/ကတတ(နိုင်)၀၀၉၄၄၇**

# ဩဂုတ် ၁၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဩဂုတ် ၁၈ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၅၀၀ မှ ၄၆၀၀၀ |
| ၂။ | ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၂၀၀ မှ ၂၃၀၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၅၀၀ မှ ၂၉၅၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆။ | နှွေသီးထပ်(ရှယ်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၃၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၈၀၀၀၀ |
| ၈။ | ပဲစင်းငုံ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၂၃၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၅၀ မှ ၁၆၇၅ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မြင်းခြံ၊ ပျော်ဘွယ်၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၆၂၅ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၄၅၀ မှ ၃၅၇၅ |
| ၁၂။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၁၅၀ မှ ၃၈၅၀ |
| ၁၃။ | ငရုတ်ရှည် | အိန္ဒိယ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၁၅၀ မှ ၄၂၅၀ |
| ၁၄။ | ငရုတ်(မိုးထောင်) | ကျောက်ဆည် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀၀ မှ ၃၁၀၀ |
| ၁၅။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၀ မှ ၆၈၀ |
| ၁၆။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀ မှ ၉၀၀ |
| ၁၇။ | သရက်သီး | ရင်ကွဲ အိတ်စွပ် | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ မှ ၁၈၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

(၁၇) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုအသင်းများတွင် နည်းပြတာဝန်ထမ်းဆောင်ကြမည့်သူများ၊ အသင်းကိုယ်စားပြုမည့် ဒိုင်လူကြီး တာဝန်များထမ်းဆောင်ရန်အတွက် နည်းပြ၊ ဒိုင်လူကြီးလိုင်စင်ရရှိထားရန် စက်တင်ဘာ ၇ ရက်မှ ၉ ရက်အထိ ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ သင်တန်းဖွင့်လှစ်ပြီး ယင်းသင်တန်းမှ အောင်မြင်သူများကို အသင်းနည်းပြနှင့် ဒိုင်လူကြီးတာဝန်များ ပေးအပ်သွားမည်ဖြစ်ကာ တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဖုန်း ၀၁- ၃၇၉၉၃၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

## ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှု

၁၈-၈-၂၀၁၆

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၃၀ | ၃၂ | ၃၁ | ၉၃ |
| ၂ | တရုတ် | ၁၉ | ၁၅ | ၂၀ | ၅၄ |
| ၃ | ဂရိတ် ဗြိတိန် | ၁၉ | ၂၀ | ၁၃ | ၅၂ |
| ၄ | ရုရှား | ၁၂ | ၁၄ | ၁၅ | ၄၁ |
| ၅ | ဂျပန် | ၁၀ | ၅ | ၁၈ | ၃၃ |
| ၆ | ပြင်သစ် | ၈ | ၁၁ | ၁၂ | ၃၁ |
| ၇ | ဂျာမနီ | ၁၃ | ၈ | ၉ | ၃၀ |
| ၈ | ဩစတြေးလျ | ၇ | ၈ | ၁၀ | ၂၅ |
| ၉ | အီတလီ | ၈ | ၉ | ၆ | ၂၃ |
| ၁၀ | တောင်ကိုရီးယား | ၇ | ၃ | ၇ | ၁၇ |
| ၁၁ | နယ်သာလန် | ၈ | ၄ | ၃ | ၁၅ |
| ၁၂ | ဟန်ဂေရီ | ၇ | ၃ | ၄ | ၁၄ |
| ၁၃ | ကနေဒါ | ၃ | ၂ | ၉ | ၈ |
| ၁၄ | ဘရာဇီး | ၃ | ၅ | ၅ | ၁၃ |
| ၁၅ | ကာဇက်စတန် | ၃ | ၃ | ၆ | ၁၂ |
| ၁၆ | နယူးဇီလန် | ၃ | ၆ | ၂ | ၁၁ |
| ၁၇ | ဒိန်းမတ် | ၁ | ၄ | ၅ | ၁၀ |
| ၁၈ | စပိန် | ၅ | ၁ | ၂ | ၈ |

ဩဂုတ် ၁၈ ရက် ည ၁၀ နာရီအထိ နိုင်ငံအလိုက် ရွှေရရှိမှုဖြစ်သည်။

# KBZ Bank U-19 ပြိုင်ပွဲအတွက် စပွန်ဆာစာချုပ်ချုပ်ဆို




ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank က အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် KBZ Bank U-19 Cup 2016 ပြိုင်ပွဲစပွန်ဆာ စာချုပ်ပွဲနှင့် ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ MFF ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် CEO ဦးဘုန်းနိုင်ဇော်က အမှာစကားပြောကြားပြီး KBZ Group of Companies မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်က စပွန်ဆာပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် CEO နှင့် KBZ Group of Companies မန်နေဂျင်းဒါရိုက်တာတို့က စပွန်ဆာစာချုပ်ချုပ်ဆိုပြီး စာချုပ်များ လဲလှယ်ကြသည်။

ယင်းနောက် တက်ရောက်လာသော မီဒီယာများ၏ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။ KBZ Bank သည် ယခု ယူ-၁၉ ပြိုင်ပွဲအပြင် မလေးရှားဆီးဂိမ်းမတိုင်မီ ကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲအတွက်ပါ Title Sponsor အဖြစ် ပံ့ပိုးကူညီမည်ဖြစ်သည်။

အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၁၉ အသင်း ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယခုပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ပြီး ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ကျင်းပမည့် KBZ Bank U-19 Cup ပြိုင်ပွဲကို အိမ်ရှင် မြန်မာအသင်းအပါအဝင် ထိုင်းယူ-၁၉ အသင်း၊ ဗီယက်နမ် ယူ-၁၉ အသင်း၊ ဂျပန်ဒုတိယတန်းကလပ် ဆာပေါရိုယူ-၁၈ အသင်းတို့ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့်ကျင်းပကာ အမှတ်အများဆုံး နှစ်သင်း ဗိုလ်လုပွဲနှင့်အဆင့် ၃/၄အသင်းမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။

သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်

ရွှေပဒုမ္မာမြေ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
(၈)ရက်ခရီး - သံဝေဇနီယလေးဌာန
(၁၅)ရက်ခရီး - သံဝေဇနီယ၊ အဝိဇဟိတလေးဌာန၊ နယူးဒေလီ
၅နှစ်၊ ၃နှစ်၊ ၂နှစ် ဆက်တိုက်လိုက်ပါခဲ့သော ဓမ္မမိတ်ဆွေများကို အထူးနှုန်းဖြင့် စီစဉ်ပေးပါမည်။
အောက်တိုဘာမှ ဖေဖြိုလအတွင်း တစ်ပတ်လျှင် တစ်ကြိမ် ခရီးစဉ် ထွက်ခွာပါမည်။
ဟိုတယ် တည်း(၈)ရက်ခရီး လစဉ် ထွက်ရှိပါသည်။
Ph : 09 (259280727, 259280728, 259280729, 73040051, 73040052)
ရန်ကုန် - အမှတ် V3 - ၄ဝ ၅ လမ်း၊ မြကန်သာ (သီရိမင်္ဂလာဈေးသစ် ရှေ့)၊ လှိုင်မြို့နယ်။
မန္တလေး - အမှတ် ၁၄၊ ၆၇ × ၆၈ လမ်းကြား၊ လမ်း ၃၀ ရဲသိပ္ပံတိုက်ခန်း။

ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည်
စင်္ကာပူအမျိုးသားတက္ကသိုလ်
NUS (GDip.SA) ဝင်ခွင့်သင်တန်း
ISS Institute of Systems Science
Graduate Dip: in Systems Analysis
Aug 2016 စပြီ။ (တန်းခွဲမရှိပါ)
စီးပွားရေးတက္ကသိုလ်
Master of Banking and Finance
MBF ဝင်ခွင့်
Aug 2016 စပြီ (ရုံးချိန်လွတ်)
GMAT, Reasoing & English သင်တန်း
ဘဏ်လုပ်ငန်း/ Accounting & Finance အတွေ့အကြုံရှိ
မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည် ၊ ဝါရင့် ဆရာ/ဆရာမကြီးများသင်မည် ၊
ORION Business School ●●● အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (ဆုံစင်တာအနီး)။ 09 5115997

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

ဖောင်းကြွပျောက်
လျှောက်ထားခြင်း
ယာဉ်အမှတ် 2G/7855 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက်
လျှောက်ထားခြင်း
ယာဉ်အမှတ် ၆င/၈၄၄၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

Grand Fortuna Co.,Ltd
No.60(B),2nd Floor,Baho Road,Kamayut Tsp,
Tel:09-974056681~82,09-799676254~55
ဝန်ထမ်းအလိုရှိသည်
Operation Assistant (ကျား) (၁)ဦး
မှတ်ချက် ။ ။ မန္တလေးမြို့တွင်တာဝန်ထမ်းဆောင်ရန်။
* မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေထိုင်သူဦးစားပေးမည်။
လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ (၁)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက်ထောက်ခံစာနှင့်အတူ 29 -Aug-2016 ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထားပြီး Grand Fortuna Co.,Ltd သို့ လူကိုယ်တိုင်ဖြစ်စေ(သို့) Email info.grandfortuna@gmail.com ဖြင့်စေ လျှောက်ထားနိုင်သည်။

ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက မုရစ်ကလေး တက္ကသိုလ်ဝင်တန်း (င)မှ မဆောင်းနှင်းဝေ၏ဖခင်အမည်မှန်မှာ ဦးစန်းမောင်ဖြစ်ပါကြောင်း။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
လေလံကြော်ငြာ
၁။ ဆူးလေဆိပ်ကမ်း၊ အေးရှားဝေါလ်ဆိပ်ကမ်းနှင့် ထီးတန်းဆိပ်ကမ်းတို့မှ တစ်နှစ်ကျော်လေလံစာရင်းဝင် ကုန်သေတ္တာ(၂၄)လုံး အတွင်းရှိ ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၈-၉-၂၀၁၆ ရက် ၁၁း၀၀နာရီတွင် ဈေးပြိုင်လေလံစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။
၂။ လေလံတင်ထုခွဲရောင်းချခြင်းဆိုင်ရာ စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်/ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၂-၈-၂၀၁၆ ရက်မှ ၆-၉-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။
လေလံတင်ထုခွဲရောင်းချရေးကော်မတီ

ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက မုရစ်ကလေး အဋ္ဌမတန်း (င)မှမသန္တာမြင့်၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်ဖြစ်ပါကြောင်း။

ရောင်းမည်
၁။ လမ်းမတော်မြို့နယ်၊(၁၃)လမ်း (အောက်)၊ ပထမထပ်၊ ပေ (၂၅×၅၀)၊ အာရ်စီတိုက်ခန်း။
၂။ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း(ထက်)၊ ဒုတိယထပ်၊ ပေ(၁၇×၄၅)၊ အာရ်စီတိုက်ခန်း၊
ဖုန်း-၀၉-၈၆၅၇၂၆၉၈၂၊ ၀၉-၇၉၆၃၀၂၈၉၉

ကားမျိုးစုံငှားနိုင်ပါသည်။
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်း ငှားနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
MT&K Tours Ph:01-656573
09-31065335, 09-975599880

ကားရောင်းမည်
Suzuki Carry ပစ်ကပ်
ခွေးဘီလူး 2009၊ 10 လပိုင်း
Power Air Con Auto
3L/ဖြူ YGG လူနာမည်
သိန်း ၈၀၊ ဖုန်း-၀၉-၄၂၂၄၉၉၁၂၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 7E/1842 Suzuki Carry DA.63T P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်အေး ၁၂/လမန(နိုင်)၀၆၁၄၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

# ပွင့်ဖြူမြို့ ရေဘေးသင့်ရွှေ့ပြောင်းကျေးရွာပြည်သူများ နေအိမ်ပြန်ရန် ၊ လုပ်ငန်းလုပ်ကိုင်ရန် ခက်ခဲလျက်ရှိ

**ပွင့်ဖြူ ဩဂုတ် ၁၈**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဇူလိုင် ၃၀ ရက်က မြစ်ရေလျှံတက်မှုကြောင့် ဧရာဝတီမြစ်ကမ်းပါးအနီးတွင် မှီတင်းနေထိုင်လျက်ရှိသည့် ကျေးရွာ ၂၅ ရွာမှ ဒေသခံပြည်သူများနှင့် တိရစ္ဆာန်များ ရေဘေးကင်းလွတ်ရာ ကုန်းမြင့်ပိုင်းဒေသများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

အဆိုပါကျေးရွာများမှ ရေဘေးဒုက္ခနှစ်စဉ် ဆိုးရွားစွာခံနေရသည့် လေးအိမ်၊ ငါးခြောက်ကျွန်း၊ ထူး၊ ထူးရွာသစ်၊ နန်းတော်ကျွန်း၊ ငှက်တော်လှ၊ ဇီးကျွန်း၊ ပေါက်ကုန်း၊ ကံလှ၊ ကျောင်းစု၊ သိမ်ကုန်း၊ သံကိုင်း၊ ကူကြီး၊ ကြီးကုန်း၊ ရွာတန်းရှည်ကျေးရွာများမှ ဒေသခံပြည်သူများသည် မိမိတို့ကျေးရွာများရှိ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ရန် အခက်အခဲဖြစ်လျက်ရှိရာ ကုန်းဇောင်း-သံကိုင်း ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းဘေးဝဲယာတွင် ဩဂုတ် ၁၆ ရက်အထိ ဆက်လက်နေထိုင်လျက်ရှိကြသည်။

ကံလှကျေးရွာနေ ဒေသခံပြည်သူ ဦးဝင်းနိုင်က “ဧရာဝတီမြစ်ဘေးကျေးရွာတွေက ပြည်သူအများစုက ဒီကုန်းဇောင်း-သံကိုင်းလမ်းကို အဓိကအားထားမှီခိုရတာ နှစ်စဉ်ပါပဲ၊ နှစ်စဉ်မြစ်ရေတက်တယ်၊ ဒီလမ်းဘေးကိုပဲ ပြောင်းရွှေ့လာရတယ်၊ အခုနှစ်တော့ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်လာရောက်ပြီး ရေဘေးသင့်ပြည်သူတွေကို အားပေးစကားပြော၊ ထောက်ပံ့လှူဒါန်းပြီး၊ အခုနေတဲ့ ကုန်းဇောင်း-သံကိုင်းလမ်းမှာရှိတဲ့ ရေဘေးရှောင်ကျေးရွာတွေက ပြည်သူတွေကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး နှစ်သိမ့်စကားပြောသွားခဲ့တာ၊ အခုဒီလမ်းကို နိုင်ငံတော်ရဲ့ပံ့ပိုးမှုနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်ပြီး လမ်းအဆင့်တိုးမြှင့်မယ်လို့ ကြားတယ်၊ နှစ်စဉ်ရေဘေးရှောင် ပြည်သူတွေ လာရောက်မှီခိုနေထိုင်နိုင်အောင် လမ်းအမြင့်ကို ငါးပေအထိ တိုးချဲ့မယ်လို့သိရတယ်၊ အဓိကတော့ ရေထုတ်ပေါက်/တံတားတွေကို အဓိကထားလုပ်ပေးစေချင်တယ်၊ ဒါမှ ရေထွက်ပေါက်ကနေ မြစ်ရေတွေထွက်သွားပြီး လမ်းပျက်စီးမှုကင်းဝေးမှာ၊ လမ်းတိုးချဲ့ပြီး၊ ရေထွက်ပေါက်မရှိရင် လမ်းပျက်စီးကျိုးပဲ့မှာပဲ၊ အခုဘက်ဟိုးကားကြီးနှစ်စီးရောက်နေပြီ လမ်းကျောက်ခင်းဖို့ ကျောက်တွေလည်း စုဆောင်းနေပြီ၊ မကြာခင် အမြန်ပြုပြင်တိုးချဲ့ဆောင်ရွက်မယ်လို့ သိရတယ်”ဟု ပြောသည်။

ပေါက်ကုန်းကျေးရွာနေ ဒေသခံပြည်သူ မဝင်းမာဌေးက “ကျွန်မတို့ အခုသံကိုင်းလမ်းမှာ ရောက်နေတာ ၂၃ ရက်ကျော်ကြာနေပြီ၊ ရွာပြန်မကပ်နိုင်သေးဘူး၊ လူနေဖို့ထက် နွားတွေနေဖို့ နေရာကမရှိဘူးဖြစ်နေတယ်၊ ရွာချင်းဆက်လမ်းတွေကလည်း ပျက်နေတယ်၊ သံကိုင်း-သိမ်ကုန်း-ကျောင်းစု-ကံလှ-ပေါက်ကုန်း ကျေးရွာချင်းဆက် မြေသားလမ်းက ရွှံ့ဗွက်တွေ နှစ်ပေလောက်ရှိနေသေးတယ်၊ ပေါက်ကုန်းတံတားက လုပ်ပေးတာမကြာသေးဘူး၊ အရင်နှစ်ကတည်းက ပျက်သွားပြီ၊ ၃၇ ပေရှည် ကွန်ကရစ်တံတားပါ၊ အလယ်ကချိုင့်ဝင်သွားတာ၊ တံတားပြန်လည် ပြုပြင်ပေးစေချင်တယ်၊ ရွာကလည်းမတတ်နိုင်၊ ကျန်းမာရေးကိစ္စဆို အချိန်မီဆေးခန်း၊ ဆေးရုံမရောက်တော့ လမ်းမှာပဲ အသက်ဆုံးရှုံးရတာတွေရှိတယ် ”ဟု ပြောသည်။

သံကိုင်းကျေးရွာနေ တောင်သူတစ်ဦးက “မြစ်ရေတက်တော့ လယ်တွေက မရိတ်သိမ်းနိုင်လိုက်ဘူး၊ မြစ်ရေကျမှ ရိတ်ရတာ၊ စပါးတွေ အလေအလွင့်တော့ ဖြစ်တာပေါ့၊ နွေစပါးကို ရတနာတိုးစပါးမျိုးအစိုက်များတယ်၊ အခု မိုးစပါးစိုက်ဖို့တော့ ပြင်ဆင်နေပြီ၊ မိုးစပါးကို ဧရာမင်းနဲ့ ရန်ကုန်မနော် စပါးမျိုးကိုအစိုက်များပါတယ်၊ ထွန်ငှားခက တစ်မနက် ငွေကျပ် ၇၀၀၀ မှ ငွေကျပ် ၉၀၀၀ ထိရှိတယ်၊ စပါးမျိုး ပျိုးမထောင်နိုင်တော့ တခြားကဝယ်စိုက်တာရှိတယ်၊ ပျိုးစည်း ၁၀၀ ကို ငွေကျပ် ၂၅၀၀၀ အထိပေးရတယ်၊ ကျွန်တော်တို့ကတော့ ပျိုးဖိုးမတတ်နိုင်ဘူး၊ တိုက်ရိုက်ပဲ စိုက်ဖို့စီစဉ်နေတယ်၊ နောက်မိုးကောင်းပြီး တတိယရေကြီးဖို့ရှိတယ်ပြောတာ ကြားနေရတာပဲ၊ တောင်သူဖြစ်ပြီး လယ်မစိုက်ဘဲ မနေနိုင်တော့ စိုက်ရတာပါပဲ၊ ရေတက်လည်း မတတ်နိုင်ဘူး၊ စိုက်ပျိုးနိုင်သမျှ အချိန်မီစိုက်ပျိုးနိုင် အောင်ပဲ ကြိုးစားနေပါတယ်” ဟု ရေကြီးဒုက္ခရောက်နေသော်လည်း လုပ်ရမည့် အလုပ်အတွက် ပူပင်စိတ်ဖြင့် ပြောသည်။



စပါးရိတ်သိမ်း အငှားလိုက်သူ သံကိုင်းကျေးရွာနေ ပြည်သူတစ်ဦးက အခုအချိန်က အလုပ်သမားငှားရခက်တယ်၊ လယ်သမားအချင်းချင်းမို့ အကူအဖြစ်လိုက်ကူညီလုပ်ပေးတာ များတယ်၊ အမျိုးသမီးအလုပ်သမား တစ်ယောက်ကို တစ်မနက် ငွေကျပ် ၂၀၀၀ ပဲရတယ်၊ လုပ်အားခနည်းလည်း လုပ်နေရတာပဲ၊ မြစ်ရေနစ် လယ်မြေကို ရိတ်သိမ်းရတာ ပိုပင်ပန်းတယ်၊ လှည်းဝင်မရတော့ ကောက်လှိုင်းတွေ ရွက်သယ်ရတာ အလှမ်းဝေးတယ်၊ ရိတ်သိမ်းခြွေလှေ့စက်လည်းဝင်မရတော့ တောင်သူတွေ လုပ်အားခပိုကုန်တာပေါ့”ဟု ပြောသည်။

ကုန်းဇောင်း - သံကိုင်းလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် ပွင့်ဖြူမြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ယူ၍ အမြန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် အဆိုပါလမ်းအား ထိပ်ဝအကျယ် ၃၄ ပေ၊ ယခင်အမြင့်ပေ ပျမ်းမျှငါးပေမှ ထပ်မံ၍ ငါးပေထပ်ဆင့်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၁၅ ပေအရှည်ရှိ တံတားနှစ်စင်း၊ ပေ ၂၀ ရှိ တံတားတစ်စင်း ပါဝင်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့မှပေးပို့သောယာဉ်ယန္တရားစက်ကြီးများ ရောက်ရှိနေပြီဖြစ်ရာ လုပ်ငန်းများအချိန်မီပြီးစီး ဆောင်ရွက်နိုင်ရန် စက်ပိုင်းဆိုင်ရာ လိုအပ်သည်များကို စစ်ဆေးပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**



ဩဂုတ် ၁၆ ရက်နံနက်က ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက်၌ ပညာသမ္ဘဒါစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်မြင့်မြင့်မော်နှင့် ရပ်မိရပ်ဖဦးလှမျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
တင်ဝင်းလေး (ကြည့်မြင်တိုင်)

# တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်ကားလမ်း တောင်ပြိုမြေများအား ဖယ်ရှားရှင်းလင်းပြီးစီး

**ဘားအံ ဩဂုတ် ၁၈**
ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်ကားလမ်းတွင် ဩဂုတ် ၁၄ ရက်ညက မိုးသည်းထန်စွာရွာသွန်းသောကြောင့် မိုင်တိုင်အမှတ် (၂၆/၇) နေရာတွင် တောင်ပြို၍ ကားလမ်းပိတ်ဆို့သွားခဲ့သည်။

ထိုသို့ ကားလမ်းပိတ်ဆို့သွားခဲ့ရာ ခရီးသွားပြည်သူများ လမ်းခရီးနှောင့်နှေးကြန့်ကြာမှုနှင့် အခက်အခဲမဖြစ်စေရန်အတွက် ခရိုင် လမ်းဦးစီးဌာနမှ Loader ယာဉ်တစ်စီး၊ မြေသည်ယာဉ်နှစ်စီးတို့ဖြင့် ဖယ်ရှားရှင်းလင်းမှုကြောင့် ဩဂုတ် ၁၅ ရက်မွန်းလွဲပိုင်းတွင် တောင်ပြိုမြေများအား လုံးဝဖယ်ရှားရှင်းလင်း ပြီးစီးပြီဖြစ်သည့်အတွက် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာနိုင်ခဲ့ကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှူးရုံးမှ သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



# ငါးနှစ်နှင့် ငါးနှစ်အောက်ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်



**ခန္တီး ဩဂုတ် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်ကျန်းမာရေးဦးစီးဌာန၏ ရက်သတ္တပတ် ကျန်းမာရေးလှုပ်ရှားမှုလုပ်ငန်းအဖြစ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ မြို့ပေါ်ရပ်ကွက်များရှိ အသက်ငါးနှစ်နှင့် ငါးနှစ်အောက်ကလေးများအား ပေါင်ချိန်ခြင်း၊ ဗီတာမင်အေဆေးတိုက်ကျွေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ဩဂုတ်လတတိယပတ်မှ စတင်၍ အဆိုပါအသင်းရုံး၌ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေလျက်ရှိကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# သောင်ရင်းမြစ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**မြဝတီ ဩဂုတ် ၁၈**
မြဝတီမြို့နှင့် ထိုင်းနိုင်ငံ-မဲဆောက်မြို့တို့သည် သောင်ရင်းမြစ်ဖြင့် နယ်နိမိတ်ခြားထားရာ အဆိုပါသောင်ရင်းမြစ်အတွင်း သဘာဝအလျောက် ပေါက်ဖွားလျက်ရှိသော ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းဘေးမှ ဖလူးလေး၊ ဖလူးကြီး၊ မင်းလက်ပံ၊ အင်ကြင်းမြိုင်နှင့် မယ်ထော်သလေး ကျေးရွာတို့တွင် မြဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးရွာ ငါးသယံဇာတထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းပေးလျက်ရှိသည်။

ထို့အပြင် သောင်ရင်းမြစ်အတွင်း ရှော့တိုက်၊ မိုင်းခွဲ၊ ဆေးချငါးဖမ်းခြင်းများ မပြုလုပ်ရန် လုံးဝပိတ်ပင်တားဆီးခြင်းများနှင့် မေလ၊ ဇွန်လနှင့် ဇူလိုင်လ ငါးသားပေါက်ကာလများတွင် ငါးဖမ်းခြင်းများကို ကန့်သတ်တားမြစ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဒေါက်တာဝင်းမြင့်နှင့် ကျေးရွာငါးသယံဇာတထိန်းသိမ်းရေး ကော်မတီဝင်များမှ ဩဂုတ်လပထမပတ်က ကျေးရွာများအတွင်းရှိ သောင်ရင်းမြစ်လှေဆိပ်များ၊ ဈေးအဝင်လမ်းများ၊ လမ်းဆုံနေရာများ၌ ငါးသယံဇာတ ထိန်းသိမ်းရေး သတိပေးတားမြစ်ချက် ဆိုင်းဘုတ်များ စိုက်ထူခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မြစ်ရေဝင်ရောက်၍ ပျက်စီးသွားသောလမ်းအား ကိုယ့်အားကိုယ်ကိုးစုပေါင်းလမ်းခင်း

**ရေစကြို ဩဂုတ် ၁၈**
ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေ ပြန်လည်ကျဆင်းလျက်ရှိပြီး ပျက်စီးသွားသော ရပ်ကွက်လမ်းအား ရပ်ကွက်နေပြည်သူများက ဩဂုတ် ၁၅ ရက်တွင် ကိုယ့်အားကိုယ်ကိုး ခင်းလျက်ရှိသည်။

“ကျွန်တော်တို့ နှစ်ထောင်ပြည့်ရပ်ကွက် မြောင်းတောင်ဘက်လမ်းက မြစ်ရေဝင်လို့ ပျက်စီးသွားခဲ့ရပါတယ်။ ရပ်ကွက်နေသူအားလုံးကလည်း ဒီလမ်းကို အသုံးပြုသွားလာရတာဖြစ်တဲ့အတွက် ငွေကြေးစုဆောင်းလို့တစ်မျိုး၊ အလှူရှင်တစ်မျိုးနဲ့ ကိုယ့်အားကိုယ်ကိုး စုပေါင်းခင်းနေပါတယ်”ဟု ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၂၃ ရက်မှစ၍ ရေစကြိုမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၉ စင်တီမီတာအထိ မြင့်တက်ခဲ့ပြီး ရပ်ကွက်ခြောက်ရပ်ကွက်တွင် ရေဝင်နစ်မြုပ်ခဲ့သည်။ ယခုအခါ မြစ်ရေများပြန်လည်ကျဆင်း သွားသော်လည်း ရပ်ကွက်များတွင် ရေများကျန်ရှိနေပြီး လမ်းများလည်း ပျက်စီးလျက်ရှိရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဖေထွေးဇော်(ရေစကြို)**

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၃၀)

# လူငယ်ဥပဒေပညာရှင်များကို ကြိုဆိုသည်



## ဦးဟန်ညွန့်(ဥပဒေ)

.........................

**မင်္ဂလာသတင်း**

“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာသည့်သတင်း” ကို ယခုတလောသတင်းစာတွင်များ ဖတ်ရသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မိတ်ဆက်အမှာစကားပြောကြားသည်။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးလျက်ရှိပုံ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်း လုပ်ငန်းစဉ်များ ပိုမိုရှင်းလင်းလွယ်ကူစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် Stakeholder အားလုံးပါဝင်သော ပြန်လည်သုံးသပ် ဆွေးနွေးမှုလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပုံ၊ ကျောင်းသူ ကျောင်းသားများအနေဖြင့် နောင်တစ်ချိန်၊ နိုင်ငံတော်၏ တာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်၍ ကြိုးစားကြစေလိုကြောင်းလည်း ပြောကြားသည်။ ဗဟုသုတဖြစ်ဖွယ်အချက် အလက်များနှင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးကြားနာမှုကိုပါ ကျောင်းသူကျောင်းသားများအား လေ့လာစေသည်။ ကျောင်းသူ ကျောင်းသားများ၏ မေးမြန်းချက်ကိုလည်း တာဝန်ရှိသူများက ဖြေကြားသည်။ မင်္ဂလာသတင်းပါ။

**ဘာ့ကြောင့် မင်္ဂလာသတင်းလဲ**

ကျောင်းသားလူငယ်များ ရန်ဖြစ်သည့်သတင်း၊ မူးယစ်ဆေးဝါးအမှုဖြင့် လူငယ်များ တရားရုံးရောက်ရသည့်သတင်း၊ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ကျောင်းသူများ ခိုးရာနောက်လိုက်ပြေးသည့်သတင်းများထက် ပညာရှာသည့်သတင်း၊ နိုင်ငံ့အကျိုးပြုလူငယ်များသတင်း၊ တရားဥပဒေစိုးမိုးရေးသတင်းများက ပို၍ ပို၍ မင်္ဂလာရှိပါသည်။ အနာဂတ်ကို စိုးပိုင်သော လူငယ်များ၏ အားမာန်များကို မိဘပြည်သူများက ကြိုဆိုဂုဏ်ပြုနေမည်သာ ဖြစ်သည်။ ယနေ့ လူငယ်၊ နောင်ဝယ် လူကြီးပါ။

**ဥပဒေကျောင်းသားများ၏ကဏ္ဍ**

ဥပဒေကျောင်းသား ကျောင်းသူများ၏ အခန်းကဏ္ဍကိုဖြင့် ပို၍ထောက်ပြချင်ပါသည်။ တက္ကသိုလ်အသီးသီး၌ ဥပဒေပညာအဓိက သင်ယူနေကြကုန်သော ဥပဒေကျောင်းသားများသည်လည်း (အခြားဘာသာရပ်များ အဓိကသင်ယူနေသူများနည်းတူ) ဥပဒေပညာ အသိဉာဏ်ပညာကြွယ်ဝရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အားတက်ပါရစေ။ အားကိုးပါရစေ။ ထူးချွန်ပြောင်မြောက်သော ဥပဒေပညာရှင်အမြောက်အမြား လိုအပ်နေချိန်ဖြစ်ပါသည်။ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ကြပါစေ။

**လေ့လာရေး**

ယနေ့ လွှတ်တော်အသီးသီးတွင် ဥပဒေပြုရေးဆောင်ရွက်နေပါသည်။ ဥပဒေကြမ်းကော်မတီ၏ ဥပဒေကြမ်းပြုစုပုံ၊ ဆွေးနွေးပုံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ အဆိုတင်ခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ကျိုးကြောင်းဖော်ပြချက် မြင်ကွင်းများကို ရုပ်မြင်သံကြားမှလည်းကောင်း၊ သတင်းစာဖော်ပြချက်များမှလည်းကောင်း(ထို့ထက်ပို၍) လွှတ်တော်များသို့ ကိုယ်တိုင်ကိုယ်ကျ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ သွားရောက်လေ့လာခြင်းဖြင့်လည်းကောင်း ဥပဒေပြုရေးကဏ္ဍကို လေ့လာနိုင်ကြပေသည်။ လေ့လာရေးခရီးစဉ်များမှတစ်ဆင့် တရားဥပဒေစိုးမိုးရေးဗဟုသုတကြွယ်ဝမှုများရရှိကာ လက်တွေ့ဘဝအတွက်အကျိုးများမည်ကေန်ဖြစ်ပေသည်။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ (ပြည်ထောင်စုလွှတ်တော် နာယက) တို့ကလည်း တရားဥပဒေစိုးမိုးရေးအတွက် လူငယ်ကျောင်းသား အပေါင်းအား အခါအခွင့်သင့်သည့်အတိုင်း တွေ့ဆုံခြင်း၊ ဆွေးနွေးခြင်း၊ ဖြန့်ဝေခြင်းများဆောင်ရွက်လျက်ရှိပေသည်။

**စာတွေ့မှလက်တွေ့**

တက္ကသိုလ်ကျောင်းသူ ကျောင်းသားများသည် စာတွေ့မှ လက်တွေ့သို့ ပြည်သူ့သားသမီးများအဖြစ် ပြည်သူကို အလုပ်အကျွေးပြုရမည့်သူများဖြစ် သည်။ တက္ကသိုလ် မှ ပညာရည်နို့သောက်စို့ပြီး၊ အချိန်တန်လျှင် ပြည်သူ့လုပ်ငန်းခွင်၊ ပြည်သူ့အကျိုးပြု၊ ပြည်သူ့ဝန်ထမ်းများအဖြစ်သို့ ကူးပြောင်းရမည်ဖြစ်ပေသည်။ စာတွေ့နှင့်လက်တွေ့ပေါင်းစပ်နိုင်မှလည်း ပညာပြည့်ဝနှလုံးလှပသူများ ဖြစ်ပေလိမ့်မည်။ ဥပဒေဘာသာမျှသာမက ဘာသာစုံကို ရည်ညွှန်းပါသည်။

**ဥပဒေစာအုပ်ထူထူကြီးတွေထဲမှာ**

ဥပဒေစာအုပ်ထူထူကြီးတွေထဲမှာ ဥပဒေများ အမြဲရှိနေသည်။ အလွတ်ကျက်မှတ်ထားသော ဥပဒေပုဒ်မများကိုသာ အားကိုးအားထားပြုနေသည်။ လက်တွေ့ဖြစ်ရပ်မှန်များနှင့် စာအုပ်ထဲကပုဒ်မများ အစဉ်အမြဲညီညွတ်သည်ဟုကား မဆိုနိုင်။ ကာလ၊ ဒေသ၊ ပယောဂ ဟူသောစကား၊ လိုက်လျောညီထွေဟူသော စကား၊ ကျေအေးပြီးပြတ်ဟူသောစကား၊ ပညာပေးခြင်းဟူသောစကား၊ ထိရောက်ဟန့်တား သောပြစ်ဒဏ်ဟူသောစကား၊ စသည် စသည်ဖြင့် လက်တွေ့ဘဝများက စောင့်ကြိုနေတတ်သည်။ တက္ကသိုလ်ကျောင်းသားဘဝနှင့် လက်တွေ့ဘဝကွာခြားတတ်သည်။ ကျောင်းသားစိတ်ဓာတ်နှင့် ဝန်ထမ်းစိတ်ဓာတ် မတူညီတတ်ချေ။ ပြည်သူ့ဗဟိုပြု၊ ပြည်သူ့ဆန္ဒများကို အလေးထားရမည့်အချိန် တစ်နေ့ရောက်မည်။ တတ်သည့်ပညာ၊ တတ်သည့်ဗဟုသုတဖြင့် ပြည်သူ့ဘဝတည်ဆောက်ကြ ရပေလိမ့်မည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်းဒီအတိုင်းပါပဲ။

**ဥပဒေပညာရှင်ကြီးများသို့ ဂါရဝ**

ရန်ကုန်တက္ကသိုလ် ပထမ ဥပဒေပါမောက္ခ ဦးမေအောင်၊ ဒုတိယဥပဒေပါမောက္ခ ဆာအာသာအဂ္ဂါ၊ တတိယဥပဒေပါမောက္ခ ဒေါက်တာဘဟန်၊ စတုတ္ထဥပဒေ ပါမောက္ခ ဦးကျော်မြင့်၊ ပဉ္စမဥပဒေ ပါမောက္ခ ဒေါက်တာမြင့်၊ ဆဋ္ဌမဥပဒေပါမောက္ခ ဦးအောင်ခိုင်၊ သတ္တမဥပဒေပါမောက္ခ ဦးလှအောင်၊ အဋ္ဌမဥပဒေပါမောက္ခဦးတင်အုံး၊ နဝမဥပဒေပါမောက္ခ ဒေါက်တာ တင်အောင်အေးတို့အကြောင်း၊ ၁၉၈၆ မှ ၁၉၉၄ ပညာသင်နှစ်များအတွင်း ဥပဒေပညာဌာန ဆရာ ဆရာမများ၊ အချိန်ပိုင်းကထိက အငြိမ်းစားတရားဝန်ကြီးများဖြစ်သော ဆရာကြီး ဦးလှသင်း၊ ဆရာကြီး ဦးမြသိန်း ၊ ဆရာကြီးဦးတင်အုံး အပါအဝင် ဦးသိန်းဟန်၊ ဦးဆယ်မောင် ၊ ဒေါက်တာထွန်းရှင် ၊ ဦးဘသွင် ၊ ဦးမောင်မောင်သိမ်းတို့နှင့်အတူ ဥပဒေတွဲ့ရ ၁၃၀၅ ဦး စာပေးစာယူဥပဒေတွဲ့ရ ၄၇၂၇ ဦးနှင့်မဟာ ဥပဒေတွဲ့ရ ၉၀ တို့ကို မွေးထုတ်နိုင်ခဲ့ကြောင်း (ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်း အမှတ်စာစောင်၊ အပိုင်း (၁) ၁၉၉၅၊ စာ -၁၃၁ - ၁၃၄) တွင် ပါမောက္ခဒေါက်တာ တင်အောင်အေးက မှတ်တမ်းပြုခဲ့သည်။ နောက်ပိုင်းကာလများတွင်လည်း ဥပဒေပညာရှင်များ၊ ဥပဒေဘွဲ့ရများကို တက္ကသိုလ်အသီးသီးက မွေးထုတ်ပေးနေဆဲဖြစ်ပါသည်။ ဥပဒေပညာရှင်ကြီးများအား ဂါရဝပြုပါသည်။

**တရားဝန်ကြီးများ**

ခေတ်အဆက်ဆက်တရားလွှတ်တော်များတွင် အမျိုးသားဝတ်လုံ (Barrister-at-law)ဘွဲ့ရ တရားဝန်ကြီးများမှာ ဆာမောင်ခင် (၁၈၇၂-၁၉၂၄) ၊ ဦးမေအောင် (၁၈၈၀-၁၉၂၆)၊ ဒေါက်တာ ဘဦး (၁၈၈၇- ၁၉၆၃)၊ ဆာဂျေအေမောင်ကြီး (၁၈၇၁-၁၉၅၅)၊ ဦးသိမ်းမောင် (၁၈၉၀-၁၉၇၅) တို့ဖြစ်ပါသည်။၁၉၄၈ မှ ၁၉၆၂ အထိ တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးချုပ်များမှာ သတိုးမဟာသုဓမ္မ ဦးသိန်းမောင်၊ မဟာသီရိသုဓမ္မ ဦးထွန်းဗြူ ၊ သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင်၊ မဟာသီရိသုဓမ္မဦးရန်အောင်တို့ဖြစ်ပါသည်။၁၉၄၈ မှ ၁၉၆၂ ခုနှစ်အထိ တရားလွှတ်တော်ချုပ်၊ တရားသူကြီးချုပ်များမှာ အဂ္ဂမဟာသရေစည်သူနှင့်အဂ္ဂမဟာသီရိသုဓမ္မ ဆာဘဦး ၊ သတိုးသီရိသုဓမ္မဦးသိန်းမောင်၊ အဂ္ဂမဟာသရေစည်သူ ဦးမြင့်သိန်းတို့ဖြစ်ပါသည်။ ၁၉၆၂မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီခေတ်နိုင်ငံတော်တရားရုံးချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးချုပ်များမှာ သတိုးမဟာသရေစည်သူ မဟာသီရိသုဓမ္မ ဒေါက်တာဦးဘိုကြီး၊ ဒေါက်တာမောင်မောင်၊ ဦးလှသင်းတို့ဖြစ်ကြပါသည်။၁၉၇၄ မှ ၁၉၈၈ ခုနှစ်အထိ ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌများမှာ သူရဦးအောင်ဖေ၊ ဦးမောင်မောင်ကျော်ဝင်း၊ ဦးတင်အောင်ဟိန်းတို့ဖြစ်ကြပါသည်။ ၁၉၈၈ နောက်ပိုင်း တရားသူကြီးချုပ်မှာ ဦးအောင်တိုးဖြစ်ပြီး ယနေ့ပြည်သူ့လွှတ်တော်ခေတ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်မှာ ဦးထွန်းထွန်းဦးဖြစ်ပါသည်။

**[ပါမောက္ခဒေါက်တာတင်အောင်အေး၏ သုတမွန်စာတမ်း၊ စာ- ၁၈၅ ]**

**ဖတ်ရှုမှတ်သားစာအုပ်များ**

လူငယ်များသည် စာဖတ်ရမည်။ လေ့လာရမည် ။စာဖတ်အားများမှ စာတွေ့တွေ့မည်။လေ့လာမှုများမှ အလုပ်အကြောင်းသိမည်။စာတွေ့၊ လက်တွေ့ပေါင်းစပ်ကြရမည်။ တရားစီရင်ရေးသမိုင်း၊ တရားရေးဝန်ကြီးများအကြောင်း၊ တရားဝန်ကြီးများ၏ တရားစီရင်ဆုံးဖြတ်ပုံ ၊ စီရင်ထုံး ၊ သုံးသပ်ချက် ၊ စီရင်ချက် ၊ လျှောက်လဲချက်၊ သုတေသနပြုချက်၊ အရေးအသား၊ အတွေးအခေါ်၊ တင်ပြပုံ၊ တင်ပြနည်း၊ သီလစင်ကြယ်မှု ၊ အလုပ်အပေါ် သစ္စာရှိမှု၊ အမြင်အမျိုးမျိုး ၊ ပြောင်းလဲမှုအပေါ် ဝေဖန်ချက် ၊ သုံးသပ်ချက် ၊ ကျိုးကြောင်းဆင်ခြင်ပုံ ၊ တက္ကသိုလ်မှ ပြည်သူ့ဘဝသို့ ၊ လက်တွေ့ဘဝမှ အဆိုးအကောင်း၊ အကျိုးအကြောင်း စသည်များ လေ့လာမှတ်သားစရာများ ၊ သုတေသနပြုချက်များ၊ စာတမ်းများ၊ ပညာရှင်များ၏ အဆိုအမိန့်များ၊ ရေးသားချက်များ ကိုးကားချက်များ၊ မှတ်စုများကို လေ့လာသိမှီးသင့်ကြသည်။ တိုးတက်သော ခေတ်စနစ်တွင် နောက်ကျမကျန်စေချင်။

**လေ့လာမှုနယ်ပယ် ကျယ်ပါစေ့**

“လေ့လာမှုနယ်ပယ်ကျယ်ပါစေ့”ဟု ထပ်၍ ဆိုပါရစေ။

“ဥပဒေပင်လယ်ပြင်ခရီး ကူးခပ်ပါလေ”ဟု နောက်ဆက်တွင် တွဲပေးချင်သေးသည်။ ပိုလှပြီဟု မဆိုစေချင်။ သိမြင်စရာတွေက ပေါများလှသည်။ စာအုပ်စာပေတွေက ဒုနှင့်ဒေးပင်။ လက်လှမ်းမီသမျှ ဖတ်ရှုကိုးကား၍သာ ရေးသားရသည်။

> **တက္ကသိုလ်ကျောင်းသူ ကျောင်းသားများသည် စာတွေ့မှ လက်တွေ့သို့ ပြည်သူ့သားသမီးများ အဖြစ် ပြည်သူကို အလုပ်အကျွေးပြုရမည့်သူများဖြစ်သည်။ တက္ကသိုလ်မှ ပညာရည်နို့သောက် စို့ပြီး၊ အချိန်တန်လျှင် ပြည်သူ့လုပ်ငန်းခွင်၊ ပြည်သူ့အကျိုးပြု၊ ပြည်သူ့ဝန်ထမ်းများအဖြစ်သို့ ကူးပြောင်းရမည်ဖြစ်ပေသည်။ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်နိုင်မှလည်း ပညာပြည့်ဝနှလုံး လှပသူများ ဖြစ်ပေလိမ့်မည်။ ဥပဒေဘာသာမျှသာမက ဘာသာစုံကို ရည်ညွှန်းပါသည်။**

မပြည့်စုံနိုင်။ ဥပဒေပါမောက္ခ ဆရာအိုကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်အငြိမ်းစားပညာရှင်ကြီးများ၊ လုပ်သက် အနှစ် ၅၀ ကျော်ပြီဖြစ်သော တရားလွှတ်တော်ရှေ့နေကြီးများ၏ ပြောမဝ၊ ရေးမဝ၊ မှာကြားမဝသည့် ဥပဒေရေးရာအတွေ့အကြုံများ၊ စသည်ဖြင့်ရေးပြခြင်းငှာ မစွမ်းသာ၍ အသံဖမ်းစက်ဖြင့်ပင်မပင်မပန်း တတ်စွမ်းသမျှ ပြောပြသွန်သင်ပေးနေဆဲ ရှေ့နေအိုကြီးများ။ ထိုထိုသောဥပဒေပညာရှင်များ၏ ဆုံးမသွန်သင်မှု စေတနာ၊ တရားရေးရာရှေ့ဆက်ရမည့်ခရီးသို့ လူငယ်တို့ နှင့်အတူ ချီတက်ကြစို့။ ဆောင်ရန်၊ ရှောင်ရန်၊ ရောင်ခြည်အမှန်ဖြင့်စင်ကြယ်သော သီလကို ပြည်သူတို့အတွက် ပေးဆပ်ကြစို့။လက်ဆင့်ကမ်းအမွေရယူနိုင်ကြစေဖို့။

**အချိန်တွေမကုန်စေနှင့်**

“ ၂၄ နာရီလျှင် တစ်ရက်”ဟု သတ်မှတ်ချက်ရှိသည်။ အလုပ်များသော၊ အလုပ်လုပ်ချင်လွန်းသောသူများအတွက် အချိန်မလုံလောက်။ ၂၄ နာရီကိုပင်ပြင်ချင်သည်။ ကုန်ဆုံးမြန်လွန်းလှသည်ဟု ထင်သည်။ ပျင်းရိ၍ အိပ်ပျော်နေသောလူငယ်အချို့ကတော့ အချိန်ဖြုန်း၏။ စောပါသေးသည်ပြောနေဆဲ။ ကြုံသလိုကြည့်လုပ်ကြ တာပေါ့ဟု ဆိုနေဆဲ။ အချိန်တွေမကုန်စေနှင့်ဟုသာ သတိထပ်မံပေးလိုက်ရပါသည်။ လေ့လာမှုနယ်ပယ်ကျယ်ပြောလှသော ဥပဒေပင်လယ်ပြင်ကြီးကိုလူငယ်တို့ ကူးခပ်ကြရဦးမည်ပေ ...။

**တင်ပြချက်**

အနာဂတ်ကိုပိုင်စိုးသော လူငယ်ဥပဒေပညာရှင်များအား နွေးထွေးစွာကြိုဆိုသော ကျွန်တော်၏ ဥပဒေအတွေးမျှသာပါ ...။

---

**မကွေးတိုင်းဒေသကြီး နတ်မောက်-မကွေးကားလမ်းတွင် တံတားအောက် ရေလမ်းပိတ်ဆို့မှုကြောင့် ရေများ လမ်းမပေါ်ကျော်ကျပြီး တံတားအရှေ့ဘက်တွင် ကမ်းပါးပြိုကျခြင်းနှင့် တံတားအုတ်ခုံများ ကျိုးပဲ့ပျက်စီးခြင်းများဖြစ်ပေါ်မှုကို နတ်မောက်မြို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေနှင့်အဖွဲ့ ဩဂုတ် ၁၆ ရက်က ကြည့်ရှုစဉ်။**
လှဝင်း(နတ်မောက်)



## ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**ဘားအံ ဩဂုတ် ၁၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ ဇန်နဝါရီ ၄ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သော (၁၁)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက်က ဘားအံမြို့ ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက ပြည်ထောင်စုတရားသူကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာမှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခဲ့သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများက တရားစီရင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ခေတ္တပြည်နယ်တရားရေးဦးစီးမှူးက တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ဘားအံခရိုင်တရားသူကြီးက အစည်းအဝေးမှ မှာကြားချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**သိမ့်သိမ့်မိုး**

## ရေမြုပ်ပြောင်းများကြောင့် ပြောင်းဈေးကွက် ပုံမှန်ဖြစ်နေ



**တပ်ကုန်း ဩဂုတ် ၁၈**

နိုင်ငံတစ်ဝန်း ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများကြောင့် စိုက်ပျိုးထားသည့်သီးနှံများ များစွာပျက်စီးခဲ့ရသည်။ ရေမြုပ်ထားသည့် သီးနှံဖြစ်သော စားပြောင်းဖူးများ ရန်ကုန်ဈေးကွက်သို့ အလုံးအရင်းဖြင့် ဝင်ရောက်လာသော စားပြောင်းဖူးဈေးမှာ ပုံမှန်သာဖြစ်ကြောင်း ရန်ကုန်သို့တင်ပို့နေသာ ကုန်သည်များထံမှ သိရသည်။

ဇူလိုင်လက စားပြောင်းဖူးဈေးသည် အမြင့်ဆုံးအနေအထားတွင် ရှိနေပြီး စိုက်ခင်းထဲတွင် တစ်ဖူးလျှင်ငွေကျပ် ၁၂၀ အထိ ဈေးရရှိခဲ့ကြောင်း၊ ထို့နောက် နိုင်ငံတစ်ဝန်း ရေကြီးနစ်မြုပ်မှုကြောင့် စားပြောင်းဖူးစိုက်ခင်းများ ရေနစ်ဆုံးရှုံးခဲ့ကြောင်း၊ တချို့စိုက်ခင်းများသည် ခူးဆွတ်ခါနီးမှ ရေနစ်သောကြောင့် မရင့်သေးဘဲ ဈေးကွက်အတွင်း ရောက်ရှိလာသောကြောင့် ဈေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့်ပျက်စီးသောဒေသများမှာ မကွေးတိုင်းဒေသကြီးရှိ မြို့နယ်များ၊ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်တို့တွင် ပြောင်းခင်းများပျက်စီးမှုများကြောင့် အရောင်းအဝယ်များ မဖြစ်ခဲ့ကြောင်း သိရသည်။

ယခုအခါ ဖြစ်ထွန်းအောင်မြင်နေသော နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် အရောင်းအဝယ်ဖြစ်နေပြီး ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်ဈေးများသို့ တင်ပို့ရောင်းချနေကြောင်း၊ ဈေးမှာ အတက်၊ အကျမရှိဘဲ ပုံမှန်တန့်နေကြောင်း ကုန်သည်ကိုဌေးမောင်က ပြောပြသည်။

"ပြောင်းဈေးနှုန်းက စပေါ်ကာစက အမြင့်ဆုံးမှာရှိနေပါတယ်။ တစ်ဖူးကို ငွေကျပ် ၁၂၀ အထိ ပေးခဲ့ပါတယ်။ တစ်ဖူးစိုက်ကို ငွေကျပ်နှစ်သိန်းအထိ ပေးဝယ်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကလည်း ရောင်းအားကောင်းနေပါတယ်။ အခုချိန်မှာတော့ ရေနစ်မြုပ်တဲ့ပြောင်းတွေက အလုံးအရင်းနဲ့ဝင်လာတော့ စားသုံးသူတွေက ဈေးပေါတာကိုဝယ်စားတဲ့အတွက်ကောင်းတဲ့ပြောင်းတွေက တစ်ဖူး ငွေကျပ် ၈၀၊ ၉၀ လောက်နဲ့ ပုံမှန်ဖြစ်နေပါတယ်။ ရေနစ်တဲ့ပြောင်းခင်းတွေလည်း တဖြည်းဖြည်းနဲ့ကုန်တော့မှာပါ။ အရင်နှစ်တွေက အောင်လံဘက်မှာ ဝယ်တာများပါတယ်၊ အဲဒီဘက်က ရေတွေမြုပ်ကုန်တော့ တပ်ကုန်းမှာပဲ ဝယ်နေပါတယ်။ အခုပေါက်ဈေးက တစ်ဖူးကို ငွေကျပ် ၇၀၊ ၈၀နဲ့ဝယ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့နေပါတယ်"ဟုတပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းရွာတွင် ပြောင်းဖူးဝယ်ယူနေသည့် ကုန်သည်ကိုမြင့်နိုင်က ပြောပြသည်။

တပ်ကုန်းမြို့နယ်တွင် မိုးရာသီ၌ ပဲတီစိမ်း၊ အစေ့ထုတ်ပြောင်းနှင့် စားပြောင်းဖူးများကို အဓိကစိုက်ပျိုးလျက်ရှိပြီး ပဲတီစိမ်းစိုက်တောင်သူများသည် ပိုးကျရောက်မှုကြောင့် အထွက်နှုန်းကျဆင်းခြင်း၊ အလုပ်သမားစရိတ်မြင့်မားခြင်းနှင့် ဈေးနှုန်းအတည်တကျမရှိခြင်းတို့ကြောင့် အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

စားပြောင်းဖူးစိုက် တောင်သူများသည် အရှုံးမရှိကြောင်း၊ မျိုးစေ့ဖိုးနှင့် မြေဩဇာဖိုးသာကုန်ကျကာ အလုပ်သမား အသုံးပြုနည်းခြင်း၊ စိုက်ပျိုးချိန်နှစ်လကျော်သာကြာပြီး အရင်းအနှီးနည်းကာ ဈေးကွက်ပုံမှန်ရှိခြင်းတို့ကြောင့် ရွေးချယ်စိုက်ပျိုးမှု များလာကြောင်း တောင်သူများထံမှ သိရသည်။

**သတင်း - မောင်ကျော်ကြီး**
**ဓာတ်ပုံ - သက်ထက်**

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**မင်းလှ ဩဂုတ် ၁၈**

မြန်မာနိုင်ငံတွင် ဩဂုတ်လကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုလအဖြစ် သတ်မှတ်ပြီး ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေး၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအာဟာရဖွံ့ဖြိုးရေးနှင့် စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သာယာဝတီခရိုင် မင်းလှမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို အမှတ်(၂)ရပ်ကွက် ပြည်လုံးချမ်းသာဘုရားကြီးအတွင်း ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်သူနာပြုဒေါ်သန်းနွဲ့အေးက အိုင်အိုဒင်းချို့တဲ့ရောဂါကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ငါးနှစ်အောက်ကလေးငယ်များကို ဗီတာမင်အေတိုက်ကျွေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ နို့တိုက်မိခင်များအား သံဓာတ်အားဆေးနှင့် ဗီတာမင်ဘီဝမ်းဆေးများပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

## တရားမဝင်ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာရောင်းချခြင်းရှိ မရှိ ဂိုဒေါင်များကိုစစ်ဆေး

**မူဆယ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်းရှိ တရားမဝင်ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာရောင်းချခြင်း ရှိ မရှိ၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် မညီသည့် မြေဩဇာ၊ ပိုးသတ်ဆေးရောင်းချသည့် ဈေးဆိုင်များ၊ သိုလှောင်ထားသည့် ဂိုဒေါင်များသို့ မြေဩဇာ၊ မျိုးစေ့ပိုးသတ်ဆေးလုပ်ငန်းစစ်ဆေးရေးအဖွဲ့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်း၊ (မြေ၊ မျိုး၊ ပိုး) တာဝန်ခံများနှင့် အတူပူးပေါင်း၍ ဩဂုတ် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် ၎င်းအဖွဲ့သည်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စားသောက်ကုန်များ တွဲဖက်မထားရန်၊ တရားဝင်ခွင့်ပြုချက်ဖြင့် ရောင်းဝယ်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်ထားသည့် နည်းဥပဒေလုပ်ထုံးလုပ်နည်းစည်းကမ်းချက်များအား လိုက်နာရန်၊ ပိုးသတ်ဆေးများကို စနစ်တကျကိုင်တွယ်အသုံးပြုရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဆိုင်ရှင်များ အနေဖြင့် ဖြန့်ဖြူးရောင်းချရာတွင် ရောင်းချခွင့်လိုင်စင်ပြုလုပ်၍ စနစ်တကျရောင်းချရန်နှင့် လိုင်စင်ချပေးထားသည့် ကုမ္ပဏီများကလည်း ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကိုသာ ဖြန့်ဖြူးရောင်းချရန်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## အသည်းရောင်အသားဝါဘီကာကွယ်ဆေးထိုးနှံ

**ညောင်တုန်း ဩဂုတ် ၁၈**

မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ ရဟန်းသံဃာနှင့် သီလရှင်များအား အသည်းရောင်အသားဝါဘီကာကွယ်ဆေးအား (တတိယ)အကြိမ် အခမဲ့ထိုးနှံပေးခြင်းကို အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၁၆ ရက်မှ ၁၇ ရက်အထိ ထိုးနှံပေးခဲ့ကြောင်းနှင့် ယခုတတိယအကြိမ်အပြီးတွင် အသည်းရောင်အသားဝါဘီကာကွယ်ဆေးထိုးပြီးသူဦးရေမှာ ၈၀၀၀ ခန့်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်း

**ဖြူး ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ ဝါဆိုဦးလူငယ်ပရဟိတ ကူညီစောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးအစိုင်းနှင့် လူငယ်အဖွဲ့ဝင်များသည် ရေဘေးဒဏ်ခံစားနေရသော ပြည်သူများအား ထောက်ပံ့လှူဒါန်းရန်အတွက် ဖြူးမြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်အလှူခံရရှိသောငွေများနှင့် စားသောက်ဖွယ်ရာမျိုးစုံ၊ ကျား/မ ဝတ် အဝတ်အထည်မျိုးစုံ၊ အစားအသောက်မျိုးစုံနှင့် သံဃာတော်များအတွက် သင်္ကန်းစသည်များကို တိုင်းဒေသကြီးအနောက်ခြမ်းရှိ ရေဘေးဒုက္ခသည်များထံသို့ ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ကားနှစ်စီးဖြင့် သွားရောက်လှူဒါန်းကြသည်။

ယင်းသို့ သွားရောက်လှူဒါန်းရာတွင် သာယာဝတီခရိုင် လက်ပံတန်း၊ မိုးညို၊ မင်းလှမြို့နယ်များအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်ပြည့် ၂၀ ဝင် ၁၉ အိတ်၊ ယမ်းယမ်းခေါက်ဆွဲခြောက်အထုပ် ၇၅၀၊ ငါးသေတ္တာ ၄၃ ဘူး၊ ငါးပိကြော်ဘူး ၂၀၊ ရေသန့် ၁၂ လုံးကတ် ၃၂ ကတ်၊ ခြောက်လုံးကတ် ၂၇ ကတ်၊ သင်္ကန်းငါးစုံနှင့် ကလေးလူကြီး ကျား/မ ဝတ် အထည်မျိုးစုံ ၁၂၃၀ ပစ္စည်းတန်ဖိုး ငွေကျပ် ၁၀ သိန်းခန့်နှင့် ငွေသား ၂၇ သိန်းတို့ကို ကိုယ်တိုင်သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## ကျိုက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသစ်ဖွင့်

**မိတ္ထီလာ ဩဂုတ် ၁၈**

မိတ္ထီလာမြို့နယ် ညောင်ပင်လှိုကျေးရွာအုပ်စု ကျိုက်ကုန်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းသစ်ဖွင့်ပွဲကို ဩဂုတ် ၁၇ ရက်က ကျင်းပရာ ယင်းကျောင်းသစ်အား တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးအောင်သောင်း၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးဦးသက်နိုင်ထွန်း၊ တာဝန်ခံကျောင်းအုပ် ဦးဝင်းနိုင်၊ ကျောင်းကော်မတီဝင် ဦးဝင်းကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းကျောင်းသစ်ဖွင့်ပွဲတွင် တာဝန်ခံမြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး ကျောင်းသစ်၏ စာသင်ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူထံသို့ ကျောင်းကော်မတီဝင်က လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျိုက်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်း တွင် ကျေးရွာမှ ကျောင်းသူ ကျောင်းသား ၆၀ တက်ရောက်ပညာသင်ကြားနေပြီး သတ်မှတ်ကျောင်းဆောင်၊ စာသင်ခုံများ၊ကျောင်းသားများ စသည်တို့နှင့် ပြည့်စုံ၍ ပညာရေးဝန်ကြီးဌာနမှ ယင်းကျောင်းအား အခြေခံပညာမူလတန်းကျောင်းအဖြစ် တရားဝင်ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ကျိုက်ကုန်းကျေးရွာရှိ ဒေသခံကလေးငယ်များ အနေဖြင့် မူလတန်းပညာရေးကို ယခင်က ကျေးရွာနှင့် တစ်မိုင်ခွဲခန့်ဝေးကွာသည့် ဖက်တောကျေးရွာ ၊ ဆူးဖြူကွက် ကျေးရွာများရှိ စာသင်ကျောင်းများသို့ သွားရောက် ပညာသင်ကြားနေရသဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်အနည်းငယ်အကြာတွင် ယခုကဲ့သို့ အခြေခံပညာမူလတန်းကျောင်းသစ်အဖြစ် ဖွင့်လှစ်ခွင့်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဇီးကုန်းမြို့နယ် ပရဟိတလူမှုကူညီရေးအဖွဲ့များ ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**ဇီးကုန်း ဩဂုတ် ၁၈**- ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်အတွင်း ရေဘေးသင့်ဒေသများရှိ အိမ်ထောင်စုများသို့ ဇီးကုန်းမြို့နယ်ရှိ ပရဟိတလူမှုကူညီရေးအဖွဲ့များမှ စားစရာ၊ အဝတ်အထည်များနှင့် ဆေးဝါးများသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ဓမ္မစကူးဖောင်ဒေးရှင်းမှ ဇောတိကာရုံပရိယတ္တိစာသင်တိုက် မိုယ်းကောင်းကျောင်း၊ သစ်မျှောလေးကျောင်းတို့မှ ဆရာတော်များနှင့် ဓမ္မစကူးဖောင်ဒေးရှင်းအဖွဲ့များသည် ဩဂုတ်လဒုတိယပတ်အတွင်း မိုးညိုမြို့နယ် ပတ်တော်၊ ပိုးစတောလေး၊ ကုန်းတမ်း၊ ညောင်လေးပင်ရွာ၊ ရေချမ်းအိုးရွာ၊ သံပုကုန်ရွာ၊ ရေမွှေးရွာ၊ မြစ်သာ စသောရွာများသို့ ဆန်အိတ် ၅၀ နှင့် ဆီဘူး ၅၀၀၊ ရေသန့်ခြောက်လုံးကတ် ၃၂၅ ကတ်အပါအဝင် ဆေးဝါး၊ အဝတ်အထည်၊ ဖယောင်းတိုင်နှင့်မုန့်များ စုစုပေါင်းငွေကျပ် ၂၅ သိန်းဖိုးခန့်ကိုလည်းကောင်း၊ အလားတူ ဇီးကုန်းမြို့ မြင့်မြတ်စေတနာပရဟိတလူငယ်များအဖွဲ့မှ ထိုရက်များအတွင်းက ဆန်အိတ် ၂၀၊ ရေသန့် ၅၅၅ ကတ်အပါအဝင် ကြက်ဥ ၄၀၀၊ ခေါက်ဆွဲထုပ်များကိုလည်းကောင်း၊ ဇီးကုန်းမြို့ ပန်းပျိုးလက်ပညာကျန်းမာရေးအခမဲ့ကူညီစောင့်ရှောက်ရေး ပရဟိတအဖွဲ့တို့မှ ဆန်အိတ် ၂၀၊ ဆေးဝါး ငွေကျပ် ၁ သိန်းဖိုး၊ ရေသန့်ဘူးကတ် ၁၄၀၊ မားမားခေါက်ဆွဲ ၁၂၈၀၊ မုန့်ပဲသရေစာများ စုစုပေါင်းငွေကျပ် ၁၀ သိန်းဖိုးခန့်တို့ကို အိမ်ထောင်စု ၃၀၀ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# လက်ရှိချန်ပီယံကို အာဆင်နယ်အနိုင်ရနိုင်မလား

## 2016-17 PREMIER LEAGUE WEEK 2



ပရီမီယာလိဂ်အဖွင့်ပွဲမှာတော့ မန်ယူ၊ လီဗာပူးတို့နိုင်ပွဲရယူနိုင်ခဲ့ပေမယ့် လက်ရှိချန်ပီယံလက်စတာ အပါအဝင် အာဆင်နယ်၊ စပါး၊ အဲဗာတန်တို့လို အသင်းကောင်းတွေ နိုင်ပွဲပျောက်ဆုံးခဲ့ကြရပါတယ်။ ဒီတစ်ပတ်မှာတော့ အဆိုပါအသင်းတွေ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်တာကြောင့် ပိုမိုအကြိတ်အနယ်ရှိလာနိုင်ပါတယ်။ အထူးသဖြင့် အဖွင့်ပွဲစဉ်မှာ ရှုံးပွဲကြုံတွေ့ခဲ့ရတဲ့ လက်စတာနဲ့ အာဆင်နယ်တို့ ထိပ်တိုက်ဆုံတွေ့နေတာကြောင့် ပိုမိုစိတ်ဝင်စားဖို့ကောင်းမွန်နေသလို ဘယ်သူအနိုင်ရသွားမလဲဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။

### မန်ယူ v ဆောက်သမ်တန်

| ယမန်နှစ် | မန်ယူ | ၀ | ၁ | ဆောက်သမ်တန် |
|---|---|---|---|---|

မန်ယူအနေနဲ့အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ ဂရုတစိုက်ကစားသွားနိုင်မှာ သေချာနေပါတယ်။ ဒီပွဲမှာ ပေါ့ဂ်ဘာလည်း ပါဝင်ခွင့်ရရှိပြီဖြစ်တာကြောင့် မန်ယူတို့ ပိုမိုလူစုံလာမှာဖြစ်ပါတယ်။ ဆောက်သမ်တန်ကတော့ အဓိက ကစားသမားတွေ ဆုံးရှုံးထားရကာ မန်နေဂျာအပြောင်းအလဲပါဖြစ်ထားလို့ တည်ငြိမ်မှုမရှိတာ တွေ့ရပါတယ်။ တစ်ယောက်လျှော့ ဝက်ဖို့ဒ်ကိုတောင် မနိုင်ခဲ့ပါဘူး။ မန်ယူတို့အိမ်ကွင်းမှာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဆွမ်ဆီး v ဟားလ်

| ယမန်နှစ် | တွေ့ဆုံမှုမရှိ |
|---|---|

တန်းတက်ဟားလ်က လက်စတာကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာမရှိပါဘူး။ ဟားလ်ရဲ့ခံစစ်ပိုင်းကစားပုံက ကျစ်လျစ်မှုမရှိဘဲ လက်စတာတိုက်စစ်မှူး ဗာဒီအဆုံးသတ်ပိုင်း အားနည်းလွန်းခဲ့လို့သာ ဟားလ်တို့သက်သာရာရခဲ့တာဖြစ်ပါတယ်။ ဆွမ်ဆီးကတော့ ခြေစွမ်းသာမန်သာရှိပေမယ့် ခံစစ်ပိုင်းကစားပုံကောင်းမွန်မှုရှိသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဆွမ်ဆီးတို့ နိုင်ပွဲကပ်ရနိုင်ပါတယ်။

### ဝက်စ်ဘရွန်း v အဲဗာတန်

| ယမန်နှစ် | ဝက်စ်ဘရွန်း | ၂ | ၃ | အဲဗာတန် |
|---|---|---|---|---|

အဲဗာတန်ဟာ စပါးကို သရေကစားနိုင်ခဲ့တယ် ဆိုပေမယ့် ခြေစွမ်းပိုင်းကတော့ သာမန်ပဲရှိခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ကစားအားကျဆင်းခဲ့သလို ဂိုးသမားလက်စွမ်းပြနိုင်ခဲ့လို့သာ သရေရယူနိုင်ခဲ့တာဖြစ်ပြီး လူကာကူကိုလည်းပွဲထွက်အသုံးမပြုတာကြောင့် တိုက်စစ်ပိုင်းပါ အားနည်းမှုတွေရှိခဲ့တာ တွေ့ရပါတယ်။ ဝက်စ်ဘရွန်းကတော့ အိမ်ကွင်းကစားပုံကောင်းမွန်တတ်သလို ခံစစ်ပိုင်းလည်း တည်ငြိမ်တဲ့အသင်းပါ။ အဲဗာတန် သရေလောက်ပဲကစားနိုင်မယ်။

### ဆန်းဒါးလန်း v မစ်ဒယ်ဘရော့

| ယမန်နှစ် | တွေ့ဆုံမှုမရှိ |
|---|---|

အဖွင့်ပွဲစဉ်မှာ မန်စီးတီးကိုရှုံးနိမ့်ခဲ့ရတယ် ဆိုပေမယ့်လည်း ဆန်းဒါးလန်းရဲ့အသင်းလိုက် ကစားပုံက ကောင်းမွန်မှုရှိခဲ့ပါတယ်။ တန်ပြန်တိုက်စစ်ကိုလည်း ကောင်းမွန်စွာကစားနိုင်သလို အိမ်ကွင်းဖြစ်တာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း မစ်ဒယ်ဘရော့တို့ ရလဒ်ကောင်းဖို့ ခက်ခဲနိုင်ပါတယ်။ စတုတ်နဲ့ပွဲမှာ မစ်ဒယ်ဘရော့ရဲ့ကစားပုံကောင်းမွန်ခဲ့ပေမယ့် ဒီပွဲစဉ်မှာတော့ ဆန်းဒါးလန်းတို့ အနိမ့်ဆုံးသရေရမယ်။

### စတုတ် v မန်စီးတီး

| ယမန်နှစ် | စတုတ် | ၂ | ၀ | မန်စီးတီး |
|---|---|---|---|---|

စတုတ်ဟာ မစ်ဒယ်ဘရော့ကို အနိုင်မရခဲ့ပေမယ့်လည်း အိမ်ကွင်းကစားပုံမာကျော့မှုရှိပြီး အသင်းလိုက်ကစားပုံလည်း တည်ငြိမ်မှုရှိပါတယ်။ အိမ်ကွင်းအားနဲ့လည်း ခံကစားမှာဖြစ်ပါတယ်။ မန်စီးတီးကလည်း အဖွင့်ပွဲစဉ်မှာ ဆန်းဒါးလန်းကို အနိုင်ရခဲ့ပေမယ့် အသင်းလိုက်တည်ငြိမ်မှု အားနည်းနေဆဲဖြစ်ပါတယ်။ ချန်ပီယံလိဂ် ခြေစစ်ပွဲကြောင့်လည်း မန်စီးတီးပွဲပန်းနိုင်လို့ ဒီပွဲမှာ စတုတ်ကိုခက်ခက်ခဲခဲ ရင်ဆိုင်ရနိုင်ကာ ကပ်ပြီးသာနိုင်ခြေရှိတယ်။

### စပါး v ပဲလေ့စ်

| ယမန်နှစ် | စပါး | ၁ | ၀ | ပဲလေ့စ် |
|---|---|---|---|---|

အဲဗာတန်ကို သရေသာကစားနိုင်ခဲ့တယ်ဆိုပေမယ့်လည်း အဆိုပါပွဲမှာ ဒုတိယပိုင်းအတွင်း စပါးရဲ့ကစားပုံက ကောင်းမွန်မှုရှိခဲ့ပြီး အဲဗာတန်ဂိုးသမား လက်စွမ်းပြနိုင်ခဲ့လို့သာ စပါးတို့ နိုင်ပွဲမရခဲ့တာဖြစ်ပါတယ်။ ဒီလိုနိုင်ပွဲမရခဲ့လို့လည်း ဒီအိမ်ကွင်းပွဲမှာ စပါးတို့ နိုင်ပွဲရရေးအားစိုက်ကစားလာမှာသေချာနေပါတယ်။ ပဲလေ့စ်ကတော့ ခံစစ်ပိုင်းကစားပုံမဆိုးသလို ဒီပွဲမှာလည်း ခံစစ်အားပြုကစားလာမှာဖြစ်ပေမယ့် စပါးပဲနိုင်ပွဲကပ်ရနိုင်ပါတယ်။

### ဘန်လေ v လီဗာပူး

| ယမန်နှစ် | တွေ့ဆုံမှုမရှိ |
|---|---|

အဖွင့်ပွဲစဉ်မှာ အာဆင်နယ်ကိုအနိုင်ရခဲ့တဲ့ လီဗာပူးရဲ့ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ တိုက်စစ်မှာ ကော်တင်ညို၊ ဖာမီနို၊ မာနီတို့ ခြေစွမ်းပြနိုင်ခဲ့သလို ဟန်ဒါဆန်၊ လယ်လာနာတို့ ကွင်းလယ်ကလည်း ကောင်းမွန်ခဲ့ပါတယ်။ လီဗာပူးရဲ့ခံစစ်ပိုင်းကတော့ အားနည်းမှုအနည်းငယ်ရှိတယ်ဆိုပေမယ့် တန်းတက်ဘန်လေရဲ့ ခြေစွမ်းက သာမန်သာရှိပြီး တိုက်စစ်ပိုင်းလည်းအားနည်းနေတာကြောင့် လီဗာပူးပဲနိုင်ပွဲရမယ်။

### ဝက်စ်ဟမ်း v ဘုန်းမောက်

| ယမန်နှစ် | ဝက်စ်ဟမ်း | ၃ | ၄ | ဘုန်းမောက် |
|---|---|---|---|---|

မန်ယူကိုရှုံးနိမ့်ခဲ့ရတဲ့ပွဲစဉ်မှာ ဘုန်းမောက်ရဲ့ခြေစွမ်းက အမှားများခဲ့တာကို တွေ့ရပါတယ်။ အထူးသဖြင့်ခံစစ်ပိုင်းက အားနည်းမှုတွေရှိခဲ့တာကြောင့် ဒီပွဲစဉ်မှာလည်း ဝက်စ်ဟမ်းရဲ့ ထိုးစစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဝက်စ်ဟမ်းကအိမ်ကွင်းအားနဲ့ တိုက်စစ်ဖွင့် ရင်ဆိုင်လာမှာဖြစ်သလို နိုင်ပွဲရယူနိုင်ဖို့လည်း အားစိုက်လာမှာဖြစ်တာကြောင့် ဘုန်းမောက်တို့ ကစားရပိုမိုခက်ခဲနိုင်ပါတယ်။ ဝက်စ်ဟမ်းပဲအိမ်ကွင်းမှာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဝက်ဖို့ဒ် v ချယ်လ်ဆီး

| ယမန်နှစ် | ဝက်ဖို့ဒ် | ၀ | ၀ | ချယ်လ်ဆီး |
|---|---|---|---|---|

အဖွင့်ပွဲစဉ်မှာ တစ်ယောက်လျှော့အနေအထားနဲ့ ဆောက်သမ်တန်ကို သရေကစားနိုင်ခဲ့တဲ့ ဝက်ဖို့ဒ်ရဲ့ကစားအားက ကောင်းမွန်မှုရှိပါတယ်။ ဒီပွဲစဉ်မှာလည်း ဝက်ဖို့ဒ်အနေနဲ့ အိမ်ကွင်းဖြစ်တာကြောင့် အမှတ်ရယူနိုင်ဖို့အားစိုက် ကစားနိုင်ဖို့ရှိနေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး နိုင်ပွဲရယူနိုင်ဖို့ အားစိုက် ကစားလာမှာဖြစ်တာကြောင့် ဝက်ဖို့ဒ်တို့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ခက်ပါလိမ့်မယ်။ ချယ်လ်ဆီးပဲ ကပ်နိုင်မယ်။

### လက်စတာ v အာဆင်နယ်

| ယမန်နှစ် | လက်စတာ | ၂ | ၅ | အာဆင်နယ် |
|---|---|---|---|---|

အဖွင့်ပွဲစဉ်မှာ လီဗာပူးကိုရှုံးနိမ့်ခဲ့ရတာကြောင့် အာဆင်နယ်တို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာလည်း ဂျီရူ၊ အိုလ်ဇေး၊ ကိုစီရယ်နီတို့ ပြန်လည်ပါဝင်လာနိုင်လို့ ခြေစွမ်းပိုင်းလည်း ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ ဒါပေမယ့် လက်စတာကလည်း အဖွင့် ပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အိမ်ကွင်းမှာအားစိုက်ကစားလာမှာ ဖြစ်တာကြောင့် အာဆင်နယ်တို့ လွယ်လွယ်အနိုင်မရနိုင်ပါဘူး။ အာဆင်နယ် ကပ်ပြီးသာအနိုင်ရဖို့ရှိပါတယ်။

# ရွှန်းနီ၏ခြေစွမ်းကို စောင့်ကြည့်ပြီးမှသာ စာချုပ်သစ်ကမ်းလှမ်းရန် မန်ယူအသင်း စီစဉ်ထား

မန်ယူအသင်း တိုက်စစ်မှူး ဝိန်းရွှန်းနီအနေဖြင့် မန်ယူနှင့် စာချုပ်သစ်ချုပ်ဆိုနိုင်ရေးအတွက် လာမည့် ၁၈ လအတွင်း စာချုပ်သစ်ချုပ်ဆိုဖို့ ထိုက်တန်ကြောင်း သက်သေပြသွားရန် မန်ယူအသင်းတာဝန်ရှိသူများက တောင်းဆိုထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။



အင်္ဂလန်တိုက်စစ်မှူး ဝိန်းရွှန်းနီနှင့် မန်ယူအသင်းတို့ လက်ရှိချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၉ ခုနှစ် နွေရာသီအတွင်းတွင်မှ ကုန်ဆုံးမည်ဖြစ်ပြီး အဆိုပါစာချုပ်အရ ရွှန်းနီသည် တစ်ပတ်လုပ်ခငွေ ပေါင် ၃၀၀၀၀၀ ရရှိနေသူဖြစ်သည်။

တိုက်စစ်မှူး ရွှန်းနီသည် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းအတွက် ခြေစွမ်းပြကစားနိုင်ရန် ရုန်းကန်ခဲ့ရပြီး ယခုနှစ် ပရီမီယာလိဂ်ရာသီအဖွင့်ပွဲအဖြစ် မန်ယူက ဘုန်းမောက် အသင်းကို ၃-၁ ဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်၌ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ရွှန်းနီ၏ ခြေစွမ်းနှင့် ပတ်သက်၍ ဝေဖန်မှုများ ထွက်ပေါ်လျက်ရှိသည်။ ထို့ကြောင့် မန်ယူအသင်းတာဝန်ရှိသူများက ရွှန်းနီအား လုပ်ခငွေ တိုးမြှင့်ပြီး စာချုပ်သစ်ချုပ်ဆိုရေး ကမ်းလှမ်းသွားရန် ဝန်လေးလျက်ရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

မန်ယူအသင်း တာဝန်ရှိသူတစ်ဦးက "တိုက်စစ်မှူး ရွှန်းနီဟာ သူ့ရဲ့ ကစားသမားဘဝကို မန်ယူမှာအဆုံးသတ်ဖို့ အဆင်သင့်ရှိနေပါတယ်။ ရွှန်းနီနဲ့ မန်ယူတို့ရဲ့ လက်ရှိစာချုပ်က လည်း ၂၀၁၉ ခုနှစ်မှ ကုန်ဆုံးမှာပါ။ လက်ရှိအချိန်မှာတော့ စာချုပ်သစ် ချုပ်ဆိုရေးအတွက် စီစဉ်ထားမှုမရှိပါဘူး။ စာချုပ်သစ်ချုပ်ဆိုရေးအတွက် ရွှန်းနီကို အချိန် ၁၆ လ ဒါမှမဟုတ် ၁၈ လပေးပြီး သူ့ရဲ့စွမ်းဆောင်နိုင်မှုကို စောင့်ကြည့်သွားမှာပါ"ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူး ရွှန်းနီသည် ခန္ဓာကိုယ်အလေးချိန်များနေပြီး နှေးကွေးလေးလံနေကြောင်း အင်္ဂလန်နှင့် မန်ယူအသင်း ခံစစ်မှူးဟောင်း ပေါလ်ပါကား ၅၂ နှစ်ကလည်း မကြာသေးမီက ဝေဖန်ပြောဆိုခဲ့သည်။

တိုက်စစ်မှူး ရွှန်းနီသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် မန်ယူအသင်း အတွက် စုစုပေါင်း ၄၁ ပွဲ ပါဝင်ကစားခဲ့သော်လည်း ၁၅ ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။

**အောင်က**

■

## ပရီမီယာလိဂ်ပွဲစဉ်(၂)

| | |
|---|---|
| **သောကြာနေ့ (၁၉-၈-၁၆)** | |
| နံနက် ၁း၃၀ (စနေနံနက်) | မန်ယူ - ဆောက်သမ်တန် |
| **စနေနေ့ (၂၀-၈-၁၆)** | |
| ည ၆း၀၀ | စတုတ် - မန်စီးတီး |
| ည ၈း၃၀ | ဆွမ်ဆီး - ဟားလ်စီးတီး |
| ည ၈း၃၀ | စပါး - ပဲလေ့စ် |
| ည ၈း၃၀ | ဝက်ဖို့ဒ် - ချယ်လ်ဆီး |
| ည ၈း၃၀ | ဝက်စ်ဘရွန်း - အဲဗာတန် |
| ည ၈း၃၀ | ဘန်လေ - လီဗာပူး |
| ည ၁၁း၀၀ | လက်စတာ - အာဆင်နယ် |
| **တနင်္ဂနွေနေ့ (၂၁-၈-၁၆)** | |
| ည ၇း၀၀ | ဆန်းဒါးလန်း - မစ်ဒယ်ဘရော့ |
| ည ၉း၃၀ | ဝက်စ်ဟမ်း - ဘုန်းမောက် |

## စီးရီးအေပွဲစဉ်(၁)

| | |
|---|---|
| **စနေနေ့ (၂၀-၈-၁၆)** | |
| ည ၁၀း၃၀ | ရိုးမား - အူဒီးနိစ် |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ဂျူဗင်တပ်စ် - ဖီအိုရင်တီးနား |
| **တနင်္ဂနွေနေ့ (၂၁-၈-၁၆)** | |
| ည ၁၀း၃၀ | အေစီမီလန် - တိုရီနို |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | အတ္တလန္တာ - လာဇီယို |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဘိုလော့နာ - ခရိုတိုနီ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ချီယေဗို - အင်တာမီလန် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | အမ်ပိုလီ - ဆမ်ဒိုးရီးယား |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဂျီနိုအာ - ကက်ဂလီယာရီ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ပါလာမို - ဆက်ဆူအိုလို |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ပက်စ်ကာရာ - နာပိုလီ |

မန်ယူအသင်းရာသီသစ်မစခင် ကွန်မြူနတီဒိုင်းပြိုင်ပွဲနဲ့ ပရီမီယာလိဂ် ပထမဆုံးပွဲဖြစ်တဲ့ ဘုန်းမောက်အသင်းနဲ့ပွဲတွေမှာ ခြေစွမ်းပြကစားခဲ့သူ။ ပရီမီယာလိဂ်ကို ဒီနှစ်မှာအခြေချကစားပေမယ့် စိန်ခေါ်မှုတိုင်းကို အကောင်းဆုံးရင်ဆိုင်နေသူ။ ခန္ဓာကိုယ်အလုံးအရပ်ကလည်း ထွားကျိုင်းသလို ပြိုင်ဘက်ကစားသမားတွေရဲ့အထက်မှာရှိနေတဲ့သူလို့ ပြောမယ်ဆိုရင် မန်ယူအသင်းရဲ့ဝါရင့်တိုက်စစ်မှူးသစ် အီဘရာဟီမိုဗစ်လို့ ထင်ကောင်းထင်ကြမှာပါ။ မဟုတ်ပါဘူး။ သူကတော့ မန်ယူအသင်းကို အသစ်ရောက်ရှိလာခဲ့တဲ့ အိုင်ဗရီကို့စ် ခံစစ်မှူး ဘိုင်းလီဖြစ်ပါတယ်။

# မန်ယူအသင်းရဲ့ ဗီဒစ်လက်သစ် သို့မဟုတ် ဘိုင်းလီ



ဘိုင်းလီဟာ မန်ယူအသင်းနဲ့အတူ ရာသီစနှစ်ပွဲသာ ကစားရသေးပေမယ့် မန်ယူအသင်းပရိသတ်တွေရဲ့ စိတ်အာရုံကိုတော့ အဖမ်းစားနိုင်ဆုံးလို့ဆိုရင်လည်း မမှားပါဘူး။ ပြီးခဲ့တဲ့ နှစ်ပွဲမှာဆိုရင်လည်း သူ့ရဲ့ထူးချွန်တဲ့ ခံစစ်ကစားပုံ၊ စိတ်အာရုံနှစ်ပြီး အသင်းအပေါ် အကောင်းဆုံးကစားနိုင်မှုတွေကတော့ သူ့ရဲ့ ထူးခြားတဲ့အရည်အချင်းတွေလို့ ပြောရမှာဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ဇွန်လက မန်ယူအသင်းကို ဗီလာရီးရဲအသင်းကနေ ပေါင်သန်း ၃၀နဲ့ ပြောင်းရွှေ့လာခဲ့သူလည်းဖြစ်ပါတယ်။ မန်နေဂျာ မော်ရင်ညိုရဲ့မန်ယူအသင်းကို ကိုင်တွယ်ခဲ့ပြီးနောက် ပထမဆုံးခေါ်ယူခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ခေါ်ယူမှုဟာ အီဘရာဟီမိုဗစ်၊ မီခီတာရန်၊ ပေါ့ဂ်ဘာတို့လောက် မန်ယူအသင်းမှာ မခမ်းနားခဲ့တာကြောင့် အသင်းနဲ့ပွဲဦးထွက် မကစားခင်ကဆိုရင် သူ့ရဲ့နာမည်ကိုတောင် မေ့တေ့တေ့ဖြစ်နေကြပါတယ်။

ဘိုင်းလီအနေနဲ့ မန်ယူအသင်းကိုပြောင်းရွှေ့လာတဲ့အခါ အခြားထိပ်တန်းကစားသမားတွေလို မခမ်းနားတာကလည်း ထိပ်တန်းအသင်းကနေ ပြောင်းရွှေ့လာခြင်း၊ ထိပ်တန်းပြိုင်ပွဲတွေမှာ ပါဝင်ရလောက်အောင် အသက်အရွယ်မရင့်ကျက် တာတွေကြောင့်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိကစားပုံကိုကြည့်တာနဲ့ မန်ယူအသင်းမှာ ကာလကြာရှာစွာပျောက်ဆုံးနေခဲ့တဲ့ ခံစစ်မှူး ဗီဒစ်ရဲ့နေရာကို အစားပြန်ရပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ် နွေရာသီမှာတော့ မန်ယူအသင်းရဲ့ ခေါ်ယူမှုတွေထဲမှာတော့ ဘိုင်းလီဟာ အကောင်းဆုံးခေါ် ယူမှုတစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။

သူနဲ့ပတ်သက်ပြီး မန်ယူအသင်း မန်နေဂျာမော်ရင်ညိုကလည်း "သူဟာ လက်စတာနဲ့ကစားခဲ့တဲ့ ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ ဒဏ်ရာရခဲ့ပါတယ်။ ဒါပေမယ့် သူဟာ လုံးဝမပြောဘဲ မိနစ် ၉၀ အချိန်ပြည့်ကစားသွားခဲ့ပါတယ်။ ဒါပေမယ့် နောက်နေ့မှာတော့ သူဟာလေ့ကျင့်ခန်းမဆင်းနိုင်တော့ပါဘူး။ တစ်ပတ်လုံးလည်း အဲ့ဒီဒဏ်ရာကြောင့် သူလေ့ကျင့်မှုတွေ မလုပ်နိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ကံကောင်းပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်ကြံ့ခိုင်မှုနဲ့ ကျွန်တော်တို့ရဲ့ ကြံ့ခိုင်မှုနည်းပြတွေရဲ့ အကောင်းဆုံးလုပ်ဆောင်ခဲ့မှုတွေကြောင့် သူဟာ နောက်ပွဲမှာ ကစားနိုင်ခဲ့ပါတယ်"လို့လည်း ပြောဆိုခဲ့ပါသေးတယ်။

သူ့ရဲ့အသက်ဟာ ၂၂ နှစ်သာ ရှိနေသေးပေမယ့် ဝါရင့်ခံစစ်မှူးတစ်ဦးလို့ ကျွမ်းကျင်လိမ္မာစွာ ကစားနိုင်မှု၊ အကြောက်အရွံ့ကင်းစွာ အမြင့်ဘောများကို ဖျက်ထုတ်နိုင်မှုနဲ့ သူ့ရဲ့ခြေထောက်ထဲမှာ ဘောလုံးကို မြဲမြံစွာထိန်းထားနိုင်မှုတွေကတော့ သူ့ရဲ့အရည်အချင်းတွေလည်း ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ အင်တိုက်အားတိုက် ကစားပုံတွေကြောင့် အနီကတ်အပြခံရဖို့တော့ စိုးရိမ်စရာရှိနေပါတယ်။

မန်ယူအသင်းဟာ ဗီဒစ် ထွက်ခွာသွားခဲ့ပြီးတဲ့နောက်ပိုင်း အသင်းရဲ့ခံစစ်ပိုင်းဟာ အင်အားယုတ်လျော့မှုတွေနဲ့အတူ အနည်းငယ်ဆိုးရွားမှုရှိခဲ့ပါတယ်။ ဖီးလ်ဂျုံးစ်၊ အီဗန့်စ်တို့ကလည်း ဗီဒစ်ရဲ့ကွက်လပ်ကို အကောင်းဆုံး မဖြည့်တင်းနိုင်ခဲ့ပါဘူး။ ဒါ့အပြင် မန်ယူအသင်းရဲ့နောက်တန်းခံစစ်ပိုင်းမှာ လူငယ်ကစားသမားတွေဖြစ်တဲ့ ဘလက်ကတ်၊ မက်နိုက်ယာတို့ဟာ တိုးတက်မှုတွေရှိလာခဲ့ပေမယ့် ဗီဒစ်ရဲ့နေရာကိုတော့ အကောင်းဆုံးအစားမဝင်နိုင်သလို ရိုဟို၊ ဘလင်းတို့ကလည်း ထင်သလောက် ခြေစွမ်းမကောင်းခဲ့ပြန်ပါဘူး။ ဒါတွေကြောင့်လည်း ပြီးခဲ့တဲ့ရာသီက မန်ယူအသင်းရဲ့အခြေအနေဟာ အဆိုးရွားဆုံးဖြစ်ခဲ့တာလည်းဖြစ်ပါတယ်။

အခုတော့ မန်ယူအသင်းရဲ့ ကာလကြာရှည်စွာ ပျောက်ဆုံးနေခဲ့တဲ့ ဗီဒစ်ရဲ့ကွက်လပ်ကို ဖြည့်တင်းမယ့် အိုင်ဗရီကို့စ်ခံစစ်မှူး ဘိုင်းလီရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ မန်ယူအသင်းရဲ့ အကောင်းဆုံးခေါ်ယူမှုတစ်ခုလို့ ပြောလို့ရတဲ့ ဘိုင်းလီအနေနဲ့ အသင်းအပေါ် ဘယ်လောက်အထိ စွမ်းဆောင်မှု ပေးမလဲဆိုတာကိုတော့ မြက်ခင်းစိမ်းတွေပေါ်က ပြိုင်ပွဲတွေကိုပဲ ဆက်လက်စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

အောင်က

## ယခုရာသီ ဘွန်ဒက်စ်လီဂါ ချန်ပီယံဖြစ်ရန် မမျှော်မှန်းနိုင်ဟု ဒေါ့မွန်အားကစားဒါရိုက်တာ ဖွင့်ဟ



ဒေါ့မွန်အသင်းအနေဖြင့် ယခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ချန်ပီယံဆုရရှိရန် မျှော်လင့်နိုင်မည်မဟုတ်ကြောင်း ဒေါ့မွန်အသင်း အားကစားဒါရိုက်တာ မီချဲလ်ဇို့က ထုတ်ဖော်ပြောဆိုလိုက်သည်။

ဒေါ့မွန်အသင်းသည် ဘွန်ဒက်စ်လီဂါ အမှတ်ပေးချန်ပီယံဆုကို ရှစ်ကြိမ်ရရှိထားပြီး ၂၀၁၀-၁၁ နှင့် ၂၀၁၁-၁၂ ခုနှစ် ရာသီတို့တွင် ချန်ပီယံဆုများကို နှစ်ရာသီ ဆက်တိုက်ရရှိခဲ့သော်လည်း ပြီးခဲ့သည့် နောက်ဆုံးလေးရာသီဆက်တိုက် ချန်ပီယံဆုရရှိခဲ့ခြင်းမရှိဘဲ ဘိုင်ယန်မြူးနစ်အသင်းကသာ အမှတ်ပေးချန်ပီယံဆုများ ရယူနိုင်ခဲ့သည်။ ဒေါ့မွန်အသင်းသည် ယခုနှစ် ဂျာမန်စူပါဖလားပွဲအဖြစ် ပြီးခဲ့သည့် ဩဂုတ်လ ၁၅ ရက်တွင် ဘိုင်ယန်နှင့် ရင်ဆိုင်ခဲ့သောပွဲတွင်လည်း ၂-၀ ဖြင့် အရေးနိမ့်ခဲ့ရသည်။

"ဒေါ့မွန်အသင်းဟာ ကျွန်တော်တို့ မျှော်လင့်ထားတဲ့အဆင့်ကို မရောက်သေးပါဘူး။ ဒီရာသီမှာ ဘွန်ဒက်စ်လီဂါချန်ပီယံဖြစ်ဖို့ မျှော်လင့်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသလို ဖြစ်လာပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က ရာသီကုန်ချိန်မှာ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရေးသာ ဖြစ်ပါတယ်။ အသင်းရဲ့ လက်ရှိအနေအထားနဲ့ ဒီရာသီမှာ အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားကြရမှာပါ။ ဒီရာသီအတွက် ဒေါ့မွန်အသင်းဟာ စိတ်ဓာတ်ရေးရာပိုင်းမှာတော့ အဆင်သင့်ဖြစ်နေပြီလို့ ယုံကြည်ထားပါတယ်"ဟု အားကစားဒါရိုက်တာ မီချဲလ်ဇို့က ပြောဆိုခဲ့သည်။

ဒေါ့မွန်အသင်းသည် ၂၀၁၆-၁၇ ခုနှစ် ဘွန်ဒက်စ်လီဂါအဖွင့်ပွဲအဖြစ် ဩဂုတ် ၂၇ ရက်တွင် မိန့်ဇ်အသင်းအား အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သည်။

## မိုရီနို၏နေရာတွင် အလျင်အမြန်အစားထိုးရန် လီဗာပူးမန်နေဂျာ ဂျာဂျင်ကလော့အား စပါးတိုက်စစ်မှူးဟောင်းခရစ် တိုက်တွန်း



လီဗာပူးအသင်း ဘယ်တောင်ပံခံစစ်မှူး အယ်ဘာတိုမိုရီနို၏ ခြေစွမ်းပိုင်းအားနည်းမှုကြောင့် မိုရီနိုအား အသင်းမှ ဖယ်ရှားသင့်ကြောင်း စပါးအသင်းတိုက်စစ်မှူးဟောင်း ဂရက်ခရစ်က မှတ်ချက်ပြုပြောဆိုလိုက်သည်။

၂၀၁၆-၁၇ ခုနှစ် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်၌ လီဗာပူးနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့သောပွဲတွင် လီဗာပူးအသင်း ပင်နယ်တီဧရိယာအတွင်း မိုရီနို၏ ဟန့်တားပုံကြောင့် အာဆင်နယ်မှ ဝေါလ်ကော့ လဲကျသွားခဲ့၍ လီဗာပူးအသင်း ပင်နယ်တီပေးခံရသည်။ လီဗာပူးအသင်းပရိသတ်များကလည်း ဆီဗီလာကစားသမားဟောင်း မိုရီနို၏ ခြေစွမ်းနှင့်ပတ်သက်၍ ဝေဖန်မှုများပြုလုပ်ခဲ့ကြသည်။ ၂၀၁၅-၁၆ ခုနှစ် ယူရိုပါလိဂ်ပြိုင်ပွဲဗိုလ်လုပွဲအဖြစ် လီဗာပူးက ဆီဗီလာအား ၃-၁ ဖြင့် အရေးနိမ့်ခဲ့သောပွဲတွင်လည်း မိုရီနိုသည် စွမ်းဆောင်ရည်အားနည်းခဲ့ခြင်းကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

၁၉၈၀ ပြည့်နှစ်မှ ၁၉၈၅ ခုနှစ်အထိ စပါးအသင်းတွင် ပါဝင်ကစားခဲ့ဖူးသူ အင်္ဂလန်တိုက်စစ်မှူးဟောင်း ခရစ်(၅၈နှစ်)က "လီဗာပူးမန်နေဂျာ ဂျာဂျင်ကလော့ဟာ အရည်အချင်းရှိတဲ့ ကစားသမားတွေ ခေါ်ယူနိုင်မယ်ဆိုရင် ခေါ်ယူဖို့ လက်မတွန့်သူဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆောက်သမ်တန်ကစားသမား ဆာဒီယိုမာနီတို့လို ကစားသမားမျိုးကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။ မန်နေဂျာ ဂျာဂျင်ကလော့အနေနဲ့ အသင်းမှာ အပိုအလျှံ ကစားသမားလိုဖြစ်နေတဲ့ တိုက်စစ်မှူး ဘန်တီကီကိုရောင်းချပြီး အသင်းအတွက်သင့်တော်တဲ့ ဘယ်တောင်ပံခံစစ်မှူးသစ်တစ်ဦးကို အခုနွေရာသီဈေးကွက် မပိတ်သိမ်းမီမှာ ခေါ်ယူသင့်တယ်။ တကယ်လို့ လီဗာပူးအသင်းမှာ မိုရီနိုကို ဆက်လက်အသုံးပြုနေမယ်ဆိုရင် မန်နေဂျာ ဂျာဂျင်ကလော့အနေနဲ့ အခုနှစ် ပရီမီယာလိဂ်ရာသီမှာ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်ဖို့ကို မေ့ဖျောက်ထားရမှာဖြစ်ပြီး လီဗာပူးဟာ တန်းတောင်ဆင်းသွားရပါလိမ့်မယ်"ဟု ဝေဖန်ပြောဆိုခဲ့သည်။



# မြွေကိုက်ခံရလျှင် ထိရောက်မှန်ကန်သော ရှေးဦးသူနာပြုစုခြင်း

ဒေါက်တာဝင်းအောင်(ဆေးသုတေသနဦးစီးဌာန)

မြန်မာနိုင်ငံတွင် မြွေကိုက်ရောဂါသည် ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် ရပ်တည်လာခဲ့သည်မှာ ရာစုနှစ်တစ်ဝက် ကျော်လာခဲ့ပြီဖြစ်ပါသည်။ အထူးသဖြင့် လယ်ယာ/တောင်ယာ လုပ်ကိုင်နေကြသော လုပ်သားများအတွက် လုပ်ငန်းခွင်တွင် နေ့စဉ်ကြုံတွေ့နေကြရသော အန္တရာယ်ဆိုးတစ်ခု ဖြစ်ပါသည်။ မြွေဆိုးအကိုက်ခံရသော လူနာအများစုမှာလည်း လုပ်ငန်းခွင်တွင်လုပ်ကိုင်နေကြသော လူလတ်ပိုင်းအရွယ် အမျိုးသားများဖြစ်ကြ၍ တိုင်းပြည်၏ စွမ်းအားပြည့်လုပ်နိုင်သောလုပ်အားများ ဆုံးရှုံးကြရပါသည်။ တစ်နိုင်ငံလုံးတွင် မြွေကိုက်ခံရသူအားလုံး၏ ၈၅ ရာခိုင်နှုန်းခန့်သည် မြွေပွေးကြောင့်ဖြစ်ပြီး ငါးရာခိုင်နှုန်းခန့်သည် မြွေဟောက်ကြောင့်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော စစ်တမ်းများအရ ဆေးရုံတက်ရောက် ကုသမှုခံယူခဲ့ရသော မြွေကိုက်လူနာများမှာ ၂၀၀၂ ခုနှစ်တွင် ၇၆၈၂ ဦး၊ ၂၀၀၇ ခုနှစ်တွင် ၁၅၀၉၄ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၁၂၃၉၆ ဦး၊ ၂၀၀၉ ခုနှစ်တွင် ၁၄၀၆၂ဦး၊ ၂၀၁၀ ခုနှစ်တွင် ၁၄၁၅၈ဦး၊ ၂၀၁၁ ခုနှစ်တွင် ၁၁၅၄၇ ဦးနှင့် ၂၀၁၂ ခုနှစ်တွင် ၁၃၈၆၇ ဦးရှိကြောင်းကိုလည်းကောင်း၊ မြွေကိုက်ခံရခြင်းကြောင့် သေဆုံးလူနာများမှာ ၂၀၀၂ ခုနှစ်တွင် ၅၇၃ ဦး (၇ ဒသမ ၅ ရာခိုင်နှုန်း)၊ ၂၀၀၇ ခုနှစ်တွင် ၃၉၆ ဦး (၂ ဒသမ ၆ ရာခိုင်နှုန်း)၊ ၂၀၀၈ ခုနှစ်တွင် ၃၇၇ ဦး (၃ ရာခိုင်နှုန်း)၊ ၂၀၀၉ ခုနှစ်တွင် ၄၃၈ ဦး (၃ ဒသမ ၁ ရာခိုင်နှုန်း)၊ ၂၀၁၀ခုနှစ်တွင် ၃၈၃ ဦး (၂ ဒသမ ၇ ရာခိုင်နှုန်း)၊ ၂၀၁၁ ခုနှစ်တွင် ၂၅၃ ဦး (၂ ဒသမ ၂ ရာခိုင်နှုန်း)နှင့် ၂၀၁၂ ခုနှစ်တွင် ၂၈၅ ဦး (၂ ဒသမ ၁ ရာခိုင်နှုန်း)ကိုလည်းကောင်း တွေ့ရှိရပါသည်။ (မှီငြမ်း-DHP, MOH)

ထို့ကြောင့် လွန်ခဲ့သောဆယ်စုနှစ်အတွင်း မြွေကိုက်ခံရသူနှင့် မြွေကိုက်ခံရ၍ အသက်ဆုံးရှုံးရသူ အရေအတွက်မှာ သိသာစွာလျော့နည်းသွားခြင်း မရှိသေးပါ။ မြွေကိုက်ခံရ၍ မြွေဆိပ်သင့်ခံရသော လူနာများအတွက် အသင့်တော်ဆုံးနှင့် အကောင်းဆုံးသောကုသခြင်းမှာ သင့်လျော်သောမြွေဆိပ်ဖြေဆေးကို အမြန်ဆုံးဆောလျင်စွာထိုးနှံမှုခံယူခြင်း ဖြစ်ပါသည်။

ဆေးသုတေသနဦးစီးဌာနမှ သုတေသနစမ်းသပ်တွေ့ရှိချက်များအရ မြွေဆိပ်ဖြေဆေးကို မြွေကိုက်ခံရပြီး နှစ်နာရီအတွင်း ထိုးနှံပေးနိုင်မှသာ မြွေဆိပ်ဖြေဆေးသည် ခန္ဓာကိုယ်အတွင်းဝင်ရောက်နေသော မြွေဆိပ်များကို အချိန်မီချေဖျက်နိုင်ခြင်းကြောင့် မြွေဆိပ်သင့်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်နိုင်ပြီး သေဆုံးမှုနှုန်းလျော့နည်းကြောင်းနှင့် မြွေကိုက်ခံရပြီး လေးနာရီကျော်မှ မြွေဆိပ်ဖြေဆေးထိုးနှံမှုခံယူပါက ခန္ဓာကိုယ်အတွင်းအင်္ဂါများ၏ တစ်သျှူးများတွင် တွယ်ကပ်ပြီးဖြစ်နေသော မြွေဆိပ်များကို မြွေဆိပ်ဖြေဆေးက ချေဖျက်နိုင်ခြင်းမရှိတော့သဖြင့် မြွေဆိပ်သင့်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများအပြင် အသက်အန္တရာယ် ဆုံးရှုံးသည်အထိ ကြုံတွေ့နိုင်ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

သို့သော် ၂၀၁၂ ခုနှစ်တွင် ပြုလုပ်ခဲ့သော သုတေသနတစ်ခု၏ တွေ့ရှိချက်အရ မြွေကိုက်ခံရသောလူနာများ၏ ၃၀ ရာခိုင်နှုန်းခန့်သည် မြွေကိုက်ခံရပြီး နှစ်နာရီမတိုင်မီ မြွေဆိပ်ဖြေဆေးထိုးနှံခြင်းကို ခံယူနိုင်ခဲ့ပါသည်။ ကျန်ရှိသော ၂၀ ရာခိုင်နှုန်းခန့်သည် နှစ်နာရီနှင့် လေးနာရီအတွင်းတွင်လည်းကောင်း၊ ၅၀ ရာခိုင်နှုန်းခန့်သည် လေးနာရီကျော်ကြာမှသော်လည်းကောင်း မြွေဆိပ်ဖြေဆေးထိုးနှံမှု ခံခဲ့ရပါသည်။ ထို့ကြောင့် မြွေကိုက်ခံရသော လူနာအများစုသည် အန္တရာယ်ဆိပ်သင့်ခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများ ကြုံတွေ့ရခြင်းနှင့် အသက်အန္တရာယ် စိုးရိမ်ရမှုအခြေအနေနှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ ထို့အပြင် မြွေအကိုက်ခံရ၍ ဆေးရုံသို့ရောက်ရှိလာကြသော မြွေကိုက်လူနာအားလုံး၏ အများစုသောလူနာများ(၈၀ ရာခိုင်နှုန်းခန့်)သည် မြွေဆိပ်သင့်/မြွေဆိပ်တက်နေပြီးဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏ ဟူသော အများလက်ခံသည့် ခံယူချက်သည် မြွေကိုက်ရောဂါအတွက် ပိုမိုမှန်ကန်သင့်လျော်သော ဆိုရိုးစကား ဖြစ်ပါသည်။ မြွေဆိပ်သင့်ခြင်းနှင့် မြွေဆိပ်တက်ခြင်းတို့ မဖြစ်ရလေအောင် မြွေကိုက်ခံရခြင်းမှကင်းဝေးစေရန် သွားလာနေထိုင် ပြုမူကြရပါမည်။ သို့သော် မလွဲမရှောင်သာ၍ မြွေကိုက်ခြင်းခံရပါက မဖြစ်မနေ ထိရောက်သောကုသမှုကို အချိန်မီ အမြန်ဆုံးခံယူနိုင်ရန် လိုအပ်ပါသည်။

အထက်ပါ ကုသမှုခံယူရာတွင် ဆေးရုံသို့မရောက်ရှိမီ ကုသမှုခံယူခြင်း(Prehospital Management)နှင့် ဆေးရုံတွင် ကုသမှုခံယူခြင်း(Hospital Management) ဟူ၍ နှစ်ပိုင်းရှိပါသည်။ ဆေးရုံသို့မရောက်မီ အကိုက်ခံရသည့်နေရာတွင်ပင် ကုသမှုဖြစ်သော ရှေးဦးသူနာပြုစုခြင်း(First Aid)ကို တိတိကျကျ မှန်မှန်ကန်ကန် အချိန်မီဆောလျင်ထိရောက်စွာ ဆောင်ရွက်နိုင်ပါက အကိုက်ခံရသော ခန္ဓာကိုယ်နေရာမှ သွေးကြောအတွင်းသို့ မြွေဆိပ်များရောက်ရှိမှုကို နှောင့်နှေး/လျော့နည်းစေပြီး မြွေဆိပ်သင့်ခြင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပွားမှုကို တားဆီးနိုင်မည်ဖြစ်ပါသည်။

မှားယွင်းသော ရှေးဦးသူနာပြုစုနည်းများကို အသုံးပြုမိပါက ကောင်းကျိုးမရှိသည့်အပြင် ပိုမိုဆိုးရွားသောရလဒ်များကို ကြုံတွေ့နိုင်ပါသည်။ ယင်းတို့မှာ ခန္ဓာကိုယ် မှ သွေးထွက်ပိုမိုများပြားခြင်း၊ ခန္ဓာကိုယ်တွင်းသို့ မလိုလားအပ်သောရောဂါပိုးများ ထပ်မံဝင်ရောက်စေနိုင်ခြင်း၊ အဆိပ် ပိုမိုမြန်ဆန်စွာပျံ့နှံ့၍ မြွေဆိပ်တက်ခြင်းနှင့် နောက်ဆက်တွဲ ဆိုးကျိုးများ ပိုမိုဆိုးရွားစွာ ခံစားရခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။

၂၀၁၃ ခုနှစ်အတွင်းဆောင်ရွက်ခဲ့သော သုတေသနတွေ့ရှိချက်တစ်ခုအရ ဆေးရုံသို့ရောက်ရှိလာသူ မြွေကိုက်ခံရသောလူနာများ၏ ၇၂ ရာခိုင်နှုန်းသည် ရှေးဦးသူနာပြုစုခြင်းနည်းများကို အသုံးပြုခဲ့ကြကြောင်း တွေ့ရှိရပါသည်။ သို့သော် အထက်ပါ လူနာများအနက် အများစုမှာ မြွေကိုက်ခံရပါက ဆောင်ရွက်ရန်မသင့်သော/ တားမြစ်ထားသော/ မှားယွင်းသော နည်းစနစ်များကို အသုံးပြုထားကြောင်းနှင့် အကိုက်ခံရသည့် ခြေ/လက်တို့ကို ကြိုးဖြင့် တင်းကျပ်လွန်းစွာစည်းနှောင်ခြင်း ၅၄ ဒသမ ၇ ရာခိုင်နှုန်း၊ အကိုက်ခံရသည့်နေရာ အစွယ်နေရာကို စုတ်ထိုးခြင်း ၄ ဒသမ ၉ ရာခိုင်နှုန်း၊ ချွန်ထက်သောအရာ(သို့) ဓားဖြင့် သွေးထွက်အောင်ခွဲခြင်း ၃ ရာခိုင်နှုန်း၊ သစ်ဥသစ်ဖုအုံခြင်းနှင့် မီးစဖြင့်ထိုးခြင်း ၀ ဒသမ ၅ ရာခိုင်နှုန်းတို့ကို ဆောင်ရွက်ထားရှိကြောင်းကို တွေ့ရှိရပါသည်။

**၂၀၁၃ ခုနှစ်အတွင်းဆောင်ရွက်ခဲ့သော သုတေသနတွေ့ရှိချက်တစ်ခုအရ ဆေးရုံသို့ရောက်ရှိလာသူ မြွေကိုက်ခံရသောလူနာများ၏ ၇၂ ရာခိုင်နှုန်းသည် ရှေးဦးသူနာပြုစုခြင်းနည်းများကို အသုံးပြုခဲ့ကြကြောင်း တွေ့ရှိရပါသည်။ သို့သော် အထက်ပါ လူနာများအနက် အများစုမှာ မြွေကိုက်ခံရပါက ဆောင်ရွက်ရန်မသင့်သော/ တားမြစ်ထားသော/ မှားယွင်းသော နည်းစနစ်များကို အသုံးပြုထားကြောင်းနှင့် အကိုက်ခံရသည့် ခြေ/လက်တို့ကို ကြိုးဖြင့် တင်းကျပ်လွန်းစွာစည်းနှောင်ခြင်း ၅၄ ဒသမ ၇ ရာခိုင်နှုန်း၊ အကိုက်ခံရသည့်နေရာ အစွယ်နေရာကို စုတ်ထိုးခြင်း ၄ ဒသမ ၉ ရာခိုင်နှုန်း၊ ချွန်ထက်သောအရာ(သို့) ဓားဖြင့် သွေးထွက်အောင်ခွဲခြင်း ၃ ရာခိုင်နှုန်း၊ သစ်ဥသစ်ဖုအုံခြင်းနှင့် မီးစဖြင့်ထိုးခြင်း ၀ ဒသမ ၅ ရာခိုင်နှုန်းတို့ကို ဆောင်ရွက်ထားရှိကြောင်းကို တွေ့ရပါသည်။**

ထို့ကြောင့် မြွေကိုက်ခံရသော လူနာများအတွက် မြွေဆိုးကိုက်ခံရ၍ မြွေဆိပ်သင့်ခြင်း၊ နောက်ဆက်တွဲဆိုးကျိုးများ ခံစားရခြင်းနှင့် အသက်ဆုံးရှုံးမှု အန္တရာယ်များမှ လျော့နည်းကင်းဝေးရလေအောင် လိုက်နာဆောင်ရွက်ရမည့် တိကျမှန်ကန် ထိရောက်သော ရှေးဦးသူနာပြုစုနည်း၊ လုပ်ဆောင်သင့်သည့် ဆောင်ရန်အချက်များနှင့် မပြုလုပ်သင့်သည့် ရှောင်ရန်အချက်များကို အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

**မြွေကိုက်ခံရပါက လိုက်နာဆောင်ရွက်ရမည့် အဓိက(၂)ချက်**

ကိုက်သည့်မြွေသည် အဆိပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အဆိပ်ရှိသည်၊ အဆိပ်သင့်နိုင်သည်ဟု မှတ်ယူရပါမည်။ ထို့ကြောင့် မြွေကိုက်ခံရပါက (၁) အန္တရာယ်ကင်း၍ ထိရောက်မှန်ကန်မှုရှိသော ရှေးဦးသူနာပြုစုမှုကို ချက်ချင်းခံယူပါ။ (၂) မြွေဆိပ်သင့်ခြင်းရှိ/မရှိ စောင့်ကြည့်ရန်နှင့် လိုအပ်ပါက သင့်တော်သောမြွေဆိပ်ဖြေဆေး သတ်မှတ်ပမာဏကို အချိန်မီထိုးနှံမှု ခံယူနိုင်ရန်အတွက် ဆေးရုံသို့ အမြန်ဆုံးသွားပါ။ ဖော်ပြပါ အဓိကနှစ်ချက်ကို တတ်နိုင်သမျှ အမြန်ဆုံးဆောင်ရွက် ပေးနိုင်ပါက မြွေကိုက်ခံရခြင်းကြောင့် မြွေဆိပ်သင့်ခြင်း၊ အဆိပ်တက်ခြင်း၊ ကိုယ်တွင်းအင်္ဂါများ ပျက်စီးခြင်း၊ နောက်ဆက်တွဲဆိုးကျိုးများနှင့် အသက်အန္တရာယ် စိုးရိမ်ရခြင်းတို့ကို လုံးဝ လျော့ပါးစေနိုင်မည်ဖြစ်ပါသည်။

မြွေဆိုးကိုက်ခံရသောအခါ မြွေ၏မေးရိုးရှိ ကြွက်သားများက မြွေ၏ဦးခေါင်းရှိ အဆိပ်အိတ်ကို ဖိနှိပ်သဖြင့် ဆေးထိုးအပ်ဖြင့် ထိုးသွင်းသကဲ့သို့ အဆိပ်များသည် ကိုက်သည့်နေရာ လူခန္ဓာကိုယ်ကြွက်သားအတွင်းသို့ ဝင်သွားပါသည်။ ကြွက်သားဖိအားဖြင့် ထိုးသွင်းခံရသောအဆိပ်ကို ပြန်ထုတ်ယူရန် မလွယ်ကူပါ။ သို့သော် ခန္ဓာကိုယ်ရှိ အင်္ဂါအစိတ်အပိုင်းများသို့ အဆိပ်ပျံ့နှံ့မှုမရှိပါက အသက်အန္တရာယ် မရှိနိုင်ပါ။ ပုံမှန်တွင် ပြန်ရည်ကြောများအတွင်း စီးဆင်းမှုအားနည်းသောကြောင့် စီးဆင်းမှုလျော့နည်းစေရန်နှင့် ရပ်တံ့စေရန် ပြန်ရည်ကြောများအပေါ်သို့ ဖိအားအနည်းငယ်ပေးရန်သာ လိုအပ်ပါသည်။

**(၁) အန္တရာယ်ကင်း၍ ထိရောက်မှန်ကန်မှုရှိသော ရှေးဦးသူနာပြုစုခြင်း**

**(၁း၁) နှစ်သိမ့်အားပေးခြင်း**

မြွေကိုက်ခံရသောလူနာကို ဦးစွာစိတ်လှုပ်ရှားမှု၊ ကြောက်ရွံ့မှု၊ စိုးရိမ်ပူပန်မှုများ လျော့နည်းစေရန် အားပေးနှစ်သိမ့်ပါ။ ကိုက်သည့်မြွေတိုင်းတွင် အဆိပ်မရှိကြောင်း၊ အဆိပ်ရှိမြွေဆိုးကိုက်တိုင်းလည်း အဆိပ်မဝင်ကြောင်း၊ မြွေဆိပ်ဝင်တိုင်းလည်း မြွေဆိပ်မသင့်ကြောင်း၊ မြွေဆိပ်သင့်တိုင်းလည်း မြွေဆိပ်တက်ခြင်း မရှိနိုင်ပါကြောင်း၊ မြွေဆိပ်ဖြေဆေးထိုးနှံမှု ခံယူနိုင်ပါက အသက်အန္တရာယ် မရှိနိုင်ပါကြောင်း ပြောပါ။ ပြုစုသူကိုယ်တိုင်ကလည်း ကိုယ်စိတ် တည်ငြိမ်ပါစေ။



(ပုံ-၁)

**(၁း၂) ငြိမ်သက်စွာနေစေခြင်း**

အကိုက်ခံရသည့် ခန္ဓာကိုယ်အစိတ်အပိုင်းအပါအဝင် တစ်ကိုယ်လုံး လှုပ်ရှားမှု မပြုပါစေနှင့်။ လဲလျောင်းနေပါစေ။ ဖြစ်နိုင်လျှင် အကိုက်ခံရသော ခန္ဓာကိုယ်အစွယ်ရာသည် နှလုံး(ရင်ဘတ်)နေရာ၏ အောက်ဘက်တွင် ရှိနေပါစေ။

**(၁း၃) ဒဏ်ရာကို သန့်စင်ပေးခြင်း**

မြွေကိုက်ခံရသည့်နေရာကို သန့်ရှင်းသောအဝတ်ဖြင့် ခပ်ဖွဖွသုတ်ပြီး အဝတ်သန့်သန့်ဖြင့် အုပ်ထားပါ။ (ရရှိနိုင်ပါက) ရေနှင့်ဆေးပေးနိုင်ပါသည်။ အရက်ပြန် (သို့မဟုတ်) ဆပ်ပြာရည်ရရှိလျှင်လည်း အသုံးပြုနိုင်ပါသည်။ (မရရှိနိုင်လျှင်လည်း အချိန်ကုန်ခံပြီး မရှာပါနှင့်)

**(၁း၄) ဒဏ်ရာအပေါ် အဝတ်ခေါက်တင်ခြင်း**

အဝတ်ခေါက်ထူထူ(သို့မဟုတ်) ပတ်တီးခေါက် (သို့မဟုတ်) ဇော်ဘာရေမြှုပ်စ (၃×၃×၁.၅ လက်မအရွယ်) တစ်ခုကို ဒဏ်ရာပေါ်တွင် တင်ပါ။ လက်ဖမိုး၊ လက်ချောင်း၊ ခြေချောင်းများတွင် မြွေကိုက်ခံရပါက အဝတ်ခေါက်ကို သင့်လျော်ရာ အရွယ်ပြုလုပ်၍ တင်ပါ။ **(ပုံ-၁)**

**(၁း၅) အဝတ်ခေါက်အပေါ် ပတ်တီးစည်းခြင်း**

အဝတ်ခေါက်၏အပေါ်တွင် ပတ်တီး(သို့) အဝတ်စ (သို့) အားကစားပတ်တီးကို မြဲရုံ၊ တင်းရုံခပ်ဖွဖွစည်းပါ။ ကြိုးဖြင့် တင်းကျပ်အောင်ချည်ခြင်း မဟုတ်ပါ။ (ခြေဆစ်၊ လက်ဆစ်များ နာကျင်သည့်အခါတွင် စည်းနိုင်သလောက်သာ စည်းပါ)**(ပုံ-၂)** အထက်ပါကဲ့သို့ စည်းနှောင်ထားခြင်းကို ဆေးရုံသို့ရောက်ရှိပြီး မြွေဆိပ်ဖြေဆေးထိုးနှံမှု ခံယူပြီးမှသာ ပြန်လည်ဖြုတ်ရပါမည်။




(ပုံ-၂)

**(၁း၆) ခြေ/လက် မလှုပ်ရှားအောင် ကြပ်စည်းခြင်း**


အထက်ပါကဲ့သို့ အကိုက်ခံရသောဒဏ်ရာကို ပတ်တီးစည်းပြီးလျှင် လက်/ခြေထောက်တစ်ခုလုံးကို မလှုပ်ရှားနိုင်အောင် ကြပ်စည်းရပါမည်။ ရှည်လျားသော တုတ်/ ဝါးခြမ်း(သို့မဟုတ်) သစ်သားချောင်းဖြင့် မြွေကိုက်ခံရသော ခြေ/လက်တစ်ခုလုံးကိုကပ်၍ ကြပ်စည်းပါ။ ခြေ/လက်ချောင်းများ ကွေး/ဆန့်၍ လှုပ်ရှား၍ မရအောင် ခြေဆစ်/လက်ဆစ်၏ အထက်နှင့်အောက်တို့တွင် ကြိုး(သို့မဟုတ်) ပတ်တီးဖြင့် ချည်နှောင်ရမည်။

ခြေ/လက်တစ်ချောင်းလုံးမီနိုင်သော တုတ်ချောင်းမရလျှင် ဝါးခြမ်းနှစ်ခု၊ သုံးခုကို သင့်လျော်သလိုဆက်၍ သုံးနိုင်သည်။ (အဖော်ပါလျှင် တစ်ပါးသူမှဆောင်ရွက်ပေးလျှင် ပို၍ သင့်လျော်ပါသည်)။ ဒဏ်ရာအပေါ် အသာအယာ ဖိထားခြင်းနှင့် မလှုပ်ရှားနိုင်အောင်ကြပ်စည်းနည်း (Local Compression Immobilization Method)ဟု ခေါ်ပါသည်။ မြန်မာနိုင်ငံတွင် အကိုက်ခံရမှုအများဆုံးဖြစ်သော၊ သွေးနှင့် သွေးကြောစနစ်ကို ထိခိုက်ပျက်စီးစေသည့် မြွေပွေးအကိုက်ခံရပါက အများဆုံးအသုံးပြုသည့်နည်း ဖြစ်ပါသည်။ **(ပုံ-၃)**



(ပုံ-၃)

အာရုံကြောစနစ်ကို ထိခိုက်ပျက်စီးစေသော မြွေဆိုးများဖြစ်သည့် မြွေဟောက်၊ ငန်းပုပ်၊ ဂျပ်မြွေနှင့် ငန်းတော်ကြားများ အကိုက်ခံရပါက အကိုက်ခံရသည့် ဒဏ်ရာပေါ်သို့ မည်သည့်အရာမှမတင်ဘဲ အကိုက်ခံရသည့် လက်(သို့မဟုတ်)ခြေထောက်တစ်ချောင်းလုံးကို ဖိအားပါသော ပတ်တီးစည်းခြင်းကို ပြုလုပ်ရပါသည်။ ဖြစ်နိုင်လျှင် ဆန့်နိုင်/ကျုံ့နိုင်သော ဆေးပတ်တီးဖြင့် အကိုက်ခံရသည့် ခြေဖျား/လက်ဖျားအပိုင်းကနေစပြီး အထက်ဆီသို့ (ကြောင်လိမ်နည်းဖြင့်) ခပ်တင်းတင်း စည်းသွားပါ။ ပြီးလျှင် သစ်သားပြား(သို့)ဝါးနှစ်ချောင်း ညှပ်သုံးပြီး ငြိမ်အောင်ထားပါ။ လက်ကို အကိုက်ခံရလျှင် လက်ကိုပတ်တီးစီးပြီး သုံးထောင့်ပတ်တီးသုံးကာ လည်ပင်းတွင်ချိတ်၍ ကိုယ်တွင်ကပ်ထားပါ။ ဖိအားသုံး၍ မလှုပ်ရှားနိုင်အောင် ကြပ်စည်းနည်း (Pressure Compression Immobilization Method) ဟု ခေါ်ပါသည်။ (ပုံ-၄)



(ပုံ-၄)

(ဆက်လက်ဖော်ပြပါမည်)

# ရောဝတီတိုင်းဒေသကြီးရှိ ရေနစ်မြုပ်ကျေးရွာများသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၈**

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေနစ်မြုပ်ကျေးရွာများအတွက် အကူအညီပေးနိုင်ရန်ရည်ရွယ်ပြီး အလှူငွေ ကျပ်သိန်း ၅၀၀၊ ဆန်အိတ် ၁၀၀၀ နှင့် အသင့်စားနိုင်သည့် အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ရေသန့်များနှင့် ဆေးဝါးများပါဝင်သည့်ပစ္စည်းအစုံပါ အရေးပေါ်သေတ္တာအလုံး ၂၀၀၀ ကို CB-KMA ဖောင်ဒေးရှင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဩဂုတ် ၁၅ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

CB-KMA ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အဖွဲ့ဝင်များက ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီ၊ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်ဂွါမိုးမြတ်မြတ်သူနှင့် အစိုးရအဖွဲ့ဝင်များထံသို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ CB-KMA ဖောင်ဒေးရှင်း၏ ရောဝတီတိုင်း လှူဒါန်းမှုခရီးစဉ်တွင် ပုသိမ်မြို့အနီးရှိ ရေဘေးဒုက္ခကို တွေ့ကြုံခံစားနေရသည့်နေရာများမှ ကျောက်ချောင်းကြီးကျေးရွာနှင့် ပုသိမ်မြို့ပေါ်ရှိ ရေကြည်ဦးရပ်ကွက်တို့မှ ရေဘေးသင့်ပြည်သူများကို ထားရှိရာစခန်းဖြစ်သည့် နဂါးရုံဘုရားကုန်းတော်သို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

CB-KMAဖောင်ဒေးရှင်းနှင့်အတူ ဝေဠုကျော်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဝေဠုကျော်၊ နှင်းဆီဖောင်ဒေးရှင်းဥက္ကဋ္ဌ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးဥက္ကဋ္ဌ ဖိုးချစ်၊ ထွန်းထွန်း၊ ရဲလေး၊ မိုးယံဇွန်၊ ဝေလျှံ၊ လင်းနစ်၊ ကလုန်း၊ စိုးပြည့်သဇင်၊ မေကဗျာ၊ မိုးပြည့်ပြည့်မောင်၊ ဝင်းလဲ့ချယ်ရီနှင့် ဖိုက်စတားအဖွဲ့ဝင်များ အစရှိသည့် ရုပ်ရှင်၊ ဂီတနှင့် သဘင်အနုပညာရှင်များကလည်း လိုက်ပါ၍အားဖြည့်ခဲ့ကြပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားများ ပြောကြားခဲ့သည်။ တိုင်းဒေသကြီးအတွက် လှူဒါန်းမှုခရီးစဉ်အစအဆုံးတွင် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ပါ လိုက်ပါဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



CB-KMA ဖောင်ဒေးရှင်းသည် ရောဝတီတိုင်းဒေသကြီးအတွင်း ကနဦး လှူဒါန်းမှု အဖြစ် ဩဂုတ် ၁၄ ရက်တွင် ညောင်တုန်းမြို့နယ်မှ ရေလွှမ်းအိမ်ထောင်စုများအတွက် စားသောက်ကုန်များကို သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကာ အဆိုပါ ခရီးစဉ်တွင် ညောင်တုန်းမြို့နယ်အတွင်းရှိ အေးရွာလေး၊ အောက်ဆည်၊ မူတူးကြီး၊ ရေတိမ်ကြီးနှင့် မသုန် ကျေးရွာငါးရွာမှ အိမ်ထောင်စု ၅၀၀ အား အိမ်ထောင်စုတစ်ခုလျှင် ဆန်လေးပြည်၊ ဆီ ၅၀ သား၊ ငါးသေတ္တာနှစ်ဘူးနှင့် ဘီစကစ်မုန့်များ စုစုပေါင်း တန်ဖိုးကျပ်သိန်း ၅၀ ခန့်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# တောင်ငူအထွေထွေရောဂါကုဆေးရုံကြီးတွင် အထူးကုဆရာဝန်များနှင့် လူနာကုသဆောင်လိုအပ်ချက်ရှိနေ

**တောင်ငူ ဩဂုတ် ၁၈**

တောင်ငူအထွေထွေရောဂါကုဆေးရုံကြီးကို ၁၉၄၅ ခုနှစ်တွင် ခုတင် ၅၀ ဆံ့ခရိုင်ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် ခုတင် ၂၀၀ ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

တောင်ငူမြို့သည် ခရိုင်မြို့ဖြစ်သည့်အလျောက် ခြောက်မြို့နယ်မှ အများပြည်သူများသည် ဆေးရုံကြီးကို အားကိုးအားထားပြု၍ တက်ရောက်ဆေးကုသမှုခံယူနေရသည်။ ၁၉၅၈ ခုနှစ်တွင် အရေးပေါ်ဌာန၊ ၁၉၇၃ ခုနှစ်တွင် ကလေးနှင့်အရိုးထိခိုက်ဒဏ်ရာကုသဆောင်၊ ၁၉၈၃ ခုနှစ်တွင် သံဃာကုသဆောင်၊ ၂၀၀၁ ခုနှစ်တွင် ခွဲစိတ်နှင့်သားဖွားမီးယပ်ဆောင်၊ ၂၀၀၂ ခုနှစ်တွင် အထူးကုပြင်ပလူနာဌာန၊ ၂၀၀၇ ခုနှစ်တွင် မျက်စိနှင့်နား၊ နှာခေါင်း၊ လည်ချောင်းကုသဆောင်များကို ဖွင့်လှစ်ခဲ့သည်။ ကုသရေးနှင့်အထောက်အကူပြုဌာနများဖြစ်သော ဖျားနာရောဂါကုဌာန၊ ခွဲစိတ်ရောဂါကုဌာန၊ သားဖွားမီးယပ်ရောဂါကုဌာန၊ ကလေးရောဂါကုဌာန၊ အရိုးရောဂါကုဌာန၊ မျက်စိရောဂါကုဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းကုဌာန၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာန၊ ကင်ဆာရောဂါကုဌာန၊ စိတ်ရောဂါကုဌာန၊ အရေပြား ရောဂါကုဌာန၊ မှုခင်းဌာန၊ သွားကျန်းမာရေးဌာန၊ ဓာတ်မှန်ဌာန၊ ရောဂါဗေဒ၊ မေ့ဆေးဌာနတို့ထားရှိသည်။

၂၀၁၆ ခုနှစ်တွင် အရေးပေါ်ဆေးကုသဌာနကို ပြင်ပလူနာဌာနနှင့် တွဲလျက်ဖွင့်ထားပြီး လူနာများကြိုဆိုရန်နှင့် လိုအပ်သောသတင်းအချက်အလက်များပေးရန် လူနာများကြိုဆိုလက်ခံရေးဌာနကို စတင်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်း အရေးပေါ်လူနာတင်ယာဉ်စနစ်အရ ဝန်ဆောင်မှုပေးမည့်အဖွဲ့ကို ၂၄ နာရီစီစဉ်ထားရှိသည်။

ယခုအခြေအနေတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားချိန်၊ ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားချိန်များတွင် လူနာခုတင်နှင့်ဆေးကုသမှုဆောင်များ မလုံလောက်သည့်ပြဿနာနှင့် ကြုံတွေ့နေရသည်။

စံကိုက်ဖွဲ့စည်းပုံအရ ဝန်ထမ်းများလိုအပ်လျက်ရှိရာ အထူးသဖြင့် အထူးကုဆရာဝန်၊ လက်ထောက်၊ သူနာပြုများ၊ ရုံးဝန်ထမ်းနှင့်အငယ်တန်းဝန်ထမ်းများ များစွာလိုအပ်လျက်ရှိနေကြောင်းကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်လာရောက်စစ်ဆေးစဉ်က တင်ပြဆွေးနွေးခဲ့ကြောင်း တောင်ငူအထွေထွေရောဂါကု ဆေးရုံအုပ်ကြီးထံမှ သိရသည်။

ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ထမ်းအင်အား လိုအပ်နေပြီး CT-Scan စက်နှင့် Transformer တစ်လုံး၊ လေးထပ်လူနာကုသဆောင်နှင့် ဝန်ထမ်းအိမ်ရာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# စည်းကမ်းမဲ့မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား စစ်ဆေးအရေးယူ



**ဘားအံ ဩဂုတ် ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်နယ်မြေရဲစခန်းအပိုင်အတွင်း စည်းကမ်းမဲ့မောင်းနှင်သော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား စစ်ဆေးဖမ်းဆီးအရေးယူမှုများကို ဩဂုတ် ၁၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် အသက်ဆုံးရှုံးမှုများလျော့နည်း စေရန်နှင့် စည်းကမ်းတကျ မောင်းနှင်စေရေးအတွက် စည်းကမ်းမဲ့မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို စစ်ဆေးဖမ်းဆီးခြင်းဖြစ်ကြောင်း သိရသည်။ ဩဂုတ် ၁၆ ရက်က စစ်ဆေးဖမ်းဆီးရာတွင် နံပါတ်မပါသောဆိုင်ကယ်ကို ဦးထုပ်မဆောင်းဘဲ စီးနင်းသူ အမျိုးသားလေးဦးနှင့် နံပါတ်ပါသော်လည်း ဦးထုပ်မဆောင်းဘဲ စီးနင်းသူ အမျိုးသမီးတစ်ဦးကို ထုံးအိုင်နယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မင်းက မော်တော်ယာဉ်ဥပဒေအရ အမှုဖွင့်ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# လူထုဗဟိုပြု စီမံကိန်းအရ ဆောင်ရွက်ခဲ့သော ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်

**ပင်လည်ဘူး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း၏ ထောက်ပံ့ငွေဖြင့် ဖောက်လုပ်ခဲ့သော ခေါက်စင်းကျေးရွာနှင့် ဘာဟဲကျေးရွာချင်းဆက်မြေသားလမ်းဖွင့်ပွဲကို ဩဂုတ် ၁၅ ရက်က ကျင်းပခဲ့သည်။

မြေသားလမ်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်နှင့် မြို့နယ်လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးပြည်စိုးဝင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်းသည် အရှည် ၄၃၀၀ ပေ၊ အကျယ် ၁၈ ပေရှိကာ မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေ ကျပ် ၉၆ သိန်းဖြင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယခင်က ထိုလမ်းသည် ချိုင့်ခွက်များပေါများပြီး လမ်းမှာလည်း ကျဉ်းမြောင်းသောကြောင့် မိုးတွင်းအချိန်တွင် သွားရေးလာရေးအခက်အခဲများရှိခဲ့ကာ ယခု မြေသားလမ်း ဖောက်လုပ်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးကို ပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# ဗိုလ်မှူးကြီးဗထူး ရာပြည့်အထိမ်းအမှတ် ဟောပြောပွဲ ထားဝယ်မြို့၌ ပြုလုပ်

**ထားဝယ် ဩဂုတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဗိုလ်မှူးကြီးဗထူး ရာပြည့်ကော်မတီမှ ကြီးမှူး၍ ဗိုလ်မှူးကြီးဗထူး၏ အတ္ထုပ္ပတ္တိအကြောင်း ဂုဏ်ပြုဟောပြောပွဲကို ထားဝယ်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပြုလုပ်လျက်ရှိရာ ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၁၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဗိုလ်မှူးကြီးဗထူး ရာပြည့်ကော်မတီဝင် တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နီနီချိုက မြန်မာ့လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည့် ထားဝယ်ဇာတိ ဗိုလ်မှူးကြီးဗထူး၏ အတ္ထုပ္ပတ္တိကို ဟောပြောခဲ့ပြီး ဟောပြောပွဲအပြီးတွင် ဗိုလ်မှူးကြီးဗထူး ရာပြည့်အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ပေါက်ခေါင်း ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက အထကပေါက်ခေါင်းမှ ကျောင်းသား ကျောင်းသူ များအား လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရာ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေးတို့က အမှာစကားပြောကြားပြီး ခေတ္တ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်ဇော်ဦးက “လူကုန်ကူးမှုတားဆီးကာကွယ်”ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော၍ အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(ပဲခူး)၊ တပ်စိတ်(ပြည်) ရဲအုပ်ကျော်နိုင်ဦးက ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

အဆိုပါအခမ်းအနားသို့ NGO များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဥမ္မာကျော်(ပြန်/ဆက်)**

# ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ပေးနေ

**မော်လူး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး အခြေခံပညာအထက်တန်းကျောင်း၊ စည်ပင်သာယာဈေးနှင့် မြို့ပေါ်ရပ်ကွက် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးပေါ်တို့တွင် နေ့စဉ်ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ကျောင်းသားကျောင်းသူများ ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မော်လူးရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေးတို့အတွက် နေ့စဉ် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ မော်လူးစည်ပင်သာယာဈေး ပြည်ထောင်စုကားလမ်းမကြီးပေါ် အထူးသဖြင့် ကျောင်းတက်ကျောင်းဆင်းချိန်တွေမှာ KG တန်း ကလေးငယ်တွေ၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူတွေအတွက် ယာဉ်အန္တရာယ်ကင်းရှင်းအောင် နေ့စဉ် တစ်ရက်ကိုနှစ်ကြိမ် ကူညီဆောင်ရွက်ပေးနေပါတယ်”ဟု ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေး



နေသော မော်လူးနယ်မြေရဲတပ်ဖွဲ့မှ ဒုတပ်ကြပ် နိုင်ဝင်းစိန်က ပြောသည်။ ယာဉ်စည်းကမ်းထိန်းသိမ်းရေး အတွက် နေ့စဉ်ယာဉ်ထိန်းရဲတစ်ဦးဖြင့် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **နီတိုး**

# ဘဏ်လုပ်ငန်းဆိုင်ရာအဆင့် မြင့်မားရေး မြန်မာ- ဂျပန် ပူးပေါင်းဆောင်ရွက်



မြန်မာ-ဂျပန်ပူးပေါင်းထုတ် လုပ်မည့် ပထမဆုံးသော နိုင်ငံတကာသုံးစွဲမှုကတ်ကိုတွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၁၈**

ကမ္ဘာ့နိုင်ငံများနည်းတူ ဘဏ်လုပ်ငန်းဆိုင်ရာမြင့်မားရေးအတွက် ငွေသားကိုင်ဆောင်မှုမှ ကတ်စနစ်သို့ ကူးပြောင်းရာတွင် ပထမဆုံးအနေဖြင့် မြန်မာနိုင်ငံမှ ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သော ရောဝတီဘဏ်၊ ဂျပန်နိုင်ငံ JCB (Japan Credit Bureau)နှင့် MPU ( Myanmar Payment Union) တို့ ပူးပေါင်း၍ ထုတ်လုပ်သည့် နိုင်ငံပေါင်း ၂၀၀ ဝန်းကျင်တွင် VISA ကတ်ကဲ့သို့ ကိုင်ဆောင်အသုံးပြုနိုင်မည့် နိုင်ငံတကာသုံးစွဲမှုကတ်ကို ယခုလကုန်ပိုင်းတွင် ပြည်သူများ စတင်အသုံးပြုခွင့်ရတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာငွေကြေးသုံးစွဲမှုကတ်ကို စတင်ထုတ်ပေးနိုင်ရေး ရောဝတီဘဏ်၊ ဂျပန်နိုင်ငံ JCB နှင့် MPU တို့ သုံးပွင့်ဆိုင် သဘောတူလက်မှတ်ရေးထိုး ပွဲကို ဩဂုတ် ၁၆ ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။ ပြည်သူများ စတင်သုံးစွဲနိုင်မည့် ကတ်အမျိုးအစားလေးမျိုးမှာ ပလက်တီနမ်၊ ရွှေ၊ ငွေ Credit ကတ်သုံးမျိုးနှင့် Debit ကတ်တစ်မျိုးတို့ကို စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။

"စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် ကတ်စနစ်နဲ့ ငွေပေးချေမှုတွေဟာ မြန်မာနိုင်ငံတွင်းမှာ ကောင်းမွန်တဲ့ခြေလှမ်းတွေနဲ့ ဖွံ့ဖြိုးလာတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် အခုလိုအချိန်မှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိသလို မြန်မာပြည်သူတွေအနေနဲ့ ရွေးချယ်စရာ အသစ်အသစ်တွေကြားမှာ မတူညီတဲ့အတွေ့အကြုံတွေ ရရှိမယ်လို့လည်း မျှော်လင့်ပါတယ်"ဟု JCB International မှ ဒုတိယဥက္ကဋ္ဌ Kimihisa Imada က ပြောသည်။

ရောဝတီဘဏ်နှင့် ယခုမှ စတင်ပူးပေါင်း ဆောင်ရွက်မည့် ဂျပန်နိုင်ငံ JCB ဘဏ်သည် ၁၉၆၁ ခုနှစ်တွင် ဂျပန်နိုင်ငံအတွင်းသာသုံးစွဲနိုင်သည့် ကတ်အဖြစ် စတင်ခဲ့ပြီး ၁၉၈၁ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတကာ၌ တွင်ကျယ်စွာအသုံးပြုနိုင်သည့် ကတ်အမျိုးအစားများကို ခေတ်နှင့်အညီ ပြည်သူများသုံးစွဲမှုအဆင်ပြေစေရန် ဝန်ဆောင်မှုပေးနေသော ဘဏ်တစ်ခုဖြစ်သည်။ ယခုအချိန်တွင် နိုင်ငံပေါင်း ၁၉၀ ကျော်၌ ကတ်သုံးစွဲသူ ၉၅ မီလီယံရှိကာ နိုင်ငံတကာမှ ဘဏ်ပေါင်း ၃၅၀ ဘဏ်ခန့်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုပြည်သူများ စတင်သုံးစွဲခွင့်ရတော့မည့် ပလက်တီနမ်၊ ရွှေ၊ ငွေ Credit သုံးမျိုးနှင့် Debit တစ်မျိုးတို့ကို ယခုလကုန်ပိုင်းမှစတင်ကာ နိုင်ငံတစ်ဝန်းရှိ MPU နှင့် ချိတ်ဆက်ထားသော ဆိုင်များနှင့် ATM စက်များတွင် အသုံးပြုနိုင်ရုံသာမက နိုင်ငံပေါင်း ၂၀၀ ဝန်းကျင်ရှိ JCB ကွန်ရက်ဖြင့် ချိတ်ဆက်ထားသော POS များနှင့် ATM များတွင်လည်း ငွေပေးချေ/ထုတ်ယူခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းရှိ အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများတွင် စတင်သုံးစွဲခွင့်ရတော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မင်းခေတ်**
**ဓာတ်ပုံ- မိုးမခ**

# ကျောင်းကျန်းမာရေးမြှင့်တင်မှု ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၈**

တာမွေမြို့နယ်အတွင်းရှိ အခြေခံကျောင်းများတွင် ကျောင်းသားကျောင်းသူများ ရောဂါကင်းစင်ပြီး ကျန်းမာစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးသူငယ်များ ကျန်းမာရေးမြှင့်တင်မှုများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်က အမှတ်(၁၉)အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနေလင်းဦးနှင့် သူနာပြုဆရာမ ဒေါ်မေယုခိုင်တို့က ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားများကြံ့ခိုင်ရေး စစ်ဆေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငြိမ်းငြိမ်းက ယခုကဲ့သို့ ကလေးများအား ကျောင်းအရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ **လှလှ**



## သတင်းတိုများ

### ပြည်သူ့စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေမတည်စိုက်ထူ

ကလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်တွင် စာငှားစာဖတ်သူပိုမိုတိုးပွားရေးနှင့် စာအုပ်စာစောင်များ ဖြည့်တင်းဝယ်ယူစုဆောင်းနိုင်ရေးအတွက် ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်နေ မြန်မာ့တိုင်းရင်းဆေးဆရာနှင့် စာရေးဆရာဦးကျော်ဝင်းက စာကြည့်တိုက်ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို ဩဂုတ် ၁၆ ရက်က ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဦးဒိုင်ကျင့်ပါအိုထံ လှူဒါန်းခဲ့ကြောင်း သိရသည်။ "ကျွန်တော် စာရေးသားရာကနေရတဲ့ စာမူခနဲ့ ဘေသဇ္ဇမြန်မာ့တိုင်းရင်းဆေးပညာရပ်နဲ့ လူမမာတွေကို ကုသလို့ရတဲ့ငွေတွေစုဆောင်းပြီး ဖြူစင်စွာနဲ့ လှူတာပါ"ဟု ဆရာဦးကျော်ဝင်းက ပြောကြားသည်။

**ဂျူနိုင်း**

### လူစုလူဝေးကိုစနစ်တကျထိန်းသိမ်းခြင်းဆင့်ပွားသင်တန်းဖွင့်

လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(Crowd Management)ဆင့်ပွား သင်တန်းကို ပုသိမ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ဩဂုတ် ၁၅ ရက်က ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ရဲအရာအရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၄၉ ဦး တက်ရောက်ကာ သင်တန်းကို ဩဂုတ် ၂၆ ရက်အထိ ဖွင့်လှစ်၍ လူစုလူဝေးအား စနစ်တကျထိန်းသိမ်းနည်းပညာများ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

### ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးမှုသရုပ်ပြ

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းမှ ဒေသခံတောင်သူလယ်သမားများ လယ်ယာလုပ်သားရှားပါးမှုပြဿနာ အဆင်ပြေစေရန်နှင့် ကုန်ကျစရိတ်သက်သာစေရန်အတွက် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို မြို့သစ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဦးစီး၍ မြို့သစ်မြို့ လယ်ပြင်ရပ်၌ ဩဂုတ် ၁၆ ရက်က ပြုလုပ်ခဲ့ကာ မနောသုခမျိုးကွဲ နှစ်ဧကကို စိုက်ပျိုးပြသခဲ့ပြီး ဒေသခံတောင်သူ လယ်သမားများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စိုက်ပျိုးညှိနှိုင်းဝန်ထမ်းများ လေ့လာကြည့်ရှုခဲ့ကြသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

### အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်း ရွှေဘိုမြို့၌ ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်းကို ဩဂုတ် ၁၆ က စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းကာလမှာ ငါးရက်ဖြစ်ပြီး သင်တန်းသို့ ရွှေဘိုမြို့နယ်နှင့်ကျောက်မြောင်းမြို့နယ်အတွင်းရှိ မွေးမြူရေးစိတ်ဝင်စားသူ သင်တန်းသား ၂၀ ဦး တက်ရောက်သည်။ သင်တန်းဖွင့်ပွဲတွင် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ပြောကြားကာ သင်တန်းပြီးဆုံးပါက သင်တန်းသားများအနေဖြင့် ပို့ချလိုက်သည့် ပညာရပ်များဖြင့် တိရစ္ဆာန်များ၏ရောဂါကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သလို ပြည်သူ့အကျိုးပြုလုပ်ငန်းကို လုပ်ကိုင်ရာလည်းရောက်သဖြင့် သင်တန်းတွင် သင်ကြားပို့ချသည်များကို သေသေချာချာ သင်ယူမှတ်သားသွားကြရန်နှင့် မရှင်းလင်းသည်များကိုလည်း မေးမြန်းသွားကြရန် မှာကြားခဲ့သည်။

**စိုးသီဟ(ပြန်/ဆက်)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
# အဆိုပြုတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃၉) အဆင့်မြင့်အိမ်ရာစီမံကိန်းရှိ ဌာနပိုင်လူနေတိုက်ခန်း(၂၃)ခန်းကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း ပွင့်လင်းမြင်သာစွာရောင်းချမည်ဖြစ်ပါ၍ တင်ဒါအဆိုပြုလွှာများ လျှောက်ထားပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(၁) **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်နေ့ရက်** — ၁၉-၈-၂၀၁၆ ရက် (သောကြာနေ့)

(၂) **တင်ဒါပိတ်မည့်ရက်** — ၈-၉-၂၀၁၆ ရက် (ကြာသပတေးနေ့)

(၃) **တင်ဒါတင်သွင်းမည့်နေရာ** —
(က) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်
(ခ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး(ရန်ကုန်) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်

**တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ဖုန်း-၀၆၇-၄၀၇၇၀၁၊ ၀၁-၂၅၄၆၈၆**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အောက်ပါလုပ်ငန်းများဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဇီးကုန်းမြို့နယ် (၂)ခန်းတွဲအိမ်ရာဆောက်လုပ်ခြင်း (၅၄ပေ×၂၈ပေ×၁၂ပေ)
(ခ) မိုးညိုမြို့နယ် (၂)နှစ်ခန်းတွဲအိမ်သာဆောက်လုပ်ခြင်း (၁၀ပေ×၅ပေ×၇ပေ) မိလ္လာကန်အပါ
(ဂ) ပေါင်းတည်မြို့နယ် နို့ပေါင်းစက်ရုံ (ပေ၄၀×ပေ၂၀×၁၂ပေ) တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ(အဝီစိရေတွင်း၊ ရေကန်၊ ရေစင်)

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၁၈-၈-၂၀၁၆ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၉-၉-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ပဲခူးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊တိုင်းဒေသကြီးဦးစီးမှူးရုံးဖြစ်ပါသည်။

၄။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၅၂-၂၂၂၁၂၁၄ နှင့် ၀၅၂-၂၂၀၀၃၃၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

## ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြည်နယ်ဓာတ်ခွဲခန်း (မြေ+မျိုး+ပိုး)(၂)ထပ် RC | ၁-လုံး |
| ၂။ | လွိုင်ကော်ခရိုင်ရုံးဆောက်လုပ်ခြင်း (၂)ထပ် RC | ၁-လုံး |
| ၃။ | ဘောလခဲခရိုင် (၃)ခန်းတွဲဝန်ထမ်းအိမ်ရာ (အုတ်ညှပ်) | ၁-လုံး |
| ၄။ | ဘောလခဲခရိုင် ဦးစီးမှူးနေအိမ် (အုတ်ညှပ်) | ၁-လုံး |
| ၅။ | စိုက်ပျိုးရေးသိပ္ပံ (ဒီးမော့ဆို)အမျိုးသမီးစားဖိုဆောင် (အုတ်ညှပ်) | ၁-လုံး |
| ၆။ | ထေးငှားလျားရှေ့တန်းစခန်းပြုပြင်ခြင်း (အုတ်ညှပ်) | ၁-လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် ၁၈-၈-၂၀၁၆ ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ပြီး ၉-၉-၂၀၁၆ ရက် ညနေ ၁၆း၀၀နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃-၂၁၀၄၇၊ ၀၉-၅၆၀၀၉၄၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန၊ ကယားပြည်နယ်**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ သံတွဲခရိုင်စီမံကိန်းဦးစီးရုံး RC (၂)ထပ်ရုံးဆောက်လုပ်ခြင်းနှင့် စစ်တွေခရိုင်ရုံး ခရိုင်မှူးနေအိမ် RC (၂)ထပ်ရုံး ဆောက်လုပ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) သံတွဲခရိုင်စီမံကိန်းဦးစီးရုံး RC (၂)ထပ်
(ခ) စစ်တွေခရိုင်ရုံး ခရိုင်မှူးနေအိမ် RC (၂)ထပ်

**တင်ဒါပုံစံများနှင့် စည်းကမ်းများ**

**ရောင်းချမည့်ရက်နှင့်အချိန်** - ၂၂-၈-၂၀၁၆ရက်မှ ၉-၉-၂၀၁၆ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၉-၂၀၁၆ ရက် ၁၂း၀၀ နာရီ
**တင်ဒါရောင်းချမည့်နေရာ** - ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး၊ စစ်တွေမြို့

အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ် စီမံကိန်းဦးစီးရုံး၊ စစ်တွေမြို့ ဖုန်း-၀၄၃-၂၁၃၁၄၊ ၀၄၃-၂၃၄၆၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး၊ စစ်တွေမြို့**

---

## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အတွက် အသုံးပြုရန် အောက်ပါပစ္စည်းများကို တက္ကသိုလ်အရောက် တန်ဖိုး (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) ပစ္စည်းဈေးနှုန်းတောင်းခံလွှာအမှတ်-
Lot (1)/UDNR/2016-2017
စားပွဲ(ကျောင်းသားသုံး) (၂' ၆"×၁'၈"×၂'၆")(၂၆၀)လုံး

(ခ) ပစ္စည်းဈေးနှုန်းတောင်းခံလွှာအမှတ်-
Lot (2)/UDNR/2016-2017
ကုလားထိုင် (၁' ၅"×၁'၄"×၁'၆"/၂'၆") (၄၄၀)လုံး

(ဂ) ပစ္စည်းဈေးနှုန်းတောင်းခံလွှာအမှတ်-
Lot (3)/UDNR/2016-2017
စတိတ်စင်(စာသင်ခန်းသုံး) (၂၀' × ၆'×၁'၄") (၁၇) ခု

(ဃ) ပစ္စည်းဈေးနှုန်းတောင်းခံလွှာအမှတ်-
Lot (4)/UDNR/2016-2017
လော်ကာ(ကျောင်းသားသုံး)(၂' ၉"×၁'၆'×၃') (၂၀၀)လုံး

(င) ပစ္စည်းဈေးနှုန်းတောင်းခံလွှာအမှတ်-
Lot (5)/UDNR/2016-2017
ခုတင်(၆' × ၃' ×၁'၈") (၄၀၀)လုံး

(စ) ပစ္စည်းဈေးနှုန်းတောင်းခံလွှာအမှတ်-
Lot (6)/UDNR/2016-2017
ရေသယ်ယာဉ် (ဂါလန် ၁၆၀၀ဆံ့) (၁)စီး

(ဆ) ပစ္စည်းဈေးနှုန်းတောင်းခံလွှာအမှတ်-
Lot (7)/UDNR/2016-2017
Sound System Audio Apparatus(ကပွဲသုံး)ပစ္စည်းများ Peavey Q4 Speaker 15", (၁)စုံ၊ 18" Woofer (၁)စုံ၊ CA-20 AMP 5000 W (၂)လုံး၊ Sure Mic (၄)လုံး၊ Mic ကြိုး(၄)ခွေ၊ Line Mixer (၁)လုံး၊ Peavey Monitor (၂)စုံ

၂။ ၉-၉-၂၀၁၆ ရက် ၁၆း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၆-၉-၂၀၁၆ ရက်တွင် အတည်ပြုရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တက္ကသိုလ်သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၉-၆၄၆၃၅၃၉၊ ၀၇၂-၂၂၉၈၅ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်**
**စစ်ကိုင်း**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂)နှင့် စာရင်းကိုင်(၂) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ နောက်ဆက်တွဲအောင်မြင်သူများစာရင်း
# ထုတ်ပြန်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (ယခင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန) လက်အောက်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းအင်ဂျင်နီယာ(၂)နှင့် စာရင်းကိုင်(၂) ရာထူးနေရာများတွင် ခန့်ထားရန် ၂၈-၃-၂၀၁၅ ရက်တွင် ပြုလုပ်ခဲ့သော ရေးဖြေစာမေးပွဲ၌ အောင်မြင်ခဲ့သူများ၏ နောက်ဆက်တွဲစာရင်းကို အောက်ပါအတိုင်း ထပ်မံထုတ်ပြန်ကြေညာလိုက်သည်-

(က) **အငယ်တန်းအင်ဂျင်နီယာ (၂)**
N-0126 (EP), N-0140 (EP), N-0295 (EP), N-0719 (EP), N-0743 (EP) Y-0071 (EP),Y-0073 (EP),Y-0076 (EP), Y-0122 (EP), Y-0167 (EP) Y-0200 (EP), Y-0225 (EP), Y-0489 (EP), M-0385 (EP), M-0410 (EP) M-0435 (EP), N-0169 (EC), N-0175 (EC), N-0268 (EC), M-0091(EC), M-0237(EC),N-0054(MP)

(ခ) **စာရင်းကိုင် (၂)**
N-0001, N-0006, N-0012, N-0014, Y-0009, M-0005

၂။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲတွင် နောက်ဆက်တွဲ အောင်မြင်သူများအား ၂၉-၈-၂၀၁၆ ရက်တွင် လူတွေ့စစ်ဆေးမည်ဖြစ်သဖြင့် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ ၂၉-၈-၂၀၁၆ ရက် နံနက် ၁၀း၀၀နာရီထက် နောက်မကျစေဘဲ အောက်ပါစာရွက်စာတမ်းများနှင့်အတူ အချိန်မီသတင်းပို့ရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ/ဘွဲ့လက်မှတ် (မူရင်း/မိတ္တူ)
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းသက်သေခံကတ်ပြား (သို့မဟုတ်) သက်ဆိုင်ရာ တာဝန်ခံအရာရှိထောက်ခံချက်
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်
(၁) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)
(၂) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်(မူရင်း)
(၃) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်(မူရင်း) (လွန်ခဲ့သော (၆)လအတွင်းရယူထားသော ထောက်ခံချက်ဖြစ်ရမည်)

---

## ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ် ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သောTravel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) အောင်မြင်ပြီးသူများ၊ - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှလက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ(သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁) | -တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁) | - ဤသင်တန်းဌာနမှ အခြေခံ(အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူ(သို့)တက္ကသိုလ်ဝင်တန်းအဆင့်ရှိ စိတ်ပါဝင်စားသူများ။ |
| ၈။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)စာရင်းကိုင်(စီမံ/ဘဏ္ဍာ) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ |
| ၉။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) အိပ်ခန်းထိန်းမှူး (အခန်းဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |
| ၁၀။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)စားသောက်ခန်းမှူး (အစားအစာဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |

**သင်တန်းကာလ**- ၁၉-၉-၂၀၁၆ ရက်မှ ၁၁-၁၁-၂၀၁၆ ရက်

**သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၃၉၄၈၃၆**

---

# အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဗဟိုပစ္စည်းထိန်းဌာနမှ ဘိလပ်မြေအိတ်ခွံ ၂၉.၅ သိန်း လေလံတင်ရောင်းချခြင်းအား ၃၀-၈-၂၀၁၆ ရက်၊ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ လေလံတင်ရောင်းချမည့် ဘိလပ်မြေအိတ်ခွံများအား သုဝဏ္ဏ ရေနံ့သာသိုလှောင်ရုံနှင့် ရွာသာကြီးသိုလှောင်ရုံတို့တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၃။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမအနီး၊ ဆယ်ထပ်ရုံး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၉-၈-၂၀၁၆ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၄း၀၀ နာရီထိ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ၊ ဖုန်း-၀၁-၃၇၄၀၇၇ သို့ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

---

## မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း
## ရုံးခန်းလိပ်စာပြောင်းရွှေ့ခြင်း

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း ရုံးခန်းအဆောက်အအုံသစ် ဆောက်လုပ်ရန်ပြီးစီးပြီးဖြစ်ပါ၍ အသင်းရုံးခန်းအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် ဇူလိုင် (၂၈)ရက်စွဲ စာအမှတ် (၂၀၀/၆၄-၁) (၈၀၈)/ဦး ၁)အရ အမှတ်(၂၆/၂၇)၊ လယ်ယာ(၃)လမ်း၊ ၁၀ မြောက်ရပ်ကွက် သာကေတမြို့နယ် ဖုန်း-၀၉-၄၉၇၆၂၀၇၇ သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း ရုံးခန်းအဆောက်အအုံ ဆောက်လုပ်နိုင်ရန်အတွက် အလှူငွေထည့်ဝင်အကူအညီပေးခဲ့ကြပါသော ပြည်တွင်းပြည်ပ အလှူရှင်များအားလုံးကိုလည်း မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းမှ အထူးလှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်းနှင့် အလှူရှင်များ အကူအညီပေးသူများအား တစ်ဦးချင်း ကျေးဇူးတင်ကြောင်း သတင်းမပို့နိုင်ခြင်းကိုလည်း နားလည်ခွင့်လွှတ်ပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | ရုံးလုပ်ငန်းသုံးစက်ပစ္စည်း | ၇ မျိုး |
| (ခ) | ရုံးသုံးပရိဘောဂ | ၁ မျိုး |
| (ဂ) | သန့်ရှင်းရေးသုံးပစ္စည်း | ၆၀ မျိုး |
| (ဃ) | ကျောက်စိမ်းအလုပ်ရုံသုံးပစ္စည်း | ၃၀ မျိုး |
| (င) | ကျောက်မျက်အလုပ်ရုံသုံးပစ္စည်း | ၂၀ မျိုး |
| (စ) | ဆေးဝါးပစ္စည်း | ၆၉ မျိုး |
| (ဆ) | မော်တော်ယာဉ်တာယာ(၈)မျိုးနှင့်ဘက်ထရီ(၂)မျိုး | ၁၀ မျိုး |
| (ဇ) | မော်တော်ယာဉ်စက်ဆီ/ချောဆီ | ၃ မျိုး |

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** ။ ၁၈-၈-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** ။ ၁၆-၉-၂၀၁၆ ရက် ၁၂း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၉၀၄ တွင် လာရောက်စုံစမ်းနိုင်ပါသည်။

---

## အမည်ပြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ (ဘ)ဦးဌေးဝင်း ၁၁/မပတ(နိုင်)၀၀၀၄၁၂ ၏သား မောင်မျိုးသက်ဟိန်းအား မောင်ကောင်းစည်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းစည်သူ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9907 Skat ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၁၀/သထန(နိုင်)၂၀၅၂၀၆ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမာမြို့၊ ဒေါ်ညိမ်းကျေးရွာအုပ်စု၊ အောင်လှိုင်ကျေးရွာနေ ဦးထွန်းလှ၏သား အထက(ဒေါ်ညိမ်း)၊ တက္ကသိုလ်ဝင်တန်း (A)မှ မောင်သန့်ဇင်ဝင်း၏ဖခင် ဦးမောင်သန်းနှင့် ဦးသန်းဌေး ၁၄/ဖပန(နိုင်)၀၄၆၉၇၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်သန်း(ခ)ဦးသန်းဌေး**

---

## CLAIMS DAY NOTICE
## M.V NOCC PAMPLONA VOY: NO (8)

Consignees of cargo carried by M.V NOCC PAMPLONA VOY: NO (8) are here by notified that the vessel will arrive on about 20-8-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (8:00) AM to (11:20)AM and (12:00)NOON to (4:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဒေါ်ခင်သန့် (မော်လမြိုင်)

### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ် ၂၉ (ဒီ)နေ(ဦးသိန်းဟန်၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ငွေစာရင်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန)၏ဇနီး၊ ဒေါက်တာသန်းမောင်ဟန်(အရေပြားအထူးကုဆရာဝန်ကြီး)-ဒေါ်ညိမ်းညိမ်းသိန်း၊ ဒေါက်တာအေးမောင်ဟန်(ဆေးတက္ကသိုလ်-၁၊ ပါမောက္ခချုပ်၊ ငြိမ်း)-ဒေါက်တာသီရိထွန်းမြင့်၊ ပါမောက္ခ ဒေါက်တာခင်မောင်ဟန်-ဒေါ်တင်ယုယုလွင်(Canada)၊ဒေါက်တာသဇင်Winnie ဟန်၊ ဒေါက်တာသန့်ဇင်(USA)၊ ဒေါက်တာညီညီဟန်(တွဲဖက်ပါမောက္ခ၊ Malaysia)-ဒေါ်ဝင်းမာလွင်(Canada)တို့၏ချစ်လှစွာသောမိခင်ကြီး၊ဦးမျိုးကျော်စွာဟန်-ဒေါ်တင်နေဇာဝင်း(Australia)၊ဒေါက်တာဗညားကျော်ကျော်-ဒေါက်တာသက်သီရိအေး(UK)၊ ဒေါ်ဖြိုးသီရိအေး-Wade Guyitt (Canada)၊ ဒေါ်ကေခိုင်ဟန်-Dave Jarrand (Canada)၊ ဒေါ်အိဖြူဟန်-Andrew Smith (Canada)၊ ဒေါက်တာခိုင်ဇင်ထက်-James Lish (USA)၊ ဒေါက်တာပွင့်ဖြူဇင်(USA)တို့၏အဘွား၊ Caleb Smith၊ ဆုရတီအေးကျော်၊ Cole Jarrand၊ Theodore Smith တို့၏ဘွားဘွားကြီးသည် ၁၇ -၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်သန့် (မော်လမြိုင်)

### အသက်(၉၇)နှစ်

ပါမောက္ခ ဒေါက်တာဦးအေးမောင်ဟန် (ပါမောက္ခချုပ်၊ ငြိမ်း၊ Emeritus Professor ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဒေါက်တာဒေါ်သီရိထွန်းမြင့်တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်သန့် အသက်(၉၇)နှစ်သည် ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**
**ဆရာ ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်(၁) ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

### ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်စိုးခင်အေး

### အသက်(၇၄)နှစ်

ဝဏ္ဏကျော်ထင် ဦးတင်အေး (တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)၏ဇနီး ဒေါ်စိုးခင်အေး (နွားထိုးကြီးမြို့)သည် ၁၂-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တရားသူကြီးချုပ်**
**တရားလွှတ်တော်တရားသူကြီးများနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

### ရဟန်းဒါယကာကြီး

## ဦးသောင်းရွှေ (ဘကြီးမှုန်-ပထဝီဝင်)

### (ဒုရဲမှူး-ငြိမ်း၊ C.I.D)၊ ဒုရဲအုပ်လောင်းအပတ်စဉ်(၈)

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၁၈၊ အခန်း ၃၀၅နေ (ဦးဘရှင်-ဒေါ်ယ)တို့၏သား၊ ဒေါ်ခင်လှရီ၏ခင်ပွန်း၊ ဦးလှမြင့်-ဒေါ်ခင်တီတို့၏အစ်ကို၊ (ဦးအောင်ကျော်ဦး)၊ ဦးအောင်ပြည့်ညီမ်း-ဒေါ်ခင်သီတာရွှေ (အထက်တန်းသူနာပြု၊ မင်္ဂလာဒုံအထူးကုဆေးရုံ)တို့၏ဖခင်၊ မကေခိုင်ထက်၊ မဖြူစင်သန့်တို့၏အဘိုးသည် ၁၇-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်မြငွေ (ဝေါ၊ ဘုရားပြိုကျေးရွာ)

### အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဘုရားပြိုကျေးရွာနေ (ဦးစံချစ်-ဒေါ်သန်းကျင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်းမင်္ဂလာစံကျောင်းဆရာတော် ဦးကောဝိဒ၊ ဒေါ်မြမေ၊ (ဒေါ်သောင်းအေး)၊ ဒေါ်စန်းအေး၊ ဦးကျော်မောင်တို့၏အစ်မကြီး၊ မောင်စိုးတင်-မဝင်းဝင်းမော်၊ မောင်စိုးသန်း-မတင်ပို၊ ကိုခင်တင့်-မငွေးငွေးဝင်းတို့၏မိခင်၊ (ကိုတင်ငွေ)၏ဇနီး၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၈-၈-၂၀၁၆ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်စန်းဝေ

### အသက်(၅၈)နှစ်

တေဇ(၉)မှ သူငယ်ချင်း ဇော်လင်းဦး(MPPE)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်စန်းဝေ အသက်(၅၈)နှစ်သည် ၁၇-၈-၂၀၁၆ရက် နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဦးမင်းဇော်မိုး(ခ)ကိုမင်း

### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် ၆၁၃နေ (ဦးသန့်ဇင်-ဒေါ်နုနု)၊ ဦးလှတင်-(ဒေါ်ခင်လေး)တို့၏သားသမက်၊ (ဦးစိုးမြင့်)-ဒေါ်ခင်လှမူ၊ ဦးစိုးတင့်-ဒေါ်ရီရီမာတို့၏တူ၊ (ကိုအောင်ဇော်မိုး)၏ညီ၊ မဖြူဖြူဇော်၊ မမို့မို့ဇော်တို့၏အစ်ကို၊ ဒေါ်သင်းသင်းဦး၏ခင်ပွန်း၊ မဆုဝေယံ၊ မမိုးထက်ခင်၊ မဆုပိုင်ထက်တို့၏ဖခင်သည် ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၆ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ်၊ လမ်း၊ တံတား ဒါယိကာမကြီး

### ကျောင်းအုပ်ဆရာမကြီး

## ဒေါ်မြသီ (ငြိမ်း)

### (အမက-၁၂၊ တာမွေ)

### (ညောင်ပင်ဆိပ်-မော်လမြိုင်မြို့)

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၈နေ (ဦးငွေခင်-ဒေါ်အေးကြူ)တို့၏သမီး၊ ဦးဝင်းကြည်၏ဇနီး၊ ဦးဝင်းထင်-ဒေါ်သက်သက်ခိုင်၊ ဦးသောင်းစိုး-ဒေါ်သက်သက်နွယ်၊ ဦးပြည့်ဖြိုးအောင်-ဒေါ်ဇင်မာဦးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၈-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၆၊ မလွကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ် နေအိမ်နှင့် အမှတ် ၈၊ ဘုရင့်နောင်လမ်း၊ ဦးစံဖေရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေအိမ်တို့မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် တာမွေမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လေးတင့်(ခ) အနီမာ (သန်လျင်)

### လယ်ယာစိုက်ပျိုးရေး(ငြိမ်း) ကျုံကဒွန်းစိုက်ကွင်း၊ ဖျာပုံ

### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ် ၆နေ (ဦးလှမောင်-ဒေါ်တင်မိ)တို့၏သမီး၊ ဒေါ်ခင်ဝင်း(လယ်ပြ၊ငြိမ်း)၊ (ဦးအုန်းသိန်း-ဒေါ်ခင်မေချော)၊ (ဦးထွန်းဦး)-ဒေါ်ခင်ခင်ကြူ(ဒု/ညွှန်မှူး၊ရန်ကုန်တောင်ပိုင်းခရိုင်စီမံကိန်းဦးစီးရုံး)၊ ဦးမြင့်စိုး(လ/ထ တိုင်းဥပဒေအရာရှိ၊ ငြိမ်း)-ဒေါ်ငွေးငွေး၊ ဦးသန်းထွန်း (လ/ထ အင်ဂျင်နီယာ၊ တောင်းပိုင်ခရိုင်ဆောက်လုပ်ရေး၊ ငြိမ်း) - ဒေါ်လှလှမြင့် (မင်းဓာတ်ပုံတိုက်)တို့၏ညီမ၊ (ဦးတင်နွယ်)၊ ဦးမြင့်သန်း (လ/ထညွှန်မှူး၊ ကျန်းမာ/ပညာ၊ ငြိမ်း) - ဒေါ်မြင့်မြင့်ထွေး(ဆေးဘက် ကျွမ်းကျင်-၃၊ အထူးကုဆေးရုံ၊ သာကေတ)တို့၏အစ်မသည် ၁၈-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးစောလှရိန် (ငြိမ်း)

### အသက်(၆၉)နှစ်

မော်လမြိုင်၊ မုဒုံမြို့နေ(ဦးမွန်ထရန်-ဒေါ်အေးစိန်)တို့၏သား၊ မန္တလေးမြို့၊ မြစ်ငယ်မြို့နေ (ဦးငွေ-ဒေါ်ဝယ်)တို့၏သားသမက်၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကန်သာယာရပ်ကွက်နေ ဒေါ်လှဝင်း၏ခင်ပွန်းသည် ၁၈-၈-၂၀၁၆ရက် မွန်းလွဲ ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၆ရက်(သောကြာနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှရေထွက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြ (BA. BL. DMA) DGM (MEIC)

### အသက်(၉၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ TTC ရိပ်သာ၊ အမှတ် ၅၀၁/A နေ (ဦးဘသင်း-ဒေါ်ဒေါ်စော)တို့၏သမီး၊ (ဒေါ်မမကြီး)၊ (ဦးကိုကိုကြီး)-ဒေါ်လှလှတို့၏ညီမ၊ (ဦးမင်းသော်)-ဒေါ်ကြူကြူကို(ခေတ္တ-USA)၊ ဦးအောင်ချမ်း-ဒေါက်တာဖြူဖြူကို၊ ဦးဆန်နီကိုကိုကြီး-ဒေါ်ချယ်ရီကြိုင်တို့၏အဒေါ်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ပု အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ၁၄/၅ ရပ်ကွက်၊ အင်းဝလမ်းမကြီး၊ အမှတ် ၈၀နေ (ဦးသန်း)၏ဇနီး၊ (ဦးသန်းနိုင်)၊ (ဦးအောင်နိုင်)၊ ဦးမြင့်စိုး-ဒေါ်ရီရီသန်း၊ ဒေါ်ချိုချိုသန်း(Silver Moon Pre-School)၊ ဒေါ်ဝါဝါသန်း၊ ဒေါ်ဆွေဆွေသန်းတို့၏မိခင်၊ မအေးမို့မို့(အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်)၊ မောင်ပြည့်ဖြိုးထွန်း၊ မောင်ဝေဖြိုးသူတို့၏ဘွားဘွားကြီးသည် ၁၈-၈-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## မကောက်ကြီး(ခ) ဒေါ်အေးမြင့် (သရက်ကုန်း)

### အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သရက်ကုန်းကျေးရွာနေ (ဦးဘရှင်-ဒေါ်သောင်းတင်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် ၄လမ်း၊ အမှတ် ၃၆နေ (ဦးချစ်တင်-ဒေါ်ညို)တို့၏သမီးချွေးမ၊ဦးနိုင်ကြည်-ဒေါ်သန်းသန်းငွေး၊ ပဲခူးတိုင်းဒေသကြီး၊ အောင်နိုင်ကြီးကျေးရွာနေ ဒေါ်တင်မျိုးချိုတို့၏အစ်မ၊ ကိုစန်းဦး-မမိုးသီတာမြင့်၊ ကိုထွန်းထွန်း-မအေးမင်းမင်းမြတ်၊ မအေးမြမြမိုး၊ မောင်မောင်စည်သူထက်တို့၏မိခင်၊ မြေး လေးယောက်တို့၏အဘွား၊ သီရိမြိုင် ၄လမ်း၊အမှတ် ၁၀-A1 နေ (ဦးမောင်မောင်)၏ ဇနီးသည် ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် ၄လမ်း၊ အမှတ် ၁၀-A1 နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နီနီစံ (စစ်တွေ)

### ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး

### အသက်(၅၃)နှစ်

စစ်တွေမြို့၊ အမှတ် ၁၊ ဦးဥတ္တမလမ်း၊ မိဇံရပ်ကွက်နေ (ဦးသာဇံအောင်-ဒေါ်ပုမေ)တို့၏သမီး၊ (ဒေါ်ဦးမြခင်)၊ (ဒေါ်မမြခင်)၊ ဦးစန္ဒာဝရ(ရန်ကုန်)၏ညီမ၊ မအေးအေးမြင့်၊မလှလှမြင့်၊မခင်လှဇံတို့၏အစ်မ၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်သည် ၁၇-၈-၂၀၁၆ရက် မွန်းလွဲ ၁း၃၀နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဇာခြည်တင်

### Dip.T.Ed; B.A (History) Dip.in Global English

### အလက(၆)သဃ်္ဃန်းကျွန်း

### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့် ၆လမ်း၊ စက်မှု(၁)ဝန်ထမ်းအိမ်ရာနေ (ဦးဝင်းတင်)-ဒေါ်စန်းမြင့်တို့၏သမီး၊ [ဦးစန္ဒိမာ(ခ)ဦးဇော်လင်းဦး]၊ ဒေါ်ထားထားတင်၊ ဦးဟိဏ်းလတ်တို့၏ညီမသည် ၁၈-၈-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခိုင်သောင်း

### (ရွှေကျင်မြို့၊ ကွမ်းဆိပ်၊ သူရဲသမိန်)

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မဓုရာဇာလမ်း၊ အမှတ် ၂၁၁နေ(ဦးလှမောင်-ဒေါ်အုန်းစိန်)တို့၏သား၊ ဦးထွန်းကျင်-(ဒေါ်ကြည်)တို့၏သားသမက်၊ ကိုလှမိုး-မမီမီခင်၊ မောင်မောင်ခိုင်၊ ကိုဇော်ဇော်အောင်-မစုမွန်ကြည်တို့၏ဖခင်၊ ဒေါ်တင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၈-၈-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၁၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိန်တင်

### ၇၂-၇၇/ရူပဗေဒကျောင်းသား (မြို့မကျောင်းသားဟောင်း)

### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ ၁၈လမ်း၊ အမှတ် ၁၂၄၊ အခန်း ၂၀၂၊ ဒုတိယထပ်နေ(ဦးဝါပေါင်း-ဒေါ်မေငင်)တို့၏သား၊ (ဒေါ်စန်းစန်းမြင့်)၏ခင်ပွန်း၊ (ဒေါ်ထွေးကြည်)၊ (ဒေါ်ထွေးရီ)၊ ဒေါ်ခင်ခင်လေးတို့၏မောင်၊(ဦးဝင်းဆွေ)၊ ဦးမြင့်သိန်းတို့၏ညီ၊ ဦးစိန်ဝင်း၏အစ်ကို၊ ကိုဇော်ထိုက်၏ ဖခင်သည် ၁၇-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၆ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မောင်ဝင်းထွဋ်ဦး

### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ(၁)လမ်း၊ အမှတ် ၂၃၂နေ (ဦးကျော်မြင့်) - ဒေါ်ညွန့်ရီ၊ (ဦးမောင်မောင်-ဒေါ်ယဉ်ကြည်)တို့၏မြေး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အလောင်းဘုရားလမ်း၊ ဇုန်(၁)၊ ငါးခြောက်၊ငါးပိ၊ ငံပြာရည်ဇုန်၊ အမှတ် ၄၀၁နေ ဦးတင်ဝင်း-ဒေါ်မေမေပြုံးတို့၏သား၊မေသန္တာဦး၊ စိုင်းသက်ထွေး - မဇာခြည်ဝင်း၊ မေရတနာထွေးတို့၏အစ်ကို၊ မနှင့်အိ၏ခင်ပွန်း၊ မဆည်းလည်းဦး၊ မောင်နိုင်းထက်မာန်တို့၏ဖခင်သည် ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ဒဂုံဆိပ်ကမ်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီနှင့်ဝဇီရာနေအိမ်မှကားများ ညနေ ၃နာရီတို့တွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့) နံနက်တွင် ဒဂုံဆိပ်ကမ်းမြို့နယ်နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တပညာဝံသ

### သက်တော်(၉၀)၊ သိက္ခာတော်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်းရပ်ကွက်နေ (ခမည်းတော် ဦးဘသွင်-မယ်တော် ဒေါ်ပု)တို့၏သား၊ ဖြဟ္မစိုရ်လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးထွန်းရင်-(ဒေါ်သန်း)တို့၏နောင်တော်ကြီး ဘဒ္ဒန္တပညာဝံသသည် (၁၃၇၈ခုနှစ် ဝါခေါင်လဆန်း ၁၄ရက်) ၁၇-၈-၂၀၁၆ရက် ညနေ ၆း၄၀နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ စန္ဒာရုံကျောင်း၊ အမှတ်(၄)ဝိုင်း၌ ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၁း၃၀နာရီတွင် စန္ဒာရုံကျောင်းမှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမ

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဗိုလ်မှူးအင်ခွန်တန်(ငြိမ်း)၊ ကြည်း-၈၂၂၂

### အသက်(၈၈)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ သိန္နီလမ်း၊ အမှတ် ၄/၁၆/၁၅၀နေ (ဦးအင်ခွန်လဂျာ-ဒေါ်ပေါင်ဆာကော့)တို့၏သား၊ နမ့်ဖတ်ကာနေ (ဦးဖော်ဝုန်လွန်)-ဒေါ်ခန်းဒါလုတို့၏သားသမက်၊ မန္တလေးမြို့နေ ဒေါ်အင်ခွန်ဆိုင်းမိုင်-(ဦးသိန်းဇော်)၊ (ဦးအင်ခွန်ဂွမ်ဂျာဂမ်-ဆရာမလဖိုင်နန်ဂရောင်)၊ မန္တလေးမြို့နေ ဒေါ်အင်ခွန်ဆိုင်းတောင်-(ဦးဖော်ဂျေနော်လောတ်)၊ ဆရာမအင်ခွန်ရွှယ်ဂျား(UK)-ဆရာလန်းကျော်ဆောင်ချန်း၊ ဆရာမ အင်ခွန်ဂျာဘူတို့၏ဖခင်၊ (ဆရာမ ဖော်ဝုန်ကော့ဂျာ)၏ ချစ်လှစွာသောခင်ပွန်း၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုး/အဘေးသည် ၁၇-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် လားရှိုး ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (ဂါလိလဲ)၌ ဝတ်ပြုဆုတောင်းပြီး ကြာကန်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## (၁)လပြည့် အောက်မေ့သတိရခြင်း

## ဦးအောင်မြင့်

### ဓမ္မစရိယ၊ ဘီအေ၊ HGP (တိုင်းသာသနာရေးဦးစီးမှူး၊ ငြိမ်း)

### စာရေးဆရာ မောင်သိင်္ဂီ (ရွှေဘို)

### အသက်(၈၈)နှစ်

### (၁၉-၇-၂၀၁၆ရက်မှ ၁၉-၈-၂၀၁၆ရက်)

ဖခင်ကြီးအား ရည်စူး၍ မြတ်ပါရမီအသင်းသို့ ရန်ပုံငွေလှူဒါန်းခြင်း၊ မိုးကုတ် ဝိပဿနာတရားစခန်း အရဏ်မုန့်ဆွမ်းကပ်လှူခြင်း၊ ချမ်းသာသုခဘုံ ဆွမ်းလောင်းအသင်းသို့ အရုဏ်ဆွမ်းလောင်းလှူခြင်းနှင့် မန္တလေးမြို့၊ အမှတ်(2-A)၊ ၃၂လမ်း၊ ၆၅×၆၆လမ်းကြား နေအိမ်တွင် သံဃာတော်တို့အား ဆွမ်း၊ သင်္ကန်းနှင့် နဝကမ္မဝတ္ထုတို့ကို လှူဒါန်းကုသိုလ်ပြုသမျှကို အမျှ-အမျှ-အမျှ ပေးဝေပါသည်။ မြင့်မြတ်သောဘုံဌာနမှ သာဓု-သာဓု-သာဓု ခေါ်ဆိုနိုင်ပါစေ။

**ဇနီး** - **ဒေါ်နန်းရွှေရွှေ**
**သား/သမီးများ** - **ဦးမျိုးဝင်း-ဒေါက်တာစိုးမိုးအောင်(မန္တလေးပညာရေးကောလိပ်)**
- **ဦးအောင်ဇော်ဝင်း-ဒေါ်အေးမင်းသင်း (စီမံကိန်းရေးဆွဲရေး၊ နေပြည်တော်)**
- **ဦးဇော်ထွန်းအောင်-ဒေါ်မူမူ**
- **ဦးဝေလင်းထွန်း-ဒေါ်မီမီဦးခင်**
- **ဗိုလ်ကြီးစိုးလင်းအောင်-ဒေါ်ဝေဝေထွန်း (ဗဟိုစာရင်းအင်းအဖွဲ့၊ နေပြည်တော်)**

## ဦးထွန်းအေး

### အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်၊ အမှတ် ၂၃၅နေ ဒေါ်နွဲ့ရီ၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း(ရေ၊ ငြိမ်း)-ဒေါ်ဥမ္မာမြင့်၊ ဦးအောင်မိုးထွဋ်-ဒေါ်ရီရီမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးလှိုင်ငွေး (Sky Net)-ဒေါ်မေသက်ဟန်တို့၏ဖခင်၊ ဦးအောင်ကျော်ဝင်း-ဒေါ်ဆုဝေဖြိုး၊ မခင်ဆုဝေ၊ ဆုမြတ်သန္တာ၊ မောင်ဖွဲ့ထက်နိုင်၊ မောင်ဘုန်းမြတ်သော်တို့၏အဘိုးသည် ၁၇-၈-၂၀၁၆ရက် ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဇော်ဝင်း

### Rep: TOYO-MENKA, KAISHA,Ltd.

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာအေးရပ်ကွက်(၃)၊ အမှတ် (၁/၃) နေ (ဦးထွန်းရှိန်-ဒေါ်မြရီ)တို့၏သား၊ (ဦးအောင်သိန်း-ဒေါ်သန်း)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်(မကွေး)၊ ဒေါ်ခင်မိုး(ရန်ကုန်)တို့၏မောင်၊ (ဦးထင်ကျော်)-ဒေါ်လှရီတို့၏ညီ/မောင်၊ ဒေါ်ခင်ဖြိုး၊ ဦးစောလင်း(TOMEN-SHIMIZU)၊ တေးလုလင်-စောလင်း(တိုကျို) [ဂီတနည်းပြ]၊ မြသီလာဆရာစော(အင်္ဂလိပ်၊ ဂျပန်၊ ဂျာမန်ဘာသာနည်းပြ) ဘာသာပြန်အယ်ဒီတာဟောင်း (ကြေးမုံ)တို့၏အစ်ကို၊ ဦးဣန္ဒက(မကွေးတိုင်း၊ ချောက်မြို့နယ်၊ ကိုးဆူကျေးရွာကျောင်းတိုက်ဆရာတော်)၊ ဦးမျိုးဆွေ-ဒေါ်ရီရီမြင့်တို့၏အစ်ကိုကြီး၊ ကိုစိုးမင်းဇော်-မနွယ်စီဝင်း(Tour-Guide)တို့၏ဖခင်၊ ဒေါ်ပြုံး၏ချစ်လှစွာသောခင်ပွန်းသည် ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစန်းလွင်

### လမ်းဗိုလ်ကြီး၊ မြို့ပြအင်ဂျင်နီယာဌာန

### မြန်မာ့မီးရထား (ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း)

### အသက်(၅၅)နှစ်

မန္တလေးမြို့နေ (ဦးဘိုတင်)-ဒေါ်ခင်အေးတို့၏သား၊ မတ္တရာမြို့နေ ဦးအုန်းမောင်-(ဒေါ်ချို)တို့၏သားသမက်၊ မန္တလေးမြို့နေ (ဦးအောင်ဝင်း)၏ညီ၊ မတ္တရာမြို့နေ ဒေါ်တင်တင်မာ၊ ဦးနိုင်ဝင်း၊ ဒေါ်သက်သက်ခိုင်တို့၏အစ်ကို၊ ဒေါ်စန်းစန်းမော်(ခ)ဒေါ်မာမာတင်၏ခင်ပွန်း၊ ဒေါ်ဆွေဇင်မော်(ဦးစီးအရာရှိ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)၊ ဒေါ်ကေဇင်မော် (လက်ထောက်မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)၊ မောင်ပိုင်စိုးအောင်(တတိယနှစ်၊ အင်္ဂလိပ်စာ)တို့၏ ချစ်လှစွာသောဖခင်သည် ၁၆-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် တာဝန်ထမ်းဆောင်နေစဉ် ရုတ်တရက် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု



# နာဂဒေသအတွက် ပစ္စည်းများ ပေးပို့ထောက်ပံ့

**စန်းလွင်ဦး**

**ခန္တီး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်နှင့် ဒုံဟီးမြို့ ကျေးရွာအချို့တွင် အစုလိုက် ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးခဲ့ရသော မိသားစုများနှင့် ကျေးရွာများအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့ထောက်ပံ့သော ဆန်နှင့် အဝတ်အထည်များကို ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီက ရေလမ်းကြောင်းမှ မာလာဝင်းကုန်တင်အမြန်ရေယာဉ်ဖြင့် ခန္တီးမြို့နယ် ဆင်သေဆိပ်ကမ်းသို့ ဆိုက်ရောက်လာပြီး ရန်ကုန်မြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ပေးပို့ထောက်ပံ့သော စားသုံးကုန်ပစ္စည်းများအား တပ်မတော်ရဟတ်ယာဉ်များဖြင့် ရန်ကုန်မှ ဟုမ္မလင်း၊ ဟုမ္မလင်းမှ ခန္တီးမြို့တပ်မတော်ရဟတ်ယာဉ်ကွင်းသို့ ဩဂုတ် ၁၈ ရက် ညနေပိုင်းက ရောက်ရှိလာကြသည်။

အဆိုပါ နာဂဒေသမှ ကျေးရွာများသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်အိတ် ၁၀၀ နှင့် အဝတ်အထည် ၇၀၀ ပါ ပါကင်ထုပ် ၁၀ ထုပ်နှင့် ရန်ကုန်မြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဒုတိယအကြိမ် ဆန်အိတ် ၁၀၄ အိတ်၊ ပဲအိတ် ၂၀၊ ၁၀ ပိဿာဝင် စားဆီပုံး ၂၀၊ ဘူးတစ်ရာပါ ငါးသေတ္တာ ၃၃ ဖာ၊ ခြင်ထောင် အလုံး ၅၀၀ နှင့် ဆားကြမ်း သုံးအိတ်တို့ဖြစ်ကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ခန္တီးမြို့နယ် သဘာဝဘေး ကယ်ဆယ်ရေးအတွက် အသုံးပြုရန် ရေပုံး(အကြီး)အလုံး ၃၀၀၊ ရေပုံး(အသေးအလုံး ၃၀၀၊ ရေဖလားခွက် ၃၀၀ နှင့် အသုံးအဆောင်ပစ္စည်းငါးမျိုးပါ Kit Box ဘူး ၃၀၀ တို့ကို ရေလမ်းကြောင်းမှ မာလာဝင်းကုန်တင်အမြန်ရေယာဉ်ဖြင့် ပေးပို့ထောက်ပံ့ခဲ့ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ပြောပြချက်အရ သိရသည်။

## သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

## ဒါးကချောင်းရေ တက်မှုကြောင့် ကျုံပျော်မြို့နယ်၌ ကျောင်း ၆၄ ကျောင်း ပိတ်ထားရ

**ကျုံပျော် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒါးကချောင်းရေများ ဝင်ရောက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာ ၇၄ ရွာ၊ လယ်ယာ ၁၄၇၄၇ ဧကတို့၌ ရေများ ဝင်ရောက်လျက်ရှိပြီး ဩဂုတ် ၁၈ ရက်အထိ စာသင်ကျောင်း ၆၄ ကျောင်း ခေတ္တပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ရေများဝင်ရောက်လာမှုကြောင့် ကျောင်းပိတ်ခြင်းကို ဩဂုတ် ၈ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ရေကျဆင်းခြင်းမရှိသောကြောင့် ကျောင်းများပြန်ဖွင့်နိုင်ခြင်း မရှိသေးဘဲ ရေကျဆင်းမှုအပေါ်မူတည်၍ ကျောင်းပြန်ဖွင့်ခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# မန္တလေး - လားရှိုး ရထားလမ်းရှိ သိုးခြံဘူတာအနီး တံတားတိုင်ရေတိုက်စား၍ ပြိုလဲ

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး ဩဂုတ် ၁၈**

မန္တလေး-လားရှိုး ရထားလမ်း မန္တလေး-ပြင်ဦးလွင် လမ်းပိုင်းရှိ သိုးခြံဘူတာနှင့် ထုံးဘိုဘူတာကြားတွင် အရှည် ပေ ၅၀ ရှိ တံတားတစ်စင်း ဩဂုတ် ၁၇ ရက် ညနေ ၄ နာရီခွဲက ရေတိုက်စားမှုကြောင့် ပြိုလဲသွားကြောင်း သိရသည်။

"ရေတိုက်စားလို့ တံတားရေလယ်တိုင် အမှတ်(၁) ပြိုလဲသွားတာပါ။ မီးရထားအင်ဂျင်နီယာဌာနက ဖြစ်ဖြစ်ချင်း ညနေကပဲ ပြန်လည်ပြုပြင်နေပါတယ်။ တစ်ပတ်လောက်တော့ ကြာမှာပါ။ ဒါပေမယ့် မန္တလေး-လားရှိုး ခရီးစဉ်ကိုတော့ နေ့စဉ်မပျက် ပြေးဆွဲပေးမှာပါ"ဟု မြန်မာ့မီးရထားဌာန လက်ထောက်အထွေထွေမန်နေဂျာ ဦးတင့်ဝေက ပြောသည်။

ထိုသို့ တံတားပြိုလဲမှုကြောင့် လားရှိုးမှ မန္တလေးသို့ ထွက်လာသည့် အမှတ်(၁၃၂)အစုန် လားရှိုး-မန္တလေး ရထားသည် ယင်းတံတားအနီးသို့ ထိုနေ့ည ၁၀ နာရီက ရောက်ရှိလာရာ ရထားပေါ်လိုက်ပါလာသည့် ခရီးသည် ၄၇ ဦးအား ရထားရဲတပ်ဖွဲ့ အမှတ်(၄) တပ်ခွဲ(မန္တလေး)မှ

*စာမျက်နှာ ၉ ကော်လံ ၁* ❍



